# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်နေ့ | ၂၀၁၈ ခုနှစ်၊ မတ် ၃၁ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၁၈၂)


### ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ - ၅)**

# ပြည်သူများလိုလားနေတဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်မည်

နေပြည်တော် မတ် ၃၀

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြည်ထောင်စုလွှတ်တော်တွင်ပြုလုပ်သည့် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

**လေးစားအပ်ပါသော ပြည်ထောင်စုလွှတ်တော် နာယကကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ တက်ရောက်လာကြသော ဂုဏ်သရေရှိ ဧည့်သည်တော်များနဲ့ နိုင်ငံသူ နိုင်ငံသားများအားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျား၊**

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ပေးကြတဲ့ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များနဲ့ ဝိုင်းဝန်းအားပေးကြတဲ့ မိဘပြည်သူများအားလည်းကောင်း၊ ဒီကနေ့ ပြည်ထောင်စုလွှတ်တော်ကြီးမှာ နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုခဲ့ရပြီးနောက် ခုလို မိန့်ခွန်းပြောကြားခွင့်ရရှိတဲ့အတွက်လည်းကောင်း ကျေးဇူးဥပကာရ အထူးပဲတင်ရှိပါကြောင်း ဦးစွာပဏာမ ပြောကြားလိုပါတယ်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသားများခင်ဗျား-**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အပေါ်မှာ ယုံကြည်စွာနဲ့ ထောက်ခံမှုပေးအပ်ခဲ့ကြတဲ့ နိုင်ငံတစ်ဝန်းလုံးက ပြည်သူတွေအားလုံးကို အလေးအမြတ် ပြုလျက် ကျွန်တော့်အနေနဲ့ ထမ်းဆောင်ရမယ့် တာဝန်တွေကို တော်တည့်မှန်ကန် လေးနက်တည်ကြည်စွာနဲ့ ထမ်းရွက်သွားမှာ ဖြစ်ပါတယ်။

ဒီကနေ့ ကျွန်တော်တို့နိုင်ငံဟာ အဘက်ဘက်မှာ လိုအပ်ချက်တွေနဲ့ ဆင်းရဲနွမ်းပါးဆဲဖြစ်တာကြောင့် နေရာ၊ ကဏ္ဍအသီးသီးမှာ အများကြီး ဆက်လက်ရုန်းကန်ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ နိုင်ငံတကာမျက်နှာစာမှာလည်း ဖိအားပေးမှုတွေ၊ ဝေဖန်မှုတွေနဲ့ အထင်အမြင်လွဲမှားနေတာတွေလည်း ရင်ဆိုင်နေရပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ ကျွန်တော်တို့ပြည်သူတွေ ဒီကနေ့ တွေ့ကြုံရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကလည်း မနည်းလှပါဘူး။ အရာရာတိုင်းကို လွယ်လင့်တကူ ဖြေရှင်းနိုင်မှာမဟုတ်ပေမယ့်လည်း ကျွန်တော်တို့အနေနဲ့ အစွမ်းကုန်ကြိုးပမ်းအားထုတ်ပြီး ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။

*စာမျက်နှာ ၃ ကော်လံ ၁* ●

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ကျင်းပပြီးစီး

## နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းကို အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့

**နေပြည်တော် မတ် ၃၀**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၆၅၅ ဦးအနက် ၆၂၆ ဦး တက်ရောက်ပြီး ၂၉ ဦး ခွင့်တိုင်ကြားသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဦးဝင်းမြင့်၊ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူများဖြစ်ကြသည့် ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူတို့က ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်း၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မိန့်ခွန်းပြောကြားသည်။ **(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ မိန့်ခွန်းကို စာမျက်နှာ ၁ နှင့် ၃ တွင် ဖော်ပြထားပါသည်။)**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ မိန့်ခွန်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက ကြေညာသည်။

ယင်းနောက် **အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား ပြည်ထောင်စုလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က ကြေညာသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❖



**နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဦးဝင်းမြင့်၊ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူများဖြစ်ကြသည့် ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူတို့က ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြစဉ်။** သတင်းစဉ်


ပြည်ထောင်စုအစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်း စာ » ၆

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ပြင်ဆင်ဖွဲ့စည်း စာ » ၆

ဘဏ္ဍာရေးကော်မရှင် ပြင်ဆင်ဖွဲ့စည်း စာ » ၆



ရွှေလမင်းဆေးရုံ Delivery Package (မြန်မာနှစ်သစ်ကူးအထူးဈေးနှုန်းများ)

(အသေးစိတ်သိရှိလိုပါက - ဖုန်း-09-456677987 ကိုဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ အမှတ်-၁၅/၁၉၊ ဇော်ဂျီလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ Hot Line: 01-2301949)

Normal Labour (ရိုးရိုးမွေးဖွားခြင်း) (2 Nights 3 Days)
Silver Package - 420,000 ks
Gold Package - 460,000 ks
Diamond Package - 500,000 ks

Painless (နာကျင်မှုသက်သာစွာ မွေးဖွားခြင်း) (2 Nights 3 Days)
Silver Package - 520,000 ks
Gold Package - 560,000 ks
Diamond Package - 600,000 ks

LSCS (ခွဲစိတ်မွေးဖွားခြင်း) (4 Nights 5 Days)
Silver Package - 620,000 ks
Gold Package - 660,000 ks
Diamond Package - 750,000 ks

ရွှေလမင်းဆေးရုံ(လမ်းမတော်)တွင် မွေးဖွားခြင်းများအတွက် Package များစီစဉ်ပေးထားပါသည်။ Package ထဲတွင် ဆေးရုံတက်စဉ်အခန်းခများ၊ မွေးခန်းခ/ခွဲခန်းခများ မိခင်နှင့် ကလေးအတွက် သွေးစစ်ဆေးမှုများ ဆေးဖိုးများ ကာကွယ်ဆေးထိုးခြင်းများပါဝင်ပါသည်။ Package မယူသူများအတွက်လည်း အဆင်ပြေအောင် ဝန်ဆောင်မှုများ ပေးနေပါသည်။

*(30.4.18 ရက်နေ့အထိ)*

မြန်မာ့အလင်း

# ကဏ္ဍအသီးသီးမှာ တာဝန်ကျေပွန်

ပြည်သူတွေ မြင်ချင်တွေ့ချင်တဲ့ အပြောင်းအလဲတွေကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်အောင် ပြည်သူတွေနဲ့အတူ မမိုတ်မသုန်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ပြည်ထောင်စုလွှတ်တော်တွင် မတ် ၃၀ ရက်က ပြုလုပ်သည့် ကတိသစ္စာပြုပွဲအခမ်းအနား၌ အလေးအနက် ပြောကြားသွားခဲ့ပြီဖြစ်သည်။

မိမိတို့နိုင်ငံနှင့် ပြည်သူများ ရင်ဆိုင်တွေ့ကြုံနေကြရသည့် စိန်ခေါ်မှုများ၊ အခက်အခဲများကိုလည်း လွယ်လင့်တကူ ဖြေရှင်းနိုင်မည် မဟုတ်သည့်တိုင် အစွမ်းကုန်ကြိုးပမ်းအားထုတ်ကာ ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ဦးစားပေးရည်မှန်းချက်ပန်းတိုင်များဖြစ်သည့်-

(၁) တရားဥပဒေစိုးမိုးရေးနှင့်ပြည်သူများ၏ လူမှု-စီးပွားဘဝ တိုးတက်မြင့်မားရေး၊

(၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး

တို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းကိုလည်း မိန့်ခွန်း၌ တိကျရှင်းလင်းစွာ ချပြသွားခဲ့ရာ မိမိတို့ နိုင်ငံနှင့်ပြည်သူများ၏ ပစ္စုပ္ပန်ကာလ ပကတိဘဝလိုအပ်ချက်များနှင့်အညီပင် ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

ထို့အပြင် မျက်မှောက်ကာလသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ၏ အစသာရှိသေးကြောင်း ညွှန်ပြကာ ဤပြောင်းလဲမှုဖြစ်စဉ်ကြီး အောင်မြင်ချောမွေ့စေရေးအတွက် ပြည်သူပြည်သားများနှင့် နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများအားလုံး၏ ပုံစံကျနေသည့် အတွေးအမြင်များ၊ ပုံသေကားကျ အလေ့အထများအားလုံးကို ပြုပြင်ပြောင်းလဲပေးကြရန် အထူးလိုအပ်လှကြောင်း နိုင်ငံတော်သမ္မတက တိုက်တွန်းနှိုးဆော်ခဲ့ရာ ပြည်သူများ မြင်ချင်တွေ့ချင်သည့် အပြောင်းအလဲများအတွက် အခြေခံအကျဆုံး၊ အဓိကအကျဆုံးအချက်များပင်ဖြစ်ပြီး တညီတညွတ်တည်း လိုက်ပါပြုပြင်ပြောင်းလဲခြင်းအားဖြင့် နိုင်ငံအတွက် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်တစ်ရပ်ကိုပါ ဖြစ်ထွန်းလာစေမည်ဖြစ်သည်။

"ပြုပြင်ပြောင်းလဲမှု နှောင့်နှေးနေတဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းများကို ကြပ်မတ်ရပါလိမ့်မယ်။ ယိမ်းယိုင်နေတဲ့ တရားစီရင်ရေးကို တည့်မတ်ရပါလိမ့်မယ်။ အဂတိလိုက်စားမှုကို ပိုမိုတိုက်ဖျက်ရပါလိမ့်မယ်။ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများကို မြှင့်တင်ကာကွယ်ရပါလိမ့်မယ်။ မူးယစ်ဆေးဝါးကို ပိုမိုနှိမ်နင်းရပါလိမ့်မယ်။ ပြည်သူ့ဘဏ္ဍာငွေများ အလေအလွင့်ဆုံးရှုံးမှုမရှိစေရန် စီမံခန့်ခွဲရပါလိမ့်မယ်။ ဥပဒေမဲ့သိမ်းဆည်းခံရတဲ့ လယ်ယာမြေများ ပြန်လည်ရရှိရေး၊ လျော်ကြေး၊ နစ်နာကြေးရရှိရေးကို ဥပဒေနဲ့အညီ ဆောင်ရွက်ရပါလိမ့်မယ်။ တောင်သူလယ်သမားများရဲ့ လူနေမှုဘဝမြင့်မားတိုးတက်ရေး၊ အလုပ်သမားများရဲ့ဘဝ သာယာစိုပြည်ရေး၊ ကျောင်းသားလူငယ်များ အဆင့်မြင့်ပညာရပ်များ ဆည်းပူးခွင့်ရရှိရေး စသည်တို့ကို ဖော်ဆောင်ရပါလိမ့်မယ်" ဟူ၍လည်း နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မိန့်ခွန်းတွင် တိကျရှင်းလင်းပြတ်သားစွာ ထည့်သွင်းပြောကြားသွားခဲ့ရာ ပြုပြင်ပြောင်းလဲမှုများသည် ကဏ္ဍအသီးသီးတို့တွင် မြန်မြန်ဆန်ဆန် ဖြစ်ပေါ်လာမည်ဟု ခိုင်မာစွာ ယုံကြည်မိသည်။

အနှစ်ချုပ်အားဖြင့်ဆိုရပါက နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ မိန့်ခွန်းသည် ယနေ့နိုင်ငံတော်၏ ပကတိအခြေအနေနှင့် ပြည်သူတို့၏ မျှော်လင့်ချက်ဆန္ဒများကို အရှိအတိုင်းသိနားလည်စွာ ထင်ဟပ်ဖော်ပြထားသကဲ့သို့ အစိုးရအဖွဲ့၏ ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို တိကျရှင်းလင်းစွာ ဖော်ပြထားခြင်းပင်ဖြစ်သည်။ အဓိကလိုအပ်ချက်မှာမူ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ် တစ်နည်းအားဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ၌ လိုက်ပါဆောင်ရွက်သူများအားလုံး၊ နိုင်ငံသူ နိုင်ငံသားအားလုံးက ကျရာကဏ္ဍအသီးသီးမှ တာဝန်ကျေပွန်ကြရေးပင်ဖြစ်ပါကြောင်း။ ။

## ဗမာစာရိယစာမေးပွဲ နဝမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ တတိယနေ့ ကျင်းပ

**နေပြည်တော် မတ် ၃၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ် ကျင်းပပြုလုပ်သော ၂၀၁၈ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၂ ဌာနတို့၌ (နဝမနေ့)အဖြစ် လည်းကောင်း၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၃ နာရီအထိ ပါဠိပထမပြန်စာမေးပွဲကို နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာဖြေဌာန ၂၄၂ ဌာနတို့၌ (တတိယနေ့)အဖြစ် လည်းကောင်း ဖြေဆိုကြသည်။

ဓမ္မာစရိယ နဝမနေ့ကို စာရင်းသွင်းသံဃာနှင့်သီလရှင် စုစုပေါင်း စာရင်းသွင်း ၂၉၈ ပါးအနက် ၁၆၂ ပါး ဖြေဆိုကြသဖြင့် ၅၄ ဒသမ ၃၆ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလ) တတိယနေ့ကို စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်း ၅၇၄၉၇ ပါး အနက် ၄၇၃၈၅ ပါး ဖြေဆိုကြပြီး ၈၂ ဒသမ ၄၁ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## မြောက်ဥက္ကလာပမြို့နယ်၌ ဒုတိယအကြိမ်မြောက် ပြည်သူ့စကားဝိုင်းပြုလုပ်မည်

**ရန်ကုန် မတ် ၃၀**

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်တွင် ပြည်သူ့စကားဝိုင်း (Public Talk) ကို ဧပြီ ၃ ရက် ညနေ ၆ နာရီမှ ၈ နာရီထိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးရှေ့ ခြံဝင်း၌ ပြုလုပ်မည်ဖြစ်သည်။

အဆိုပါ ပြည်သူ့စကားဝိုင်းတွင် မြောက်ဥက္ကလာပမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ သန်းဝင်း၊ စာရေးဆရာ ထင်လင်းဦး၊ စာရေးဆရာပဥ္စမံဒီရိုင်းတို့က **"လူငယ်နှင့် အနာဂတ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးမည် ဖြစ်ကြောင်း၊ Moderator အဖြစ် လူငယ်စာရေးဆရာ အလင်းဆက်က ဆောင်ရွက်မည်ဖြစ်ရာ စိတ်ဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

**ရန်ကုန် မတ် ၃၀**

တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့်အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ၊ မကာအိုအထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူးဟောင်း Mr. Edmund Ho Hau Wah ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်မှတစ်ဆင့် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

ဧည့်သည်တော် ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၃ နာရီခွဲတွင် ရန်ကုန်မြို့ Pan Pacific Yangon ဟိုတယ် Jade ခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် မကာအိုနှင့် ရန်ကုန်မြို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး နှစ်စဉ်ဖိုရမ်တစ်ခု ကျင်းပရန် လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍဆိုင်ရာများကို ဆွေးနွေးကြသည်။

ယင်းနောက် ဧည့်သည်တော် ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ Strand ဟိုတယ်၌ ကျင်းပသည့် Macao Orchestra in Myanmar ဂီတ ဖျော်ဖြေပွဲသို့ တက်ရောက်ကြည့်ရှုအားပေးကာ ဖျော်ဖြေပွဲအပြီးတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်၊ မကာအိုသံစုံတီးဝိုင်းအဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ညပိုင်းတွင် ဧည့်သည်တော် ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ Melia ဟိုတယ်၌ကျင်းပသည့် Macao & Myanmar Tourism Development and Trade Investment Seminar အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်သည်။

**သတင်းစဉ်**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၃၀-၃-၂၀၁၈

ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၃၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၈၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၈၀၅/၈၂၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၀/၇၉၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၀/၈၄၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၁၅/၈၄၀ ကျပ် | (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၅ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၂ ·၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၈ ·၀ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၅၄ ·၃ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၇ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၅ |
| တရုတ် | တစ်ယွမ် | ၂၁၂ ·၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၅ ·၅ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ကိုယ်ရေးအကျဉ်း




| | |
|---|---|
| အမည် | ဦးဝင်းမြင့် |
| မွေးသက္ကရာဇ် | ၈-၁၁-၁၉၅၁ |
| လူမျိုး/ဘာသာ | ဗမာ၊ ဗုဒ္ဓ |
| ယခင်အလုပ်အကိုင် | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ |
| ပညာအရည်အချင်း | B.Sc(Geology),H.G.P,R.L |
| ရွေးကောက်ခံရသည့်လွှတ်တော် | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် |
| ပါတီအမည် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| အဖအမည် | ဦးထွန်းကြင် |
| လွှတ်တော်အမတ်အဖြစ် စတင်ထမ်းဆောင်သည့်နေ့ရက် | ၁-၁-၂၀၁၆ |
| လိပ်စာ | အမှတ်(၃၄/၆လွှာ)၊ မဂ္ဂင်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်။ |
| ကိုယ်ရေးအကျဉ်း | ဓနုဖြူ မြို့နယ်၊ ညောင်ချောင်းကျေးရွာ မူလတန်း ကျောင်း၊ ဓနုဖြူမြို့အထက်တန်းကျောင်း၊ ပုသိမ်မြို့အမှတ်(၆) အထက်တန်းကျောင်းတို့တွင် အခြေခံပညာသင်ယူခဲ့ပြီး ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၌ ဆက်လက်ပညာသင်ယူခဲ့ရာ B.Sc ဘွဲ့ကို ရရှိခဲ့ပါသည်။ ထို့အပြင် H.G.P,R.L များကို ထပ်မံရရှိခဲ့ပါသည်။ အမှတ်-ခ/၇၊ ကုသိနာရုံရပ်ကွက်၊ ပုသိမ်မြို့ ဧရာဝတီတိုင်းဒေသကြီးနှင့် အမှတ်-၁၄၊ မဟာဗန္ဓုလလမ်း၊ (၉)ရပ်ကွက်၊ ဓနုဖြူမြို့ ဧရာဝတီတိုင်းဒေသကြီးတို့တွင် အထက်တန်းရှေ့နေ၊ တရားလွှတ်တော်ရှေ့နေတာဝန်များ ထမ်းဆောင်ခဲ့ပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ဓနုဖြူမြို့နယ် စည်းရုံးရေးအဖွဲ့အတွင်းရေးမှူး၊ ဧရာဝတီတိုင်း စည်းရုံးရေးအဖွဲ့အတွင်းရေးမှူး၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်တို့အဖြစ် ဆောင်ရွက်ခဲ့ပါသည်။ |

# ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားနိုင်မှ တခြားသူတွေကိုလည်း တန်ဖိုးထားနိုင်မယ်

**ကိုယ့်ကိုယ်ကိုယ်တန်ဖိုးထားဖို့က အဓိကပါ၊ ကိုယ့်ကိုယ်ကိုယ်တန်ဖိုးထားနိုင်မှ တခြားသူတွေကိုလည်း တန်ဖိုးထားနိုင်မှာ။ ကိုယ့်ကိုယ်ကိုယ်တန်ဖိုးထားပြီးတော့ ကိုယ့်ပညာကို တန်ဖိုးထားနိုင်မှ ကိုယ့်ရဲ့ပတ်ဝန်းကျင်ကို တန်ဖိုးထားနိုင်မှာ၊ ကိုယ့်ပတ်ဝန်းကျင်ကလည်း ကိုယ့်ကိုတန်ဖိုးထားနိုင်မှာ။ ကျွန်မတို့အားလုံးဟာ ကိုယ့်ရဲ့ပတ်ဝန်းကျင်၊ ကိုယ့်ရဲ့မိခင်ကြီးသဖွယ်ဖြစ်တဲ့ ကိုယ့်ရဲ့နိုင်ငံတော်ကို တန်ဖိုးထားမယ်ဆိုရင် ကျွန်မတို့နိုင်ငံဟာ ဘယ်လိုစိန်ခေါ်မှုတွေနဲ့ပဲ ရင်ဆိုင်ရ၊ ရင်ဆိုင်ရ၊ ဘယ်လိုအခက်အခဲတွေပဲ ကျော်လွှားရ၊ ကျော်လွှားရ၊ အားလုံး တညီတညွတ်တည်း ဇွဲနဲ့ သတ္တိနဲ့ အမှန်တရားပေါ်မှာ ရပ်တည်ပြီးတော့ တိုးတက်နိုင်မယ်၊ အောင်မြင်နိုင်မယ်လို့ ကျွန်မတို့ ယုံကြည်ပါတယ်။**

(၂၃-၃-၂၀၁၈ ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပသည့် ၂၀၁၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်သည့် အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

● *ရှေ့ဖုံးမှ*

**နိုင်ငံသူ၊ နိုင်ငံသားများခင်ဗျား-**

ကျွန်တော့်အနေနဲ့ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ဦးစားပေး ရည်မှန်းချက်ပန်းတိုင်တွေဖြစ်တဲ့-

(၁) တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူများရဲ့ လူမှု-စီးပွားဘဝ တိုးတက်မြင့်မားရေး၊

(၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး

တို့ကို ဦးတည်ကြိုးပမ်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဒါ့အပြင် ဒီနေ့ ဒီအချိန်အခါဟာ ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ခေတ်ပြောင်း စနစ်ပြောင်းကာလ ဖြစ်ပါတယ်။ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလရဲ့ အစပဲရှိပါသေးတယ်။ ဒီပြောင်းလဲမှုဖြစ်စဉ်ကြီး အောင်မြင်ချောမွေ့စေရန် ပြည်သူ၊ ပြည်သားများနဲ့ နိုင်ငံ့ ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများအားလုံးရဲ့ပုံစံကျနေတဲ့ အတွေးအမြင်တွေ၊ ပုံသေကားချပ်အလေ့အထတွေအားလုံးကို ပြုပြင်ပြောင်းလဲပေးကြရန် အထူးလိုအပ်လှပါတယ်။ ပြုပြင်ပြောင်းလဲမှု နှောင့်နှေးနေတဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းများကို ကြပ်မတ်ရပါလိမ့်မယ်။ ယိမ်းယိုင်နေတဲ့ တရားစီရင်ရေးကို တည့်မတ်ရပါလိမ့်မယ်။ အဂတိလိုက်စားမှုကို ပိုမိုတိုက်ဖျက်ရပါလိမ့်မယ်။ လူ့အခွင့်အရေး ချိုးဖောက်ခံရခြင်းများကို မြှင့်တင်ကာကွယ်ရပါလိမ့်မယ်။ မူးယစ်ဆေးဝါးကို ပိုမိုနှိမ်နင်းရပါလိမ့်မယ်။ ပြည်သူ့ဘဏ္ဍာငွေများ အလေအလွင့်ဆုံးရှုံးမှုမရှိစေရန် စီမံခန့်ခွဲရပါလိမ့်မယ်။ ဥပဒေမဲ့သိမ်းဆည်းခံခဲ့ရတဲ့ လယ်ယာမြေများ ပြန်လည်ရရှိရေး၊ လျော်ကြေး၊ နစ်နာကြေး ရရှိရေးကို ဥပဒေနဲ့အညီ ဆောင်ရွက်ရပါလိမ့်မယ်။ တောင်သူလယ်သမားများရဲ့ လူနေမှုဘဝ မြင့်မားတိုးတက်ရေး၊ အလုပ်သမားများရဲ့ ဘဝသာယာစိုပြည်ရေး၊ ကျောင်းသားလူငယ်များ အဆင့်မြင့်ပညာရပ်များ ဆည်းပူးခွင့်ရရှိရေး စသည်တို့ကို ဖော်ဆောင်ရပါလိမ့်မယ်။**

**နိုင်ငံသူ၊ နိုင်ငံသားများခင်ဗျား-**

ကျွန်တော်တို့အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားတဲ့ အခွင့်အာဏာကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးနေကြတဲ့ မဏ္ဍိုင်ကြီးသုံးရပ်အကြားမှာ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်ယုံကြည်မှုတွေနဲ့ ပြည်သူတွေ အကျိုးအတွက် ပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ဒါ့အပြင် ပြည်သူတွေရဲ့ နားတွေ၊ မျက်စိတွေဖြစ်တဲ့ သတင်းမီဒီယာတွေရဲ့အခန်းကဏ္ဍကို အလေးအနက်ထားကြဖို့၊ ကျွန်တော်တို့ အလုပ်အကျွေးပြုရမယ့် နိုင်ငံသူ နိုင်ငံသားတွေရဲ့ပြည်သူ့မဏ္ဍိုင်ကို အလေးအမြတ်ပြုကြဖို့ တစ်ဆက်တည်းမှာပဲ တိုက်တွန်းပြောကြားလိုပါတယ်။

ကျွန်တော်တို့ရဲ့ နိုင်ငံသူ နိုင်ငံသားတွေ မျှော်လင့်တောင့်တနေတဲ့ လိုအင်ဆန္ဒတွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ဖို့ မဏ္ဍိုင်ကြီးတွေအလိုက် ကျွန်တော်တို့အားလုံး ဆတက်ထမ်းပိုး ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မိန့်ခွန်းပြောကြားစဉ်။

အလားတူ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့အလယ်မှာ ကျွန်တော်တို့နိုင်ငံရဲ့ ပုံရိပ် ပြန်လည်တောက်ပ မြင့်မားလာအောင်၊ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ ဂုဏ်သိက္ခာပို၍မြင့်တက်လာအောင် ကျွန်တော်တို့အားလုံး ဆက်လက်ပြီး ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ ကြိုးနီစနစ်တွေ၊ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွင်း လှိုက်စားနေတဲ့ အဂတိလိုက်စားမှုတွေကို စနစ်တကျ တိုက်ဖျက်သွားပြီး ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ကျွန်တော်တို့ တွေ့ကြုံခဲ့ရတဲ့ အတိတ်က အဖြစ်အပျက်တွေ၊ ကျော်လွှားဖြတ်သန်းခဲ့ရတဲ့ အကျပ်အတည်းတွေ၊ ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲတွေကို သင်ခန်းစာယူပြီး ပစ္စုပ္ပန်နဲ့ အနာဂတ်အတွက် မိဘပြည်သူများ လိုလားတောင့်တနေတဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို မျက်ခြည်ပြတ်မခံဘဲ အဂတိတရားကင်းရှင်းစွာဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပါတယ်။

**နိုင်ငံသူ၊ နိုင်ငံသားများခင်ဗျား-**

နိဂုံးချုပ်အနေနဲ့ ကျွန်တော့်အနေနဲ့ ပြည်သူတွေ မြင်ချင်တွေ့ချင်တဲ့ အပြောင်းအလဲတွေကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်အောင် ကျွန်တော်တို့ရဲ့ ပြည်သူတွေနဲ့အတူ မမှိတ်မသုန် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း အလေးအနက်ကတိပြုပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

❐ ဒါ့အပြင် ဒီနေ့ ဒီအချိန်အခါဟာ ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ခေတ်ပြောင်း စနစ်ပြောင်းကာလ ဖြစ်ပါတယ်။ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလရဲ့ အစပဲရှိပါသေးတယ်။ ဒီပြောင်းလဲမှုဖြစ်စဉ်ကြီး အောင်မြင်ချောမွေ့စေရန် ပြည်သူ၊ ပြည်သားများနဲ့ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများအားလုံးရဲ့ ပုံစံကျနေတဲ့ အတွေးအမြင်တွေ၊ ပုံသေကားချပ် အလေ့အထတွေအားလုံးကို ပြုပြင်ပြောင်းလဲပေးကြရန် အထူးလိုအပ်လှပါတယ်။ ပြုပြင်ပြောင်းလဲမှု နှောင့်နှေးနေတဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းများကို ကြပ်မတ်ရပါလိမ့်မယ်။ ယိမ်းယိုင်နေတဲ့ တရားစီရင်ရေးကို တည့်မတ်ရပါလိမ့်မယ်။ အဂတိလိုက်စားမှုကို ပိုမိုတိုက်ဖျက်ရပါလိမ့်မယ်။ လူ့အခွင့်အရေး ချိုးဖောက်ခံရခြင်းများကို မြှင့်တင်ကာကွယ်ရပါလိမ့်မယ်။ မူးယစ်ဆေးဝါးကို ပိုမိုနှိမ်နင်းရပါလိမ့်မယ်။ ပြည်သူ့ဘဏ္ဍာငွေများ အလေအလွင့်ဆုံးရှုံးမှုမရှိစေရန် စီမံခန့်ခွဲရပါလိမ့်မယ်။ ဥပဒေမဲ့ သိမ်းဆည်းခံခဲ့ရတဲ့ လယ်ယာမြေများ ပြန်လည်ရရှိရေး၊ လျော်ကြေး၊ နစ်နာကြေးရရှိရေးကို ဥပဒေနဲ့အညီ ဆောင်ရွက်ရပါလိမ့်မယ်။ တောင်သူလယ်သမားများရဲ့ လူနေမှုဘဝမြင့်မားတိုးတက်ရေး၊ အလုပ်သမားများရဲ့ဘဝ သာယာစိုပြည်ရေး၊ ကျောင်းသားလူငယ်များ အဆင့်မြင့်ပညာရပ်များ ဆည်းပူးခွင့်ရရှိရေး စသည်တို့ကို ဖော်ဆောင်ရပါလိမ့်မယ်။

❖ *ရှေ့ဖုံးမှ*

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က ဒုတိယအကြိမ် ပြည်ထောင်စု လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များ အပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ရှင်းလင်းတင်ပြသည်။

**အတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့**

ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ယခုကျင်းပသည့် အစည်းအဝေးကာလအတွင်း လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သော ဥပဒေပြုရေးအပိုင်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့မှ တင်သွင်းခွင့်ရှိပြီး ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် အမျိုးသားစီမံကိန်းဥပဒေ၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေတို့ကို အတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး ထုတ်ပြန်နိုင်ရန် ပေးပို့ထားပါကြောင်း။

**ပြင်ဆင်အတည်ပြုပေးနိုင်ခဲ့**

ထို့ပြင် လွှတ်တော်အသီးသီး၏ လုပ်ငန်းဆောင်ရွက်မှု နည်းလမ်းများ မှန်ကန်ခိုင်မာပြီး သက်ဆိုင်ရာ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ ဥပဒေအပါအဝင် ဥပဒေ ခုနစ်ခု ဆွေးနွေး အတည်ပြုခြင်းနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေကိုလည်း လွှတ်တော်နှစ်ရပ် သဘောတူညီသည့်အတိုင်း ပြင်ဆင်အတည်ပြုပေးနိုင်ခဲ့ပါကြောင်း။

အစည်းအဝေးကာလအတွင်း ဥပဒေပြုရေးလုပ်ငန်းများအပြင် ပြည်ထောင်စုလွှတ်တော်၏ အရေးကြီးသည့် လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်သော လစ်လပ်သွားသည့် နိုင်ငံတော်သမ္မတရာထူးနေရာကို ဖြည့်စွက်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲကို ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကျင်းပခဲ့ပြီး နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများကို ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းကို အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း ပြောကြားသည်။

**အောင်မြင်စွာ ကျင်းပပြီးစီး**

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင်း ကြေညာသည်။

ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စု



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ ကျင်းပစဉ်။ သတင်းစဉ်

## ❖ အစည်းအဝေးကာလအတွင်း ဥပဒေပြုရေးလုပ်ငန်းများအပြင် ပြည်ထောင်စုလွှတ်တော်၏ အရေးကြီးသည့် လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်သော လစ်လပ်သွားသည့် နိုင်ငံတော်သမ္မတရာထူးနေရာကို ဖြည့်စွက်နိုင်ရေး အတွက် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ များနှင့်အညီ ကျင်းပခဲ့ပြီး နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများကို ပြန်လည်ရွေးချယ် တင်မြှောက်ခြင်း ကို အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တက်ရောက်လာကြသူများကို တွေ့ရစဉ်။ သတင်းစဉ်

တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယကနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သူရဇော်**

**ဓာတ်ပုံမှတ်တမ်း - ကျော်ဇေယျ၊ အေးသန်း(သတင်းစဉ်)**

## ဒဂုံဆိပ်ကမ်းမြို့နယ် ယုဇနအိမ်ရာ အပိုင်း ၃ စီမံကိန်းရှိ ဆောက်လုပ်ပြီးစီးသည့် တန်ဖိုးသင့်အိမ်ရာ အဆောက်အအုံများ လွှဲပြောင်းပေးအပ်

**ရန်ကုန် မတ် ၃၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ စီမံကွပ်ကဲမှုဖြင့် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်က Precast နည်းပညာကို အသုံးပြု၍ အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် ယုဇနအိမ်ရာ အပိုင်း ၃ စီမံကိန်းရှိ တည်ဆောက်ပြီး အဆောက်အအုံများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို မတ် ၂၈ ရက်က ရန်ကုန်မြို့ရှိ Pan Pacific Yangon Hotel တွင် ကျင်းပသည်။

Shwe Taung Construction မှ CEO ဦးအောင်သန်းက "တိုးမြင့်လာတဲ့ မြို့ပြလူနေမှုအတွက် အရည်အသွေးပြည့်မီ ကောင်းမွန်တဲ့ တန်ဖိုးသင့်၊ တန်ဖိုးနည်းအိမ်ရာတွေ ဆောက်လုပ်ဖို့ဆိုတဲ့ နိုင်ငံတော်အစိုးရရဲ့စီမံချက်မှာ ကျွန်တော်တို့ ရွှေတောင်လုပ်ငန်းစုအနေနဲ့ အပြည့်အဝ ပါဝင်အားဖြည့် ဆောင်ရွက်လျက်ရှိပါတယ်၊ ယုဇန-အပိုင်း ၃ ရဲ့ Affordable Housing မှာပါတဲ့ အဆောက်အအုံလေးလုံးကို အချိန်အနည်းငယ်နဲ့ အောင်မြင်စွာ ဆောက်လုပ်ပေးနိုင်တဲ့အတွက် ကျန်ရှိနေတဲ့ အဆောက်အအုံတွေကိုလည်း လျင်မြန်စွာ ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်မှာပါ"ဟု ပြောသည်။

Tiong Seng Group မှ Chief Executive Officer ဖြစ်သူ Mr. Pek Lian Guan က "စင်ကာပူနည်းပညာရှင်အဖွဲ့နဲ့ မြန်မာနိုင်ငံသား ဝန်ထမ်းတွေ အတူတကွ ပူးပေါင်းပြီး အဆင့်မြင့် Precast နည်းပညာကို ပထမဆုံး အသုံးပြု တည်ဆောက်တဲ့ အိမ်ရာအဆောက်အအုံတွေ ပြီးစီးကြောင်းကို အခုလို ကြေညာခွင့်ရတာ အလွန်ပဲ ကျေနပ်မိပါတယ်၊ ဒီလို အဓိကကျတဲ့ အောင်မြင်မှုတွေနဲ့အတူ ကျွန်တော်တို့ လုပ်ငန်းပိုမိုတိုးတက် အထောက်အပံ့ဖြစ်စေဖို့ ကျွန်တော်တို့ရဲ့ဆောက်လုပ်ရေး လုပ်ငန်းသစ်အဖြစ် Tiong Seng Contractors ကို မြန်မာနိုင်ငံမှာ ဖွဲ့စည်းလုပ်ကိုင်ဖို့ ဆောင်ရွက်နေပါတယ်၊ နိုင်ငံတကာမှာ ဆက်လက် တိုးချဲ့လုပ်ဆောင်သွားဖို့ ရည်ရွယ်ပါတယ်"ဟု ပြောသည်။

အဆိုပါ အိမ်ရာစီမံကိန်းမှာ နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် Public – Private Partnership (PPP) အရ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန၏ စီမံကွပ်ကဲမှုဖြင့် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်က တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုထွေး**



နိုင်ငံတော်သမ္မတ ကြိုဆိုပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား ဒုတိယသမ္မတ ဦးမြင့်ဆွေက တက်ရောက်လာသူများနှင့် မိတ်ဆက်ပေးစဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကြိုဆိုစဉ်။ သတင်းစဉ်

*✻ ကျော်ဖုံးမှ*

ဒေါက်တာ မြင့်ထွေး၊ ဦးဟန်ဇော်၊ ဒေါက်တာဝင်းမြတ်အေး၊ ဦးအုန်းမောင်၊ နိုင်သက်လွင်၊ ဦးကျော်တင်၊ ပြည်ထောင်စု ရှေ့နေချုပ် ဦးထွန်းထွန်းဦးတို့နှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် နိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားများအကျိုးအတွက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ထမ်းဆောင်သွားကြရန်နှင့် စိတ်တူကိုယ်တူ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

၂၀၁၈ ခုနှစ် မတ်လ ၂၈ ရက်တွင်ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဦးဝင်းမြင့်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ခြင်းဖြစ်သည်။ **သတင်းစဉ်**

**“နိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားများအကျိုးအတွက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ထမ်းဆောင်သွားကြရန်နှင့် စိတ်တူကိုယ်တူ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်”**

# ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ၂၂ ရက် မြောက်နေ့ ကျင်းပ၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ကတိသစ္စာပြုခြင်းနှင့် နိုင်ငံတော်သမ္မတ မိန့်ခွန်းပြောကြားခြင်းအခမ်းအနားသို့ ၄၉၄ ဦး တက်ရောက်လေ့လာ

နေပြည်တော် မတ် ၃၀

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၂ ရက် မြောက်နေ့၌ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ကတိသစ္စာပြုခြင်းနှင့် နိုင်ငံတော်သမ္မတ မိန့်ခွန်းပြောကြားခြင်းတို့ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**မိန့်ခွန်းပြောကြား**

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသည့် ဦးဝင်းမြင့်၊ ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသည့် ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူတို့က ပြည်ထောင်စုလွှတ်တော်နာယက ရှေ့မှောက်တွင် ကတိသစ္စာပြုကြပြီး နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က





ပြည်ထောင်စုလွှတ်တော်တွင် မိန့်ခွန်းပြောကြားသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ လေ့လာသူများအဖြစ် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ၏ ဇနီးနှင့်မိသားစု၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦးနှင့်ဇနီး၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ ဇနီး၊ လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လာရောက်လေ့လာကြသည့် သက်ဆိုင်ရာ မဲဆန္ဒနယ်မှ ပြည်သူများ၊ မြစ်ကြီးနား တက္ကသိုလ်ဥပဒေပညာဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၄၉၄ ဦး တက်ရောက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှု လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်ရန် ဆွေးနွေး

နေပြည်တော် မတ် ၃၀

ပြည်သူ့လွှတ်တော်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းသိန်းဇော်သည် ဟွန်ဒိုင်းမော်တာ မြန်မာ Co.,Ltd အဖွဲ့နှင့် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-8) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှု လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်နိုင်ရန် ကိစ္စနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ တင်ပြဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုအစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ကြေညာချက်အမှတ်၊ ၁ / ၂၀၁၈**
**၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်**
**(၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်)**

**ပြည်ထောင်စုအစိုးရအဖွဲ့ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၀ နှင့် ပြည်ထောင်စုအစိုးရ အဖွဲ့ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ **"ပြည်ထောင်စုအစိုးရအဖွဲ့"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးဝင်းမြင့် | နိုင်ငံတော်သမ္မတ |
| (ခ) | ဦးမြင့်ဆွေ | ဒုတိယသမ္မတ |
| (ဂ) | ဦးဟင်နရီဗန်ထီးယူ | ဒုတိယသမ္မတ |
| (ဃ) | ဒေါ်အောင်ဆန်းစုကြည် | ပြည်ထောင်စုဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သမ္မတရုံးဝန်ကြီးဌာန |
| (င) | ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ | ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန |
| (စ) | ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း | ပြည်ထောင်စုဝန်ကြီး ကာကွယ်ရေးဝန်ကြီးဌာန |
| (ဆ) | ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် | ပြည်ထောင်စုဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာန |
| (ဇ) | ဦးကျော်တင့်ဆွေ | ပြည်ထောင်စုဝန်ကြီး နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန |
| (ဈ) | ဒေါက်တာဖေမြင့် | ပြည်ထောင်စုဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန |
| (ည) | ဦးသောင်းထွန်း | ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန |
| (ဋ) | သူရဦးအောင်ကို | ပြည်ထောင်စုဝန်ကြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန |
| (ဌ) | ဒေါက်တာအောင်သူ | ပြည်ထောင်စုဝန်ကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (ဍ) | ဦးသန့်စင်မောင် | ပြည်ထောင်စုဝန်ကြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| (ဎ) | ဦးအုန်းဝင်း | ပြည်ထောင်စုဝန်ကြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (ဏ) | ဦးဝင်းခိုင် | ပြည်ထောင်စုဝန်ကြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| (တ) | ဦးသိန်းဆွေ | ပြည်ထောင်စုဝန်ကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| (ထ) | ဦးခင်မောင်ချို | ပြည်ထောင်စုဝန်ကြီး စက်မှုဝန်ကြီးဌာန |
| (ဒ) | ဒေါက်တာသန်းမြင့် | ပြည်ထောင်စုဝန်ကြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| (ဓ) | ဒေါက်တာမျိုးသိမ်းကြီး | ပြည်ထောင်စုဝန်ကြီး ပညာရေးဝန်ကြီးဌာန |
| (န) | ဒေါက်တာမြင့်ထွေး | ပြည်ထောင်စုဝန်ကြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |
| (ပ) | ဦးကျော်ဝင်း | ပြည်ထောင်စုဝန်ကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| (ဖ) | ဦးဟန်ဇော် | ပြည်ထောင်စုဝန်ကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (ဗ) | ဒေါက်တာဝင်းမြတ်အေး | ပြည်ထောင်စုဝန်ကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| (ဘ) | ဦးအုန်းမောင် | ပြည်ထောင်စုဝန်ကြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန |
| (မ) | နိုင်သက်လွင် | ပြည်ထောင်စုဝန်ကြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန |
| (ယ) | ဦးကျော်တင် | ပြည်ထောင်စုဝန်ကြီး အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန |
| (ရ) | ဦးထွန်းထွန်းဦး | ပြည်ထောင်စုရှေ့နေချုပ် ပြည်ထောင်စုရှေ့နေချုပ်ရုံး |

၂။ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်သည် ရာထူးအလျောက် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတွင်းရေးမှူးဖြစ်သည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ပြင်ဆင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ကြေညာချက်အမှတ်၊ ၂ / ၂၀၁၈**
**၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်**
**(၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်)**

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၁၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ **"အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ"**ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဦးဝင်းမြင့် | နိုင်ငံတော်သမ္မတ |
| (ခ) | ဦးမြင့်ဆွေ | ဒုတိယသမ္မတ |
| (ဂ) | ဦးဟင်နရီဗန်ထီးယူ | ဒုတိယသမ္မတ |
| (ဃ) | ဦးတီခွန်မြတ် | ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် |
| (င) | မန်းဝင်းခိုင်သန်း | ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် |
| (စ) | ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် | တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် |
| (ဆ) | ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း | ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် |
| (ဇ) | ဒေါ်အောင်ဆန်းစုကြည် | ပြည်ထောင်စုဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ဈ) | ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ | ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန |
| (ည) | ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း | ပြည်ထောင်စုဝန်ကြီး ကာကွယ်ရေးဝန်ကြီးဌာန |
| (ဋ) | ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် | ပြည်ထောင်စုဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာန |

၂။ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(ခ) ပါ ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့ အတွင်းရေးမှူးသည် ရာထူးအလျောက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အတွင်းရေးမှူး ဖြစ်သည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ဘဏ္ဍာရေးကော်မရှင် ပြင်ဆင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ကြေညာချက်အမှတ်၊ ၃ / ၂၀၁၈**
**၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်**
**(၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်)**

**ဘဏ္ဍာရေးကော်မရှင်ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၉၊ ပုဒ်မခွဲ (က)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)တို့ပါ ပြဋ္ဌာန်းချက်များအရ **"ဘဏ္ဍာရေးကော်မရှင်"**ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ဦးဝင်းမြင့် | နိုင်ငံတော်သမ္မတ | ဥက္ကဋ္ဌ |
| (၂) | ဦးမြင့်ဆွေ | ဒုတိယသမ္မတ | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဦးဟင်နရီဗန်ထီးယူ | ဒုတိယသမ္မတ | ဒုတိယဥက္ကဋ္ဌ |
| (၄) | ဦးထွန်းထွန်းဦး | ပြည်ထောင်စုရှေ့နေချုပ် | အဖွဲ့ဝင် |
| (၅) | ဦးမော်သန်း | ပြည်ထောင်စု စာရင်းစစ်ချုပ် | အဖွဲ့ဝင် |
| (၆) | ဒေါက်တာခက်အောင် | ဝန်ကြီးချုပ် ကချင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၇) | ဦးအယ်လ်ဖောင်းရှို | ဝန်ကြီးချုပ် ကယားပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၈) | ဒေါ်နန်းခင်ထွေးမြင့် | ဝန်ကြီးချုပ် ကရင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၉) | ဦးဆလိုင်းလျန်လွယ် | ဝန်ကြီးချုပ် ချင်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၀) | ဒေါက်တာမြင့်နိုင် | ဝန်ကြီးချုပ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၁) | ဒေါက်တာလဲ့လဲ့မော် | ဝန်ကြီးချုပ် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၂) | ဦးဝင်းသိန်း | ဝန်ကြီးချုပ် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၃) | ဒေါက်တာအောင်မိုးညို | ဝန်ကြီးချုပ် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၄) | ဒေါက်တာဇော်မြင့်မောင် | ဝန်ကြီးချုပ် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၅) | ဒေါက်တာအေးဇံ | ဝန်ကြီးချုပ် မွန်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၆) | ဦးညီပု | ဝန်ကြီးချုပ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၇) | ဦးဖြိုးမင်းသိန်း | ဝန်ကြီးချုပ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၈) | ဒေါက်တာလင်းထွဋ် | ဝန်ကြီးချုပ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၉) | ဦးလှမိုးအောင် | ဝန်ကြီးချုပ် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၂၀) | ဒေါက်တာ မျိုးအောင် | ဥက္ကဋ္ဌ နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၂၁) | ဦးကျော်ဝင်း | ပြည်ထောင်စုဝန်ကြီး စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန | အတွင်းရေးမှူး |

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၃၀** - နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ GMS စီးပွားရေးထိပ်သီးအစည်းအဝေးသို့ တက်ရောက်မိန့်ခွန်းပြောကြား

## ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့် နည်းပညာတိုးတက်မှုဆိုသည့် စီးပွားရေးမောင်းနှင်အား နှစ်ရပ်သည် ဂျီအမ်အက်စ်နိုင်ငံများ၏ စီးပွားရေးကို ရေရှည်တည်တံ့မှုရှိသည့် ဖွံ့ဖြိုးမှုဖြစ်စေရန် အရေးကြီး

ဟနွိုင်း မတ် ၃၀

**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် မတ် ၂၉ ရက်မှ ၃၁ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပပြုလုပ်မည့် ဆဋ္ဌမအကြိမ်မြောက် Greater Mekong Subregion (GMS) ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် မတ် ၃၀ ရက် ညနေ ၄ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့သို့ ရောက်ရှိကြသည်။**




ဒုတိယသမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဗီယက်နမ်နိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီး မစ္စတာ ကျူးအုန် မင်းသွမ်၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများက Noi Bai အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**လှည့်လည်ကြည့်ရှု**

ညနေ ၅ နာရီတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် GMS အဖွဲ့ဝင်နိုင်ငံ့ခေါင်းဆောင်များနှင့်အတူ National Convention Center (NCC) ၌ ခင်းကျင်းပြသထားသည့် အဖွဲ့ဝင်နိုင်ငံများ၏ အထိမ်းအမှတ်ဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ National Convention Center (NCC) ၌ ကျင်းပသည့် Greater Mekong Subregion (GMS) စီးပွားရေးထိပ်သီး အစည်းအဝေးသို့ တက်ရောက်သည်။

အဆိုပါ အစည်းအဝေးသို့ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင် ဇူယွမ်ဖတ်၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက် ဟွန်ဆန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ရိ၊ လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီ ဆုလစ်၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ပရာယွတ်ချန်အိုချာ၊ အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ် (ADB) ဥက္ကဋ္ဌ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ ကမ္ဘာ့ဘဏ် မန်နေဂျင်းဒါရိုက်တာ၊ GMS အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**မိန့်ခွန်းပြောကြား**

အစည်းအဝေးတွင် ဗီယက်နမ် ဝန်ကြီးချုပ် မစ္စတာ ငုယင် ဇူယွမ်ဖတ်က အဖွင့် မိန့်ခွန်းပြောကြားပြီး GMS အဖွဲ့ဝင်နိုင်ငံများနှင့် အဖွဲ့အစည်းများဖြစ်သည့် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင် ဇူယွမ်ဖတ်၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက် ဟွန်ဆန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ရိ၊ လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီ ဆုလစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယွတ် ချန်အိုချာ၊ အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ်(ADB) ဥက္ကဋ္ဌ၊ အာဆီယံ အတွင်းရေးမှူးချုပ်နှင့် ကမ္ဘာ့ဘဏ် မန်နေဂျင်းဒါရိုက်တာတို့က မိန့်ခွန်း ပြောကြားကြသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက **(အပေါ်ပုံ)** စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် မိမိတို့ဒေသတွင်းတွင်ရှိသည့် အချို့နိုင်ငံများသည် ကုန်ကျစရိတ် သက်သာသည့် လုပ်သားနှင့် သဘာဝ သယံဇာတအရင်းအမြစ်များကို ထုတ်ယူ အသုံးချမှုအပေါ် အဓိကမှီခိုခဲ့ကြပါကြောင်း။

သို့သော်လည်း မိမိတို့ ဂျီအမ်အက်စ်နိုင်ငံများ၏ စီးပွားရေးပမာဏ ကြီးမားလာမှု၊ ဂျီအမ်အက်စ်နိုင်ငံများ၏ စီးပွားရေး သဘောသဘာဝ ရှုပ်ထွေးလာမှုနှင့် လူတစ်ဦးချင်း ဝင်ငွေလည်း တိုးတက်လာသည့်အတွက် အချက် နှစ်ချက်ဖြစ်သည့် ကုန်ကျစရိတ် သက်သာသည့် လုပ်သားနှင့် သဘာဝသယံဇာတ အရင်းအမြစ်များကို ထုတ်ယူအသုံးချမှုအပေါ် ဆက်လက်မှီခိုရန် မဖြစ်နိုင်တော့ပါကြောင်း။

ထို့ကြောင့် (၂၁) ရာစု ကမ္ဘာကြီးနှင့် သင့်တော်ပြီး ဂျီအမ်အက်စ်ဒေသအတွက် လျော်ကန်သော ရေရှည်တည်တံ့သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ မောင်းနှင်အား အသစ်များကို ဖော်ထုတ်ကျင့်သုံးရန် အချိန်ရောက်လာပြီဖြစ်ပါကြောင်း။

အရည်အသွေးမြင့်သည့် ရုပ်ပိုင်းဆိုင်ရာနှင့် လူသားအရင်းအနှီးများဖြင့် ဆောင်ရွက်သည့် နည်းပညာတိုးတက်မှုကသာ ရေရှည်စီးပွားရေးတိုးတက်မှု၏ အဓိကမောင်းနှင်အားဖြစ်ပါကြောင်း။

ကောင်းစွာ စီမံခန့်ခွဲထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် သင့်လျော်သလို ထိန်းညှိလုပ်ကိုင်နေသော ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ပုဂ္ဂလိကကဏ္ဍသည် အရေးပါသည့် အခန်းကဏ္ဍတွင် မရှိမဖြစ် ပါဝင်နေပါကြောင်း။

**နည်းပညာတိုးတက်မှုများ**

မြန်မာနိုင်ငံတွင်လည်း အလားတူပင် ဖြစ်ပါကြောင်း၊ အနာဂတ် ရေရှည်ဖွံ့ဖြိုးမှုအတွက် အဓိကမောင်းနှင်အားသည် နည်းပညာတိုးတက်မှုများပင် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဂျီအမ်အက်စ် ဒေသအတွင်းတွင် ပိုမိုကျယ်ပြန့်လာစေမည့် နည်းပညာတိုးတက်မှုများကို ကူညီထောက်ပံ့ရာတွင် ပုဂ္ဂလိကကဏ္ဍသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပိုမိုပါဝင်လာပါကြောင်း။

ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတစ်ရပ်အရ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန် အရေးကြီးသည့် နယ်ပယ်များသည် စီးပွားရေးလုပ်ငန်းများအတွက် လုပ်သာကိုင်သာရှိသည့် ဝန်းကျင်ကောင်းတစ်ရပ် ပေါ်ထွန်းလာရေးကို အထောက်အကူပြုရေး၊ အထူးသဖြင့် ဘဏ်၏ ဝန်ဆောင်မှုလုပ်ငန်းများကို ရယူသုံးစွဲခြင်းမရှိသည့် ပြည်သူများနှင့် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများအတွက် ငွေရေးကြေးရေး လက်လှမ်းမီစွာ ပိုမိုရယူသုံးစွဲနိုင်ရေးကို အထောက်အကူပြုရေး၊ အရည်အသွေးပြည့်ဝသည့် ပညာရေးပိုမိုတိုးမြှင့်ရရှိရေးနှင့် ကုန်သွယ်မှု၊ ယှဉ်ပြိုင်စွမ်းအားနှင့် ဆန်းသစ်တီထွင်မှုကို တိုးမြှင့်စေနိုင်မည့် မူဝါဒဝန်းကျင်တစ်ရပ် ဖန်တီးရေးတို့ပင် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍသည် မိမိတို့ ဒေသခွဲပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကြိုးပမ်းဆောင်ရွက်ချက်များမှ အကျိုးရလဒ်ရစေသကဲ့သို့ ဒေသခွဲ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကြိုးပမ်းဆောင်ရွက်ချက်များတွင်လည်း ပြန်လည်ပံ့ပိုးဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒသည် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်ရရှိရေးတွင် ပုဂ္ဂလိကကဏ္ဍသည် အခြေခံကျသည့် မောင်းနှင်အားအဖြစ် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေသည်ကို မီးမောင်းထိုးပြထားပါကြောင်း။

**အရေးပါသည့်အခန်းကဏ္ဍ**

မြန်မာနိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍသည် ဂျီအမ်အက်စ်နိုင်ငံများမှ ပုဂ္ဂလိက ကဏ္ဍများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ဒေသတွင်း ပေါင်းစည်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုလွယ်ကူချောမွေ့စေရန် လိုအပ်သည့် ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံနှင့် သယ်ယူပို့ဆောင်ရေး ကွန်ရက်များ ပေါ်ထွန်းလာရန်အတွက် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေဆဲဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ပုဂ္ဂလိကကဏ္ဍ တိုးတက်ရန် ဦးစားပေးမဏ္ဍိုင် (၅)ရပ်ဖြစ်သည့် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းကို လိုက်နာဆောင်ရွက်သည့် ဝန်းကျင်ဖြစ်ထွန်းလာရေး၊ ငွေရေးကြေးရေး လက်လှမ်းမီမီ ရရှိရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ စီးပွားရေး လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် နိုင်ငံတော်၏ အခန်းကဏ္ဍကို ပြန်လည်ပြင်ဆင် လုပ်ဆောင်ရေးနှင့် မြန်မာနိုင်ငံ၏ လူသားအရင်းအမြစ်ကို အခြေပြုဆောင်ရွက်ရေးတို့ကို အခြေခံထားပါကြောင်း။

**အရေးကြီးသည့်မောင်းနှင်အား**

စီးပွားရေး လုပ်ငန်းများအတွက် လုပ်သာကိုင်သာရှိသည့် ဝန်းကျင်တွင် ပုဂ္ဂလိကအရင်းအနှီး အထူးသဖြင့် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် မိမိတို့ နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေမည့် အရေးကြီးသည့် မောင်းနှင်အားတစ်ရပ် ဖြစ်နိုင်ပါကြောင်း။

ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ဈေးကွက်အနေအထား၊ ပြည်သူများ၏ အကျိုးစီးပွားကို ဦးစားပေးသည့် စည်းမျဉ်းစည်းကမ်းများနှင့် ပေါင်းစပ်ဆောင်ရွက်မည်ဆိုပါက ပုဂ္ဂလိက ကဏ္ဍသည် အရင်းအမြစ်များကို စွမ်းဆောင်ရည် အမြင့်ဆုံးဖြင့် ဆောင်ရွက်နိုင်စေရန်၊ ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဖြစ်ပေါ်လာသည့် လိုအပ်ချက်များနှင့်အညီ ဖြည့်ဆည်းပေးနိုင်ရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်ပြီး ဂျီအမ်အက်စ်နိုင်ငံများ၏ စီးပွားရေးသည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

*စာမျက်နှာ ၈ သို့*



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဗီယက်နမ်နိုင်ငံအစိုးရက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်စဉ်။ သတင်းစဉ်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ GMS အဖွဲ့ဝင် နိုင်ငံ့ခေါင်းဆောင်များနှင့်အတူ အဖွဲ့ဝင်နိုင်ငံများ၏ အထိမ်းအမှတ်ဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်



# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ GMS ထိပ်သီးအစည်းအဝေး တက်ရောက်ရန် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် မတ် ၃၀**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဆဋ္ဌမအကြိမ်မြောက် GMS ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့ မွန်းလွဲ ၂ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာသွားသည်။

ဒုတိယသမ္မတအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုး၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး H.E. Dr. Luan Thuy Duong နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်

**နေပြည်တော် မတ် ၃၀**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ခန္တီးမြို့တွင် ၀ ဒသမ ၁၉ လက်မ ၊ ပင်လည်ဘူးမြို့တွင် ၀ ဒသမ ၁၆ လက်မနှင့် ကော့သောင်းမြို့တွင် ၀ ဒသမ ၀၈ လက်မတို့ဖြစ်ကြသည်။

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်၊ အောင်လံမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၀ ဒီဂရီ စင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**



**မတ် ၃၀ ရက်က ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ Kemerovo မြို့ရှိ ဈေးဝယ်စင်တာတွင် ၂၀၁၈ ခုနှစ် မတ် ၂၅ ရက် (တနင်္ဂနွေနေ့) ၌ မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် ကလေးများအပါအဝင် လူ ၆၀ ထက်မနည်း ကွယ်လွန်သွားသည့်အတွက် ရန်ကုန်မြို့အခြေစိုက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး၌ ဖွင့်လှစ်ထားသော ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် မတ် ၃၀ ရက်က လက်မှတ်ရေးထိုးစဉ်။** သတင်းစဉ်

*စာမျက်နှာ ၇ မှ*

အထူးသဖြင့် ကမ္ဘာ့နိုင်ငံများ၊ အစိုးရများ၊ လူမှုအဖွဲ့အစည်းများ၏ လုပ်ကိုင်ဆောင်ရွက်မှုကို ပြောင်းလဲနေစေသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာနယ်ပယ်တွင် ပိုပြီးထင်ရှားပါကြောင်း။

**မိုဘိုင်းနှင့်အင်တာနက်အသုံးပြုမှု**

ဆက်သွယ်ရေးကဏ္ဍတွင် ဆက်လက် ဖြေလျှော့ပေးခြင်းသည် မိုဘိုင်းနှင့် အင်တာနက် အသုံးပြုမှုကို သိသိသာသာ တိုးမြင့်လာစေခဲ့ပါကြောင်း၊ Smart phone နှင့် internet အသုံးပြုမှု တိုးတက် များပြားလာသောကြောင့် ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၏ GDP သည် ICT ကဏ္ဍ၏ ပါဝင်လာမှုသည် အမေရိကန်ဒေါ်လာ (၆ ဒသမ ၄) ဘီလီယံဖြစ်လာမည်ဟု အချို့က ခန့်မှန်းထားကြပါကြောင်း၊ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်နေသည့် မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံမျိုးတွင် Mobile infrastructure နှင့် ဆက်သွယ်ယှက်နွယ်မှုသည် အလွန်အရေးကြီးလှပါကြောင်း။

နည်းပညာ ခုန်ပျံကျော်လွှားခြင်းသည် မြန်မာနိုင်ငံကဲ့သို့ နိုင်ငံမျိုးတွင် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုလုပ်ငန်းမျိုးစုံအတွက် ရုပ်ပိုင်းဆိုင်ရာ၊ ဒစ်ဂျစ်တယ်နည်းအရပါ ဈေးကွက်အသစ်တွေ ဖန်တီးပေးမည့် အလားအလာရှိပါကြောင်း။

ဝေးလံခေါင်ဖျားသည့် ဒေသများရှိ ပြည်သူများအတွက် ငွေသွင်းခြင်း၊ ငွေထုတ်ခြင်း၊ ငွေလွှဲခြင်းစသည့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို mobile နည်းပညာအသုံးပြု၍ ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို mobile နည်းပညာအသုံးပြု၍ ရယူနိုင်ခြင်းစသည့် ဆန်းသစ်တီထွင်မှုများသည် လယ်သမားများအား ဈေးကွက်နှင့် ချိတ်ဆက်ပေးခြင်း၊ လူနာများအား ဆေးရုံ၊ ဆေးခန်းနှင့် ပိုမိုမြန်ဆန်စွာ ချိတ်ဆက်ပေးခြင်း၊ ပံ့မှန်ဆောင်ရွက်နေသည့် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် လူတစ်ဦးတစ်ယောက်ချင်းစီကို အဆင်ပြေ လွယ်ကူချောမွေ့စေရန် ဝန်ဆောင်မှုပေးခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ လျင်မြန်စွာ ချဲ့ထွင်ဖြန့်ကြက်လာသည့် ဒစ်ဂျစ်တယ် စီးပွားရေးအခြေအနေကို ပံ့ပိုးပေးနိုင်စေရန် Myanmar Digital Economy Development Master Plan ကို ရေးဆွဲပြုစုလျက်ရှိပါကြောင်း။

ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့် နည်းပညာတိုးတက်မှုဆိုသည့် စီးပွားရေးတိုးတက်မှု၏ မောင်းနှင်အား(၂)ရပ်သည် ဂျီအမ်အက်စ်နိုင်ငံများ၏ စီးပွားရေးကို ရေရှည်တည်တံ့မှုရှိသည့် ဖွံ့ဖြိုးမှုဖြစ်စေရန် အရေးကြီးပါကြောင်း။

ဂျီအမ်အက်စ်နိုင်ငံများ အားလုံးမှ ပုဂ္ဂလိကကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်း၊ ဖွံ့ဖြိုးမှု မောင်းနှင်အားများဖြင့် အခြား မောင်းနှင်အား အသစ်များ ပေါ်ထွက်လာရေးကို အထောက်အပံ့ဖြစ်စေသည့် ဝန်းကျင်တစ်ရပ် ဖန်တီးရန်နှင့် ဆန်းသစ်တီထွင်မှုမှ ဆောင်ကြဉ်းလာမည့် အကျိုးရလဒ်များကို မျှဝေသုံး စွဲရန် အားလုံးပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

**မောင်းနှင်အားအသစ်များ**

ယင်းနောက် ဆက်လက်ကျင်းပသည့် နိုင်ငံ့ခေါင်းဆောင်များ ဆွေးနွေးသည့် Panel Session တွင် Moderator က "GMS နိုင်ငံများ အနေနှင့် သက်ဆိုင်ရာ နိုင်ငံအလိုက် စီမံကိန်းများ၊ မဟာဗျူဟာများ၊ လုပ်ငန်းဆောင်ရွက်ချက်များ ရေးဆွဲအကောင်အထည်ဖော်ရာတွင် စီးပွားရေးတိုးတက်မှု၏ မောင်းနှင်အား အသစ်များကို မည်သို့ အကောင်းဆုံး ပေါင်းစည်းဆောင်ရွက်နိုင်မည် မြန်မာနိုင်ငံအနေဖြင့် မည်သို့ ဆောင်ရွက်နေသည်ကို သိရှိလိုကြောင်း" မေးမြန်းချက်နှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ဒုတိယသမ္မတက ရှင်းလင်းဖြေကြားရာ၌ ဂျီအမ်အက်စ်နိုင်ငံများ အောင်မြင်ရန် မိမိတို့၏ သက်ဆိုင်ရာ နိုင်ငံအဆင့် စီမံကိန်းနှင့် မဟာဗျူဟာများသည် ကမ္ဘာ့အဆင့်နှင့် ဒေသတွင်းအဆင့် ကတိကဝတ်များဖြင့် ကြိုးပမ်းဆောင်ရွက်မှုများကို ပံ့ပိုးပေးနိုင်ရန် အဓိကလိုအပ်ပါကြောင်း။

မြန်မာနိုင်ငံသည် ၁၉၉၂ ခုနှစ်ကတည်းက ဂျီအမ်အက်စ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တွင် ပါဝင်ဆောင်ရွက်ခဲ့သော်လည်း ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုမူဘောင် ၂၀၂၂ ကဲ့သို့ အရေးကြီးသည့် ဆောင်ရွက်မှုများကို မိမိတို့နိုင်ငံ၏ ကာလရှည် ဖွံ့ဖြိုးမှု စီမံကိန်းများ၊ ဆောင်ရွက်ချက်များတွင် အပြည့်အဝ ပေါင်းစည်းဆောင်ရွက်ရန် မကြာသေးမီကမှ စတင်နိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ၏ စီးပွားရေးသည် မကြာသေးမီကမှ အမှန်တကယ် ပိုမိုပွင့်လင်းလာပါကြောင်း၊ မြန်မာရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ကို ပြဋ္ဌာန်းနိုင်ခြင်းနှင့်အတူ ပိုမိုခိုင်မာပြီး စီးပွားရေးလုပ်ငန်းများအတွက် လုပ်သာကိုင်သာရှိသည့် ဝန်းကျင်တစ်ရပ်ဖြစ်အောင်လည်း ပြုပြင်ပြောင်းလဲမှုများကို အဆက်မပြတ် လုပ်ဆောင်နေပါကြောင်း၊ ပြည်တွင်းထောက်ပံ့မှုကွင်းဆက်ကို ဒေသတွင်း တန်ဖိုးကွင်းဆက်နှင့် ကမ္ဘာ့တန်ဖိုးကွင်းဆက်ထဲသို့ ဝင်ရောက်နိုင်အောင် ပိုမိုချိတ်ဆက် ဆောင်ရွက်နိုင်လာသည်ကို မြင်တွေ့ရမည်ဖြစ်ပါကြောင်း။

ပိုမိုတည်ငြိမ်ပြီး ရေရှည်တည်တံ့သည့် ပြည်တွင်းဘဏ္ဍာငွေရရှိမှုလမ်းကြောင်းများ ဖြစ်လာစေရန် အခွန်အကောက်စနစ်များ ခိုင်မာအားကောင်းလာစေရန်နှင့် အခွန်အခြေခံသတ်မှတ်ချက်များ ကျယ်ပြန့်လာစေရန် ဆက်လက်အားစိုက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**လုပ်သာကိုင်သာရှိသည့်ဝန်းကျင်**

နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအရ သဘာဝသယံဇာတနှင့် စွမ်းအင်ထုတ်ယူသုံးစွဲခြင်းကို အလေးထားလုပ်ဆောင်ခြင်းမှ လုပ်ငန်းကဏ္ဍအရ ပမာဏအရပါ ဆက်လက်ကျယ်ပြန့်လာပြီးဖြစ်၍ ရင်းနှီးမြှုပ်နှံမှုအသစ်များကို ကြိုဆိုလျက်ရှိပါကြောင်း၊ အဆိုပါ ပြောင်းလဲမှုများကို ဆက်လက်ပံ့ပိုးပေးနိုင်ရန်အတွက် မက်ခရိုစီးပွားရေး တည်ငြိမ်စေရေးနှင့် စီးပွားရေးလုပ်ငန်းများအတွက် လုပ်သာကိုင်သာရှိသည့် ဝန်းကျင်ဖြစ်ထွန်းလာရေးကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မဟာဗျူဟာ ဆောင်ရွက်ချက်များကို ထပ်မံပံ့ပိုးရန်အတွက် မြန်မာနိုင်ငံသည် မြန်မာ့စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု စီမံကိန်းကို စတင်ရေးဆွဲနေပြီ ဖြစ်ပါကြောင်း။

အဆိုပါ စီမံကိန်းသည် မြန်မာနိုင်ငံ ပါဝင်ဆောင်ရွက်နေသည့် ဂျီအမ်အက်စ် မဟာဗျူဟာမူဘောင်၊ အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် အခြားသော ဒေသတွင်း ကတိကဝတ်များကို အကောင်အထည်ဖော်သည့် နေရာတွင် အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးကို အထောက်အကူပြုမည့် အရေးကြီးသော လုပ်ငန်းများဖြစ်ပြီး တစ်ချိန်တည်းတွင် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ကတိကဝတ်များကို ဖော်ဆောင်သည့်နေရာတွင် အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း။

ထို့ကြောင့် MSDP စီမံကိန်းနှင့် အစိုးရရင်းနှီးမြှုပ်နှံမှုအစီအစဉ် ရေးဆွဲခြင်းများကဲ့သို့ နိုင်ငံအဆင့် လုပ်ဆောင်ချက်များသည် ဂျီအမ်အက်စ်ဒေသတွင်း ကတိကဝတ်များနှင့်အတူ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်ချက်များဖြင့် ပိုမိုလိုက်လျောညီထွေရှိရန် လိုပြီး ထိုသို့ လုပ်ဆောင်ခြင်းအားဖြင့် ယနေ့ ဆွေးနွေးကြသည့် စီးပွားရေးတိုးတက်မှုဆိုင်ရာ မောင်းနှင်အားအသစ်များကို ပိုမို ဆက်စပ်လုပ်ဆောင်သွားနိုင်လိမ့်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ညပိုင်းတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် အဖွဲ့ဝင်များသည် ဗီယက်နမ်နိုင်ငံအစိုးရက အမျိုးသားကွန်ဗင်းရှင်းဗဟိုဌာန (NCC) ၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

## မကာအို-မြန်မာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ဆွေးနွေး

**ရန်ကုန် မတ် ၃၀**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် မကာအို အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲကို ယနေ့ ည ၇ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ မယ်လီယာဟိုတယ်၌ ကျင်းပသည်။




ဆွေးနွေးပွဲတွင် မကာအိုအထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးဌာနမှ ဥက္ကဋ္ဌ Mr. Jackson Chang က မကာအို အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆိုင်ရာများကို လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်မာလာမျိုးညွန့်က မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကိုလည်းကောင်း၊ မကာအိုအထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခရီးသွားလုပ်ငန်းအဖွဲ့ရုံး၏ ညွှန်ကြားရေးမှူး Ms. Maria Helena de Senna Fernandes က မကာအို အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးဇေယျာမျိုးအောင်က မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ဆွေးနွေးတင်ပြကြပြီး ခရီးသွားလုပ်ငန်းနှင့် ဟိုတယ်လုပ်ငန်းဆိုင်ရာ စီးပွားရေးအခွင့်အလမ်းများ ရှာဖွေနိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မကာအို အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရီးသွားလုပ်ငန်းအဖွဲ့ရုံး၏ ညွှန်ကြားရေးမှူး Ms. Maria Helena de Senna Fernandes နှင့် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်တို့က အမှတ်တရလက်ဆောင်များ အပြန်အလှန် လဲလှယ်ကြပြီး တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆွေးနွေးပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပြဋ္ဌာန်း

**၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ**
**( ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၀ ။ )**
**၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်**
**( ၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်၊ စတင်အကျိုးသက်ရောက်သည့် နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။
(ဂ) အထူးကုန်စည်ခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ဝင်ငွေခွန်ဥပဒေတို့တွင် မည်သို့ပင်ပါရှိစေကာမူ နှစ်၊ ဝင်ငွေနှစ် သို့မဟုတ် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရရှိသောနှစ်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းသတ်မှတ်ရမည် -
(၁) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအတွက် ဘဏ္ဍာရေးနှစ်နှင့်အညီဖြစ်သည်။
(၂) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှအပ ကျန်အခွန်ထမ်းအားလုံးအတွက် ဧပြီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ ကာလအတိုင်း ဆက်လက်ထားရှိရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-
(က) **အခွန်အကောက်**ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက်ကောက်ခံသည့်အခွန်၊ အကောက်ခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများကိုဆိုသည်။
(ခ) **ဥပဒေ**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကိုဆိုသည်။
(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသော အခွန်အကောက်များကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများနှင့် နေပြည်တော် ကောင်စီတို့ကိုဆိုသည်။
(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**ဆိုသည်မှာ နှစ်အလိုက် ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေနှင့် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေတို့ကို ဆိုသည်။
(င) **အခွန်နှုန်း**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များကို ကောက်ခံရန်သတ်မှတ်ထားသည့် အခွန်အကောက်နှုန်းများကိုဆိုသည်။

## အခန်း(၂)
## ကောက်ခံရန်အခွန်လျာထားချက်

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါပြည်ထောင်စု၏ အခွန်ရငွေသည် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် ဤဥပဒေ၏ဇယား(၁)ပါ အခွန်အကောက် ကောက်ခံရန် လျာထားချက်ဖြစ်သည်။

## အခန်း(၃)
## အခွန်နှုန်းများ သတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း

၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အခွန်အကောက်အမျိုးအစားများနှင့်စပ်လျဉ်း၍ ကောက်ခံရန်အခွန်လျာထားချက်များကို ဤဥပဒေပါအခွန်နှုန်းများဖြင့်ကောက်ခံရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ အခွန်အကောက်နှုန်းထားများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်းဆောင်ရွက်လိုလျှင် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် တင်သွင်းရမည်။

၆။ (က) သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ဇယား(၁)ပါ အခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနသို့ပေးပို့ရမည်။
(ခ) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပေးပို့လာသည့် အခွန်အကောက်ကောက်ခံရရှိမှုစာရင်းများကို စုစည်း၍ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တစ်ဆင့် သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ဇယား (၁) ပါအခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို ခြောက်လပတ်အလိုက် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

## အခန်း(၄)
## သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်

၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား(၁)ပါ အခွန်အကောက် ကောက်ခံရန်လျာထားချက်ကို ကောက်ခံရရှိရေးအတွက် တာဝန်ခံစီမံကြီးကြပ်ရမည်။

၉။ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဤဥပဒေပါ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ယင်းတို့၏ မူလအဓိပ္ပာယ်မပြောင်းလဲစေဘဲရှင်းလင်းစွာ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများက ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှု များကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၏ အကူအညီကို ရယူနိုင်သည်။

## အခန်း (၅)
## အထူးကုန်စည်ခွန်

၁၁။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ၆အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်းပြဋ္ဌာန်းလိုက်သည် -

### အထူးကုန်စည်များ

(က) အောက်ဇယားပါ အထူးကုန်စည်များနှင့် စပ်လျဉ်း၍ ယှဉ်တွဲဖော်ပြပါအခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန်ကျသင့်စေရမည်-
(၁) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေမည့် ပြည်တွင်း၌ ထုတ်လုပ်သည့် အထူးကုန်စည်များဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနက ဖော်ပြသော ရောင်းဈေးတန်ဖိုး သို့မဟုတ် ဈေးကွက်ပေါက်ဈေးအပေါ် အခြေပြု၍ ပြည်တွင်းအခွန်များ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များ ဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက ခန့်မှန်းသတ်မှတ်သည့် ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးငွေအပေါ်တွင် လည်းကောင်း၊
(၂) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေရန် သတ်မှတ်ထားခြင်းမရှိသော အထူးကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်လျှင် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက သတ်မှတ်သည့် တန်ဖိုးအပေါ်တွင် လည်းကောင်း၊
ခြွင်းချက်။ သို့ရာတွင် ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် အထူးကုန်စည်ကို ပြည်ပမှတင်သွင်းလာသည့် အထူးကုန်စည်နှင့် ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရန် အလို့ငှာ ပြည်တွင်းအခွန်များ ဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက တန်ဖိုးသတ်မှတ်ရာတွင် အလားတူ အထူးကုန်စည်အတွက် ပြည်ပမှတင်သွင်းရာတွင် သတ်မှတ်သည့် ကုန်းပေါ်ရောက်တန်ဖိုးနှင့် တစ်ပြေးညီဖြစ်စေရေး ဆောင်ရွက်ပေးရမည်။
(၃) ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်လျှင် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် လည်းကောင်း။

| စဉ် | အထူးကုန်စည် အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁ | (က) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါတစ်ဘူး ရောင်းဈေး ကျပ် ၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၄ ကျပ် |
| | ( ခ ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၅၀၁ ကျပ်မှ ကျပ် ၇၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၉ ကျပ် |
| | ( ဂ ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၇၀၁ ကျပ်မှ ကျပ် ၉၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၃ ကျပ် |
| | (ဃ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၉၀၁ ကျပ်နှင့် အထက်အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၆ ကျပ် |
| ၂ | ဆေးရွက်ကြီး။ | | ၆၀ % |
| ၃ | ဗာဂျီးနီးယား ပေါင်းတင်ပြီးဆေး။ | | ၆၀ % |
| ၄ | ဆေးပေါ့လိပ်။ | | တစ်လိပ်လျှင် ၂၅ ပြား |
| ၅ | ဆေးပြင်းလိပ်။ | | ၈၀ % |
| ၆ | ဆေးတံသောက်ဆေးများ။ | | ၈၀ % |
| ၇ | ကွမ်းစားဆေးအမျိုးမျိုး။ | | ၈၀ % |
| ၈ | (က) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ကျပ် ၇၅၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၉၁ ကျပ် |
| | (ခ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၇၅၁ ကျပ်မှ ကျပ် ၁၅၀၀အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၇၄ ကျပ် |
| | (ဂ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၅၀၁ ကျပ်မှ ကျပ် ၂၂၅၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၅၇ ကျပ် |
| | (ဃ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၂၅၁ ကျပ်မှ ကျပ် ၃၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၆၄၀ ကျပ် |
| | (င) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၀၀၁ ကျပ်မှ ကျပ် ၃၇၅၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၈၂၃ ကျပ် |
| | (စ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၇၅၁ ကျပ်မှ ကျပ် ၄၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၀၀၆ ကျပ် |
| | (ဆ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၄၅၀၁ ကျပ်မှ ကျပ် ၆၀၀၀အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၂၈၀ ကျပ် |
| | (ဇ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၆၀၀၁ ကျပ်မှ ကျပ် ၇၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၆၄၆ ကျပ် |
| | (ဈ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၇၅၀၁ ကျပ်မှ ကျပ် ၉၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၀၁၁ ကျပ် |
| | (ည) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၉၀၀၁ ကျပ်မှ ကျပ် ၁၀၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၃၇၇ ကျပ် |
| | (ဋ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၀၅၀၁ ကျပ်မှ ကျပ် ၁၃၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၉၂၅ ကျပ် |
| | (ဌ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၃၅၀၁ ကျပ်မှ ကျပ် ၁၆၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၆၅၇ ကျပ် |
| | (ဍ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၆၅၀၁ ကျပ်မှ ကျပ် ၁၉၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၃၈၈ ကျပ် |
| | (ဎ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၉၅၀၁ ကျပ်မှ ကျပ် ၂၂၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၁၁၉ ကျပ် |
| | (ဏ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၂၅၀၁ ကျပ်မှ ကျပ် ၂၆၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၉၁၁ ကျပ် |
| | (တ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၆၀၀၁ ကျပ်နှင့် အထက် အဆင့်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၆၀% |
| ၉ | ဘီယာအမျိုးမျိုး။ | | ၆၀ % |
| ၁၀ | (က) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ကျပ် ၇၅၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၈၁ ကျပ် |
| | (ခ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၇၅၁ ကျပ်မှ ကျပ် ၁၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၄၄ ကျပ် |
| | (ဂ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၅၀၁ ကျပ်မှ ကျပ် ၂၂၅၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၀၆ ကျပ် |
| | (ဃ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၂၅၁ ကျပ်မှ ကျပ် ၃၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၆၉ ကျပ် |
| | (င) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၀၀၁ ကျပ်မှ ကျပ် ၃၇၅၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၇၃၂ ကျပ် |
| | (စ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၇၅၁ ကျပ်မှ ကျပ် ၄၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၈၉၄ ကျပ် |
| | (ဆ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၄၅၀၁ ကျပ်မှ ကျပ် ၆၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၁၃၈ ကျပ် |
| | (ဇ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၆၀၀၁ ကျပ်မှ ကျပ် ၇၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၄၆၃ ကျပ် |
| | (ဈ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၇၅၀၁ ကျပ်မှ ကျပ် ၉၀၀၀အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၇၈၈ ကျပ် |

ဆက်လက်ဖော်ပြပါမည်

# ရခိုင်ပြည်နယ် ကျေးလက်ဒေသများမှ ပြည်သူများအတွက် အိမ်ရာများဆောက်လုပ်ပေးလျက်ရှိ

**စစ်တွေ မတ် ၃၀**
ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ခံစားခဲ့ရသည့် ကျေးရွာများ၊ ရေကြီးကမ်းပြိုဖြစ်ပွားသည့် ကျေးရွာများနှင့် ဆင်းရဲချို့တဲ့ပြီး အိမ်မဲ့ရာမဲ့ပြည်သူများအတွက် ကျေးလက်အိမ်ရာများ ဆောက်လုပ်ပေးလျက်ရှိကြောင်း ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"ကျေးလက်အိမ်ရာတွေကို အဓိက သဘာဝဘေးအန္တရာယ် ခံစားခဲ့ရတဲ့ ကျေးရွာတွေ၊ ရေကြီးကမ်းပြိုဖြစ်ပွားတဲ့ ကျေးရွာတွေ၊ ဆင်းရဲချို့တဲ့ပြီးအိမ်မဲ့ရာမဲ့ဖြစ်နေတဲ့ ပြည်သူတွေအတွက် ဦးစားပေး ဆောက်လုပ်ပေးနေပါတယ်"ဟုရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီဆွေက ပြောသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ငါး မြို့နယ်မှ ကျေးရွာ ၁၄ ရွာ၌ ကျေးလက်အိမ်ရာ အလုံး ၂၀၀ တည်ဆောက်ပေးနေမှုမှာ ယခုအခါ ၉၅ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ကြောင်းလည်း သိရသည်။

"ကျွန်တော်တို့ဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ပြည်ထောင်စုရန်ပုံငွေကျပ် ၁၀၂၉ သန်း၊ နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် ၃၇၁ သန်း၊ စုစုပေါင်း ခွင့်ပြုရန်ပုံငွေကျပ် သန်း ၁၄၀၀ နဲ့ မောင်တောမြို့နယ်က ကျေးရွာနှစ်ရွာမှာ အိမ်ရာ ၄၇ လုံး၊ ဘူးသီးတောင်မြို့နယ်က ကျေးရွာတစ်ရွာမှာအိမ်ရာ ၂၇ လုံး၊ မင်းပြားမြို့နယ်က ကျေးရွာသုံးရွာမှာ အိမ်ရာ ၂၂ လုံး၊ တောင်ကုတ်မြို့နယ်က ကျေးရွာငါးရွာမှာ အိမ်ရာ ၇၈ လုံးနဲ့ ဂွမြို့နယ်က ကျေးရွာသုံးရွာမှာ အိမ်ရာ ၂၆ လုံး စုစုပေါင်း အိမ်ရာအလုံး ၂၀၀ ကို တင်ဒါစနစ်နဲ့ ဒေသခံကုမ္ပဏီတွေ ဆောက်လုပ်နေတာ အခုဆိုရင် ၉၅ ရာခိုင်နှုန်းကျော်ပြီးစီးနေပါပြီ"ဟု ဦးညီညီဆွေက ပြောသည်။

ဆက်လက်၍ ၎င်းက "ပြီးခဲ့တဲ့နှစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာလည်း မောင်တော၊ ဘူးသီးတောင်မြို့နယ်က ကျေးရွာလေးရွာမှာအိမ်ရာ အလုံး ၆၀ နဲ့





တောင်ကုတ်မြို့နယ်ရှိ တာရဲကျေးရွာမှာ အိမ်ရာအလုံး ၄၀၊ စုစုပေါင်းအိမ်ရာအလုံး ၁၀၀ ကို ကျွန်တော်တို့ဌာနက ပြည်ထောင်စုရန်ပုံငွေကျပ်သန်း ၃၅၀ နဲ့ ပြည်နယ်အစိုးရအဖွဲ့ရဲ့ သဘာဝဘေးအန္တရာယ် ရန်ပုံငွေကကျပ်သန်း ၁၅၀၊ စုစုပေါင်းကျပ်သန်း ၅၀၀ နဲ့ တည်ဆောက်ပေးခဲ့ပါတယ်"ဟု ပြောသည်။

ကျေးလက်အိမ်ရာများ ဆောက်လုပ်ရာတွင် ယခင်နှစ်ကအိမ်တစ်လုံး တန်ဖိုးကျပ်သိန်း ၅၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ်တွင် အိမ်တစ်လုံး ကျပ်သိန်း ၇၀ ထိ တိုးမြှင့်ချထားပေးပြီး ဆောက်လုပ်နေကြောင်းလည်း သိရသည်။

အဆိုပါအိမ်ရာများမှာ တစ်ထပ်အုတ်တိုက် steel structure သွပ်မိုးဖြစ်ပြီး၊ ဧရိယာ ၄၆၈ စတုရန်းပေရှိသည်။ ဖွဲ့စည်းပုံမှာ အိပ်ခန်းနှစ်ခန်း၊ ဧည့်ခန်းတစ်ခန်း၊ မီးဖိုချောင်၊ ထမင်းစားခန်းနှင့် ဝရန်တာပါဝင်ကြောင်း သိရသည်။ အိမ်အပြင်ဘက်တွင် ယင်လုံအိမ်သာ ပါဝင်ပြီး မိသားစုတစ်စု အဆင့်အတန်းမီနေနိုင်ရန် ဆောက်လုပ်ထားကြောင်းလည်း သိရသည်။

ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုအစိုးရရန်ပုံငွေဖြင့် ရခိုင်ပြည်နယ်အတွင်း အိမ်ရာအလုံး ၃၀၀ ဆောက်လုပ်ရန် လျာထားပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် သဘာဝဘေးအန္တရာယ် ခံစားရသည့် ကျေးရွာများ၊ ဆင်းရဲချို့တဲ့သည့် ကျေးရွာများကို ဦးစားပေးအလိုက် ရွေးချယ်၍ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်းလည်း အဆိုပါရုံးမှ သိရသည်။

**သတင်း - ကျော်သူထက်**
**ဓာတ်ပုံ-ဟန်လင်းနိုင်**

# ပြည်တွင်းသတင်းမီဒီယာအဖွဲ့ ငန်းချောင်းကျေးရွာနှင့် အိုးထိန်းကျေးရွာများသို့ ကွင်းဆင်းသတင်းရယူ

**စစ်တွေ မတ် ၃၀**
စစ်တွေမြို့၌ ရောက်ရှိနေသည့် ပြည်တွင်း သတင်းမီဒီယာအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် မောင်တောမြို့သို့ ရောက်ရှိကြပြီး ငန်းချောင်းကျေးရွာနှင့် အိုးထိန်းကျေးရွာတို့သို့ မြေပြင်ကွင်းဆင်းသတင်းရယူကြသည်။

ရှေးဦးစွာ ပြည်တွင်းသတင်းမီဒီယာအဖွဲ့သည် မောင်တောမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့် တွေ့ဆုံပြီး မောင်တော ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ နေရပ်စွန့်ခွာသူများ စနစ်တကျပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေး၊ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (Identity Card for National Verification)ထုတ်ပေးနေမှုနှင့် လယ်ယာမြေကိစ္စရပ်များအပါအဝင် အခြားသိရှိလိုသည်များကို မေးမြန်းပြီး သတင်းရယူကြသည်။



သတင်းမီဒီယာအဖွဲ့များ မောင်တောမြို့နယ် ငန်းချောင်းကျေးရွာရှိ အစ္စလာမ်ဘာသာဝင်များအားတွေ့ဆုံကာ သိရှိလိုသည်များ မေးမြန်းသတင်းရယူကြစဉ်။ သတင်းစဉ်



မောင်တောမြို့သို့ ရောက်ရှိနေသည့် သတင်းမီဒီယာအဖွဲ့များ အိုးထိန်းကျေးရွာရှိ မြိုတိုင်းရင်းသားများနှင့် ဟိန္ဒူဘာသာဝင်များကို တွေ့ဆုံမေးမြန်း သတင်းရယူကြစဉ်။ သတင်းစဉ်

မွန်းလွဲပိုင်းတွင် သတင်းမီဒီယာအဖွဲ့သည် မောင်တောမြို့နယ်ရှိ အစ္စလာမ်ဘာသာဝင်များနေထိုင်ရာ ငန်းချောင်းကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာသားများနှင့် တွေ့ဆုံကာ လက်ရှိနေထိုင်စားသောက်မှု၊ ကျေးရွာတည်ငြိမ်အေးချမ်းမှု၊ နေရပ်စွန့်ခွာမှုအခြေအနေအပါအဝင် ၎င်းတို့သိရှိ လိုသည်များကို မေးမြန်းသတင်းရယူကြသည်။

ယင်းနောက် အိုးထိန်းကျေးရွာသို့ ရောက်ရှိကြပြီး မြိုတိုင်းရင်းသားများ၊ ဟိန္ဒူဘာသာဝင်များနှင့် တွေ့ဆုံကာ အကြမ်းဖက်တိုက်ခိုက်ခံရမှုအခြေအနေ၊ လက်ရှိတည်ငြိမ်အေးချမ်းမှုအခြေအနေအပါအဝင် အခြားသိရှိလိုသည်များကို မေးမြန်းသတင်းရယူကြသည်။

ဆက်လက်၍ အိုးထိန်းကျေးရွာ၌ မြိုတိုင်းရင်းသားများနှင့် ဟိန္ဒူဘာသာဝင်များနေထိုင်ရန် နေအိမ်များဆောက်လုပ်ပေးနေမှုကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် မြိုလူမျိုးများအား အိုးထိန်းကျေးရွာအနီး၌ ယာယီနေရာချထားပေးမှုအခြေအနေကို သွားရောက်လေ့လာကြသည်။

**သတင်းစဉ်**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်ဖက်ညှိနှိုင်း၍ လှည့်ကင်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၃၀**
မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်တို့သည် မတ် ၂၇ ရက် နံနက်ပိုင်းမှ မွန်းလွဲပိုင်းအထိ မိမိတို့နိုင်ငံအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်ခြားမှတ်တိုင် ၄၁ မှ ၄၂ အထိ နှစ်နိုင်ငံညှိနှိုင်း၍ လှည့်ကင်းဆောင်ရွက်ခဲ့သည်။

ထို့အတူ မြန်မာနိုင်ငံနယ်ခြားစောင့်ရဲတပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင် ၁၂ ဦးတို့သည် မတ် ၂၇ ရက် နံနက်ပိုင်းတွင် နှစ်နိုင်ငံပူးပေါင်း၍ ရေယာဉ်လေးစင်းဖြင့် နတ်မြစ်တစ်လျှောက် ညှိနှိုင်း လှည့်ကင်းဆောင်ရွက်ခဲ့သည်။

နှစ်နိုင်ငံ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကုန်းမြေနယ်နိမိတ်တွင် နှစ်ဖက်ညှိနှိုင်းချက်အရ Coordinated Patrol ကို ဖေဖော်ဝါရီ ၄ ရက်မှ ၂၆ ရက်ထိ နယ်ခြားမှတ်တိုင် ၄၂ မှ ၅၅ ထိ ၁၄ ကြိမ်၊ မတ် ၁၁ ရက်မှ ၂၇ ရက်ထိ နယ်ခြားမှတ်တိုင် ၃၁ မှ ၄၂ ထိ ခုနစ်ကြိမ်၊ စုစုပေါင်း ၂၁ ကြိမ်နှင့် ရေကြောင်းကင်းလှည့်ခြင်းကိုလည်း နတ်မြစ်ကြောင်းအတိုင်း မတ် ၅ ရက်၊ ၂၀ ရက်နှင့် ၂၇ ရက်တို့တွင် နှစ်နိုင်ငံ ညှိနှိုင်း၍ ဆောင်ရွက်နိုင်ခဲ့သည်။

နှစ်ဖက်ညှိနှိုင်း၍ ကင်းလှည့်ခြင်း Coordinated Patrol ကို နယ်ခြားမှတ်တိုင် အမှတ် ၄၅ အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

# ပေါက်တောမြို့နယ်ရှိ ဒေသခံများအား တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ပေါက်တော မတ် ၃၀**
ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်လွင် ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၁၀ နာရီက ပေါက်တောမြို့နယ်အတွင်း အထူးအစဉ်ဖြင့် ဆောင်ရွက်နေသော တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းနှင့် ရွှေ့လျားဆေးခန်း ဆောင်ရွက်နေမှုကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြသည်။

**ကူညီပံ့ပိုးပေး**

ထိုသို့သွားရောက်စဉ်အတွင်း ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်း ကျန်းမာ ရေးလုပ်သားများ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ၊ ကျေးရွာအုပ်ချုပ် ရေးမှူးများ၊ ဘာသာရေးခေါင်းဆောင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်သည်များကို ကူညီပံ့ပိုးပေးသည်။

ပေါက်တောမြို့နယ်အတွင်းရှိ ကာကွယ်ဆေးလွှမ်းခြုံမှုနည်းပါးသော ခက်ခဲဒေသ ဖြစ်သည့် စခန်းလေးခုနှင့် ကျေးရွာခြောက်ရွာတို့တွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ နှင့် မတ်လတို့တွင် အထူးအစီအစဉ်ဖြင့် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ သုံးနှစ်အောက်ကလေး ၁၄၆၁ ဦးနှင့် ကိုယ်ဝန်ဆောင် ၄၇၃ ဦးတို့ကို လိုအပ်သော ကာကွယ်ဆေးထိုးနှံပေးနိုင်ကြောင်း သိရသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

# ၂၀၁၇- ၂၀၁၈ ပညာသင်နှစ်၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**နေပြည်တော်**

**၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်**
**၂၀၁၇-၂၀၁၈ ပညာသင်နှစ်**
**အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း**
**ကြေညာခြင်း**

၂၀၁၇-၂၀၁၈ ပညာသင်နှစ်၊ အခြေခံပညာအဆင့် အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကို အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

**အခြေခံပညာဦးစီးဌာန၊ ၂၀၁၈ ခုနှစ်၊ ဒသမတန်း လူရည်ချွန်စာရင်း**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်လဗျဂ္ဂမ်ရိန်အောင် | All STAR (ကပက) | မြစ်ကြီးနား | မြစ်ကြီးနား |
| ၂ | မသန်းသန်းဆင့် | ရာပြည့်(ကပက) | မြစ်ကြီးနား | မြစ်ကြီးနား |
| ၃ | မောင်ဇိန်ထုန်နော်ထန့် | အထက(၂)ဝိုင်းမော် | ဝိုင်းမော် | မြစ်ကြီးနား |
| ၄ | မငွါးမီမီလေး | အထက(၂)ဝိုင်းမော် | ဝိုင်းမော် | မြစ်ကြီးနား |
| ၅ | မောင်အောင်မြင့်မော် | အထက(၁)မိုးညှင်း | မိုးညှင်း | မိုးညှင်း |
| ၆ | မအိအိဖြိုး | အထက(၁)မိုးညှင်း | မိုးညှင်း | မိုးညှင်း |
| ၇ | မောင်ချန်တန်ဖေးရီ | အထက(၁)ရွှေကူ | ရွှေကူ | ဗန်းမော် |
| ၈ | မရွှေစင်ကို | စံ(ကပက) | ဗန်းမော် | ဗန်းမော် |
| ၉ | မောင်မဘုဒီးရမ် | အထက-ဒုတ္ထန် | ပူတာအို | ပူတာအို |
| ၁၀ | မရင်ထန်ဆန်းဇီ | အထက-ဒုတ္ထန် | ပူတာအို | ပူတာအို |
| ၁၁ | မောင်ဟိန်းထက်စည်သူ | အထက(၃)လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် |
| ၁၂ | မပန်းဖြူဖြူဝင်း | အထက(၁)လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် |
| ၁၃ | မောင်စောကီးဒီယံ | အထက-ဖားဆောင်း | ဖားဆောင်း | ဘောလခဲ |
| ၁၄ | မမေစန္ဒီကျော် | အထက-ဖားဆောင်း | ဖားဆောင်း | ဘောလခဲ |
| ၁၅ | စောညဏ်မြတ်စင် | အထက(၂)ဘားအံ | ဘားအံ | ဘားအံ |
| ၁၆ | နော်စင်မြဖူး | အထက(၂)ဘားအံ | ဘားအံ | ဘားအံ |
| ၁၇ | မောင်မျိုးသီဟဇော် | အထက-ကြာအင်းဆိပ်ကြီး | ကြာအင်းဆိပ်ကြီး | ကော့ကရိတ် |
| ၁၈ | မနှင်းနှင်းဝေ | အထက(၁)ကော့ကရိတ် | ကော့ကရိတ် | ကော့ကရိတ် |
| ၁၉ | မောင်အောင်နိုင်ဝင်း | အထက(၃)ဟားခါး | ဟားခါး | ဟားခါး |
| ၂၀ | မဗျက်လဲင်ဖမ်း | အထက(၃)ဟားခါး | ဟားခါး | ဟားခါး |
| ၂၁ | မောင်လာလ်ရမ်မွေး | အထက(ခွဲ)ဖလမ်း | ဖလမ်း | ဖလမ်း |
| ၂၂ | မသဇင်ခိုင်ဝင်း | အထက(၂)ဖလမ်း | ဖလမ်း | ဖလမ်း |
| ၂၃ | မောင်တမ်ရှယ်လိန်း | အထက(၁)မင်းတပ် | မင်းတပ် | မင်းတပ် |
| ၂၄ | မကီးရှိန်းအွယ် | အထက(၁)မင်းတပ် | မင်းတပ် | မင်းတပ် |
| ၂၅ | မောင်ကောင်းမင်းခန့် | အထက(၁)စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၂၆ | မမြတ်မင်းသစ်နွယ် | အထက(၁)စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၂၇ | မောင်ခန့်ဇော်နိုင် | အထက(၂)ရွှေဘို | ရွှေဘို | ရွှေဘို |
| ၂၈ | မောင်အောင်ဇွဲမာန် | စံတော်ဝင်(ကပက) | ဝက်လက် | ရွှေဘို |
| ၂၉ | မတိုးလဲ့လဲ့ငြိမ်း | အထက-ခင်ဦး | ခင်ဦး | ရွှေဘို |
| ၃၀ | မဇူးဇူးဇင် | စံတော်ဝင်(ကပက) | ဝက်လက် | ရွှေဘို |
| ၃၁ | မောင်ထက်နိုင်လင်း | အထက(၁)မုံရွာ | မုံရွာ | မုံရွာ |
| ၃၂ | မခိုင်ရွှေစင် | ပါရမီ(ကပက) | မုံရွာ | မုံရွာ |

*ဆက်လက်ဖော်ပြပါမည်*

**အခြေခံပညာဦးစီးဌာန၊ ၂၀၁၈ ခုနှစ်၊ နဝမတန်း လူရည်ချွန်စာရင်း**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်ဆာဘော်ဇော်ဆီး | ရာပြည့်(ကပက) | မြစ်ကြီးနား | မြစ်ကြီးနား |
| ၂ | မနှင်းသီရိကျော် | အထက(၁)မြစ်ကြီးနား | မြစ်ကြီးနား | မြစ်ကြီးနား |
| ၃ | မောင်ဘွဲ့ဆမ် | အထက(၁)ဝိုင်းမော် | ဝိုင်းမော် | မြစ်ကြီးနား |
| ၄ | မထက်ထက်ရှိန် | အထက(၁)ဝိုင်းမော် | ဝိုင်းမော် | မြစ်ကြီးနား |
| ၅ | မောင်ထက်နိုင်လင်း | အထက-နမ္မတီး | မိုးကောင်း | မိုးညှင်း |
| ၆ | မယမင်းစည်သူ | အထက(၂)မိုးညှင်း | မိုးညှင်း | မိုးညှင်း |
| ၇ | မောင်မျိုးထွယ်အောင် | အောင်(ကပက) | ဗန်းမော် | ဗန်းမော် |
| ၈ | မဝင်းလဲ့လဲ့မောင် | အောင်(ကပက) | ဗန်းမော် | ဗန်းမော် |
| ၉ | မောင်ခွန်စိုးလင်း | အထက-ပူတာအို | ပူတာအို | ပူတာအို |
| ၁၀ | မဒေစီထွယ်နူး | အထက-ပူတာအို | ပူတာအို | ပူတာအို |
| ၁၁ | မောင်ရဲရင့်အောင် | အထက(ခွဲ)ငွေတောင် | ဒီးမော့ဆို | လွိုင်ကော် |
| ၁၂ | မနန်းအေးမြတ်ချမ်းဇံ | အထက(၁)လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် |
| ၁၃ | မောင်စောလင်းထက်ကိုကို | အထက-ဖားဆောင်း | ဖားဆောင်း | ဘောလခဲ |
| ၁၄ | မမေသဇင်မင်း | အထက-ဘောလခဲ | ဘောလခဲ | ဘောလခဲ |
| ၁၅ | စောကဲဗလု | အထက(၂)ဘားအံ | ဘားအံ | ဘားအံ |
| ၁၆ | နန်းဖြိုးဖြိုးစံ | အထက(၂)ဘားအံ | ဘားအံ | ဘားအံ |
| ၁၇ | မောင်ကောင်းထက်ဝေ | အထက(၂)မြဝတီ | မြဝတီ | ကော့ကရိတ် |
| ၁၈ | မခင်စုဝေ | အထက(၁)မြဝတီ | မြဝတီ | ကော့ကရိတ် |
| ၁၉ | မောင်ရှန်ကျုံးလျန် | အထက(၁)ဟားခါး | ဟားခါး | ဟားခါး |
| ၂၀ | မရှယ်ရွှန်ဒါရ်နဲမ်းတီၤလ် | အထက(၁)ဟားခါး | ဟားခါး | ဟားခါး |
| ၂၁ | မောင်လာလ်ဆွီးပြောင် | အထက(ခွဲ)ဖလမ်း | ဖလမ်း | ဖလမ်း |
| ၂၂ | မသျှန်းနွန်မွေး | အထက(၂)ဖလမ်း | ဖလမ်း | ဖလမ်း |
| ၂၃ | မောင်လိန်းမာန် | အထက(၁)မတူပီ | မတူပီ | မင်းတပ် |
| ၂၄ | မနိုင်းလီကုံ | အထက(၂)မင်းတပ် | မင်းတပ် | မင်းတပ် |
| ၂၅ | မောင်အောင်ပြည့်စုံ | အထက(၁)မြင်းမူ | မြင်းမူ | စစ်ကိုင်း |
| ၂၆ | မခင်ချမ်းမြေ့ထွန်း | အထက-အလ္လကပ္ပ | မြင်းမူ | စစ်ကိုင်း |
| ၂၇ | မောင်ထက်ဝေယံဟိန်း | စံတော်ဝင်(ကပက) | ဝက်လက် | ရွှေဘို |
| ၂၈ | မောင်ကောင်းသီဟထွန်း | ရွှေဗိမာန်(ကပက) | ရေဦး | ရွှေဘို |
| ၂၉ | မခင်ရတနာဖြိုးစံ | စံတော်ဝင်(ကပက) | ဝက်လက် | ရွှေဘို |
| ၃၀ | မလင်းလက်ရှင်းသာ | TWS (ကပက) | ရွှေဘို | ရွှေဘို |
| ၃၁ | မောင်ဝေယံဘုန်းမြင့် | ပါရမီ(ကပက) | မုံရွာ | မုံရွာ |
| ၃၂ | မဆုရွှေရည်ဖူး | အထက(၂)မုံရွာ | မုံရွာ | မုံရွာ |

*ဆက်လက်ဖော်ပြပါမည်*

**အခြေခံပညာဦးစီးဌာန၊ ၂၀၁၈ ခုနှစ်၊ အဋ္ဌမတန်း လူရည်ချွန်စာရင်း**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်လော့ဝိုင်ဒယ်နီရယ်ဒေါင်ခေါင် | အထက(ခွဲ)အလက(၃) | မြစ်ကြီးနား | မြစ်ကြီးနား |
| ၂ | မသွန်းဝတီလမင်း | အထက(ခွဲ)အလက(၃) | မြစ်ကြီးနား | မြစ်ကြီးနား |
| ၃ | မောင်စိုင်းသီဟအောင် | အထက(၂)ဝိုင်းမော် | ဝိုင်းမော် | မြစ်ကြီးနား |
| ၄ | မခင်သီသီလင်း | အထက(၂)ဝိုင်းမော် | ဝိုင်းမော် | မြစ်ကြီးနား |
| ၅ | မောင်အောင်ကျော်ကျော်ဗိုလ် | အလက-မြို့မ | မိုးညှင်း | မိုးညှင်း |
| ၆ | မထက်နန္ဒာဝင်း | အထက-လုံးခင်း | ဖားကန့် | မိုးညှင်း |
| ၇ | မောင်ဇော်အောင်ခမ်း | အထက(၂)ဗန်းမော် | ဗန်းမော် | ဗန်းမော် |
| ၈ | မမြသက်ခင် | အထက(၁)ရွှေကူ | ရွှေကူ | ဗန်းမော် |
| ၉ | မောင်ကျော်ရှင်းသန့် | အထက-ပူတာအို | ပူတာအို | ပူတာအို |
| ၁၀ | မနန်းအေးအေးထက် | အထက-ပူတာအို | ပူတာအို | ပူတာအို |
| ၁၁ | မောင်ဇွန်ဇင်မင်းထက် | အထက(၂)လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် |
| ၁၂ | မဆုလဲ့နန္ဒာ | အထက(၂)လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် |
| ၁၃ | မောင်သွင်ထူးနိုင် | အထက-ဖားဆောင်း | ဖားဆောင်း | ဘောလခဲ |
| ၁၄ | မရွှန်းလဲ့ရည်သန့် | အထက-ဘောလခဲ | ဘောလခဲ | ဘောလခဲ |
| ၁၅ | စောညဏ်လင်းအောင် | အထက-လှာကာ | ဘားအံ | ဘားအံ |
| ၁၆ | မကြယ်စင်လင်းလက် | အထက(၅)ဘားအံ | ဘားအံ | ဘားအံ |
| ၁၇ | မောင်ညိမ်းခန့်ကျော် | အထက-ကြာအင်းဆိပ်ကြီး | ကြာအင်းဆိပ်ကြီး | ကော့ကရိတ် |
| ၁၈ | မမေဦးငယ် | အထက(၁)ကော့ကရိတ် | ကော့ကရိတ် | ကော့ကရိတ် |
| ၁၉ | မောင်မာစတာကျုံချင်းဆန် | အထက(၁)ဟားခါး | ဟားခါး | ဟားခါး |
| ၂၀ | မထာလေ့တီၤလ် | အထက(၁)ဟားခါး | ဟားခါး | ဟားခါး |
| ၂၁ | မောင်ဖရေဒီမန်ဘွဲ့နောလ် | အထက(၂)ဖလမ်း | ဖလမ်း | ဖလမ်း |
| ၂၂ | မနော်မီဒွေါ်လှယ်တီလ် | အထက(၂)ဖလမ်း | ဖလမ်း | ဖလမ်း |
| ၂၃ | မောင်နိုင်းမနား | အလက(ခွဲ)ကန်ပက်လက် | ကန်ပက်လက် | မင်းတပ် |
| ၂၄ | မရွှေမနားချိုင် | အထက(၁)မင်းတပ် | မင်းတပ် | မင်းတပ် |
| ၂၅ | မောင်မြင့်မြတ်ဟိန်း | အထက(၁)စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၂၆ | မလျှမ်းပြည့်အိမ် | အထက(၁)စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၂၇ | မောင်လမင်းထက်သာ | (D)ပျိုးခင်း(ကပက) | ရွှေဘို | ရွှေဘို |
| ၂၈ | မောင်ရှင်းခန့်မောင် | အထက(၁)ရေဦး | ရေဦး | ရွှေဘို |
| ၂၉ | မငြိမ်းချမ်းရွှေစင် | အထက(၂)တန့်ဆည် | တန့်ဆည် | ရွှေဘို |
| ၃၀ | မရူပကာမိုးလွင် | အထက(၁)ကန့်ဘလူ | ကန့်ဘလူ | ရွှေဘို |
| ၃၁ | မောင်ညဏ်လင်းဇော် | ပါရမီ(ကပက) | မုံရွာ | မုံရွာ |
| ၃၂ | မရတီလင်းဖြူ | ပါရမီ(ကပက) | မုံရွာ | မုံရွာ |

**ဆက်လက်ဖော်ပြပါမည်**

❏ *ကျောဖုံးမှ*

ယာဉ်လိုင်းတစ်လိုင်းနဲ့ သာကေတ ခိုင်ရွှေဝါဘတ်စ်ယာဉ်လိုင်း မရောက် သေးတဲ့နေရာတွေအတွက် ယာဉ်လိုင်း တစ်လိုင်းကို ဧပြီလဆန်းပိုင်းမှာ စတင် ပြေးဆွဲပေးသွားမှာဖြစ်ပါတယ်'' ဟု ဒေါက်တာမောင်အောင်က ပြောသည်။

အဆိုပါ အများပိုင်ဘတ်စ်ကား ကုမ္ပဏီကို ရန်ကုန်တိုင်းဒေသကြီး အစိုးရ၏ ရင်းနှီးမြှုပ်နှံမှု ၈၅ ရာခိုင်နှုန်း၊ အများပြည်သူအစုရှယ်ယာ ၁၅ ရာခိုင် နှုန်းဖြင့် ဖွဲ့စည်းထားပြီး စုစုပေါင်းရင်းနှီး မြှုပ်နှံမှု ငွေကျပ် ၅၇ ဘီလီယံတန်ဖိုး ရှိကြောင်း၊ ယခုအခါ ယာဉ်လိုင်းခုနစ် လိုင်း၊ ဘတ်စ်ကားစီးရေ ၅၀၀ ကျော် ဖြင့် ပြေးဆွဲနေရာမှ မကြာမီ ထပ်မံ တိုးလာမည့် ယာဉ်လိုင်းသုံးခုအတွင်း ဘတ်စ်ကားအသစ် စီးရေ ၁၀၀ ကျော် ထည့်မည်ဖြစ်၍ စုစုပေါင်း ယာဉ်စီးရေ ၆၁၅ စီးအထိ ရှိလာမည်ဖြစ်ကြောင်း၊ YBPC မော်တော်ယာဉ်များကို YRTA ၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် YBS စနစ်ဖြင့် ယာဉ်လိုင်းအမှတ် YBS ၃၇၊ ၈၇၊ ၈၈၊ ၈၉၊ ၄၃၊ ၆၂ နှင့် ၇၂ ဟူ၍ ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

အဆိုပါ YUBC မော်တော်ယာဉ် များကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၇ ရက် တွင် စတင်ပြေးဆွဲခဲ့ပြီး အစုရှယ်ယာ တစ်စုလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် အများပြည်သူအား ထုတ်ရောင်းခဲ့ရာ အစုရှယ်ယာပေါင်း ၁၈၀၀ ရှိကြောင်း၊ သို့သော်လည်း ရင်းနှီးမြှုပ်နှံရေးကာလ ဖြစ်သည့်အတွက် ရှယ်ယာအမြတ်ငွေ ခွဲဝေပေးနိုင်ခြင်း မရှိသေးကြောင်း၊ သို့သော်လည်း နေ့စဉ်ဘတ်စ်ကားယာဉ် လိုင်းများမှ ဝင်ငွေရနေခြင်းကြောင့် အလားအလာကောင်းကြောင်း သိရ သည်။

ရန်ကုန်မြို့တွင် ဘတ်စ်ကားစီး ခရီးသွားပြည်သူ နေ့စဉ် နှစ်သန်းကျော် ရှိနေကြောင်း၊ YUBC ကဲ့သို့ ဘတ်စ်ကား ကုမ္ပဏီ ၁၇ ခုအထိ ရှိလာကြောင်း၊ ယာဉ်လိုင်းပေါင်း ၉၀ ကျော်၊ ယာဉ်စီးရေ ၄၀၀၀ ကျော်ဖြင့် ဝန်ဆောင်မှုပေးနေ ကြောင်း၊ YUBC က နိုင်ငံတကာ အဆင့်မီ BUS Terminal နှင့် ကား Service Centre ကြီးတစ်ခုကိုလည်း ဒဂုံတက္ကသိုလ်အနီးတွင် တည်ဆောက် သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

## လက်ာရည်ကျော်၏ ရုပ်ရှင်ရှုး၊ ရုပ်ရှင်နှမ်း၊ စာရေးဆရာဟောပြောပွဲနှင့် တိမ်ပန်းတိုင်စာအုပ်သစ် မိတ်ဆက်ပွဲကျင်းပမည်

**ရန်ကုန် မတ် ၃၀**

စာရေးဆရာ လက်ာရည်ကျော်၏ "ရုပ်ရှင်ရှူး၊ ရုပ်ရှင်နှမ်း၊ စာရေးဆရာ" ခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲကို ဧပြီ ၁ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၃ နာရီ အထိ ၄၆ လမ်း၊ အလယ်ဘလောက် ဗဟိုပုံနှိပ်ထုတ်ဝေရေးခန်းမ၌ ကျင်းပ မည်ဖြစ်ကြောင်း သိရသည်။

ဟောပြောပွဲအပြီး ညနေ ၃ နာရီမှ ၄ နာရီအထိ သိမ်ဖြူလမ်း၊ ရန်ကုန် စာအုပ်လမ်းတွင် နန်းဒေဝီစာပေက ဖြန့်ချိသည့် လက်ာရည်ကျော်၏ တိမ်ပန်း တိုင် စာအုပ်သစ်မိတ်ဆက်ပွဲနှင့် လက်မှတ် ရေးထိုးရောင်းချပွဲကို တစ်ဆက်တည်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရ သည်။

**မြန်မာ့အလင်း**

# ထိုင်းနိုင်ငံမှ တရားမဝင်လက်နက်များ ဝယ်ယူလာသော မြန်မာနိုင်ငံသားတစ်ဦး မြန်မာ-ထိုင်းနယ်စပ်၌ ဖမ်းဆီးရမိ

**မယ်ဆိုင် မတ် ၃၀**

ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းရိုင်ခရိုင် မယ်ဆိုင်မြို့ မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတား ထိုင်းဘက်ပူးပေါင်း စစ်ဆေးရေးဂိတ်၌ မြန်မာနိုင်ငံသားတစ်ဦး ထံမှ ရိုင်ဖယ်သေနတ် သုံးလက်နှင့် ကျည် ၂၅၀၀ တောင့်ကို မတ် ၂၉ ရက်က ဖမ်းဆီးရမိသည်။

အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ အမှတ်(၂) ချစ်ကြည်ရေးတံတားရှိ အကောက်ခွန်ဌာန အစည်းအဝေးခန်းမ၌ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

၎င်းသတင်းစာရှင်းလင်းပွဲသို့ ချင်းရိုင်ခရိုင် အကောက်ခွန်ဦးစီးဌာနမှ အကောက်ခွန်ညွှန်ကြားရေးမှူး နိုင်းလိစုမ်ဘတ်စီရီ၊ ခရိုင်အကောက်ခွန် လက်ထောက်ညွှန်ကြားရေးမှူး နိုင်းနိုင်း အွေ့ချိုင်းကွန် ထိမွန်တရီ၊ ခရိုင်အကောက်ခွန်ဝန်ထောက် နန်ချလီဒါ ဖန်းကရဝီ၊ မယ်ဆိုင်မြို့နယ် အကောက်ခွန်ဝန်ထောက် နန်ဖတ်ရီစူကျစ်ဖိထလုမ်၊ အမှတ်(၃) လူပ်ရှားယန္တရားတပ်ဖွဲ့ဝင်များနှင့် မယ်ဆိုင် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၂၅ ဦးခန့် တက်ရောက်ခဲ့သည်။

မတ် ၂၉ ရက် နံနက် ၁၀ နာရီခန့်က မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတား ထိုင်းဘက် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှ မြန်မာနိုင်ငံ တာချီလိတ်မြို့သို့ ပြန်လည်ဝင်ရောက်လာမည့် ယာဉ်မောင်း မြန်မာနိုင်ငံသား စိုင်းနော်(၂၇ နှစ်)သည် Toyota Commuter မော်တော်ယာဉ်ဘောနံရံအတွင်းမြှုပ်၍ သယ်ဆောင်လာသော Czech Republic နိုင်ငံထုတ် CZ455 အမျိုးအစား ပွိုင့် ၂၂ ရိုင်ဖယ်သေနတ်သုံးလက်၊ ၎င်းကျည်တစ်ဘူးလျှင် အတောင့် ၅၀ ပါ ဘူး ၅၀ စုစုပေါင်း ၂၅၀၀ တောင့်တို့အား ရှာဖွေတွေ့ရှိ၍ ဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပခဲ့ကြောင်း သိရှိရသည်။

"လက်နက်နဲ့ ဖမ်းဆီးရမိ မြန်မာနိုင်ငံသားကို ထိုင်းအကောက်ခွန်အက်ဥပဒေပုဒ်မနဲ့ အရေးယူ ဆောင်ရွက်သွားပါမယ်၊ နောက်ပြီး သေနတ်သုံးလက်ကို ခွင့်ပြုချက် အထောက်အထားမရှိဘဲ ရောင်းချပေးတဲ့ ထိုင်းနိုင်ငံသားကိုလည်း ဆက်လက်ပြီး ဖမ်းဆီးအရေးယူသွားပါမယ်" ဟု ချင်းရိုင်း ခရိုင်အကောက်ခွန်ဌာနမှ ညွှန်ကြားရေးမှူး နိုင်းလိစုမ်ဘတ်စီရီက ပြောသည်။

အမှုမှ လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိသူ မြန်မာနိုင်ငံသား စိုင်းနော်(၂၇ နှစ်)အား ချင်းရိုင် ခရိုင်အကောက်ခွန်ဌာနက ၂၀၁၇ ထိုင်းအကောက်ခွန်အက် ဥပဒေပုဒ်မ ၂၄၂ ဖြင့် အမှုဖွင့်လှစ်ပြီး လက်နက်များရောင်းချပေးခဲ့သူ ထိုင်းနိုင်ငံသား ထိုင်းနိုင်ငံ မယ်ဆိုင်မြို့နယ် ဖသဲ့ရပ်ကွက်နေသူအား ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-မြင့်မိုရ်(တာချီလိတ်)**



မြန်မာ-ထိုင်း အမှတ်(၁)ချစ်ကြည်ရေးတံတား ထိုင်းဘက်ပူးပေါင်း စစ်ဆေးရေးဂိတ်၌ သိမ်းဆည်းရမိခဲ့သည့် ရိုင်ဖယ်သေနတ်သုံးလက်နှင့် ကျည်ဆန်များကို တွေ့ရစဉ်။

# ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများစီးနင်းလာသည့်ကား မီးလောင်မှုဖြစ်၍ လူ ၂၀ ခန့် သေဆုံး

**နေပြည်တော် မတ် ၃၀**

ထိုင်းနိုင်ငံ မဲဆောက်မြို့မှ ဗန်ကောက်မြို့သို့ ထွက်ခွာလာသည့် မှန်လုံမော်တော်ယာဉ်သည် မတ် ၃၀ ရက် နံနက် ၂ နာရီခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ အဆိုပါကားပေါ်တွင် မြန်မာလူမျိုး ရွှေ့ပြောင်းအလုပ်သမား ၄၇ ဦး လိုက်ပါစီးနင်းခဲ့ခြင်းဖြစ်ပြီး ယင်းအနက်မှ မြန်မာအလုပ်သမား ၂၀ ခန့် မီးလောင်မှုကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

အမျိုးသမီး သုံးဦးမှာလည်း ထိခိုက်ဒဏ်ရာများ ရရှိခဲ့ပြီး မဲဆောက်မြို့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း ကျန်တစ်ဦးအားလည်း မီဆနူလောက်ဆေးရုံတွင် ဆေးကုသပေးနေကြောင်း သိရသည်။

မီးလောင်မှုတွင် မြန်မာရွှေ့ပြောင်းအလုပ်သမားများဖြစ်သည့် ကိုသန့်ဇင်အောင်၊ ကိုလုစန်းအောင်၊ မဝတ်ရည်ဦး၊ မသူဇာညို၊ မခင်သန်းဝင်း၊ မလဲ့လဲ့စန်း၊ မစောဌေး၊ မငြိမ်းငြိမ်းဌေး၊ မဇင်မာမိုး၊ မအိဖြူ၊ မဇာဇာနွယ်၊ မမာမာလွင်၊ မတင်နီလာအောင်၊ မနှင်းဝေ၊ မတင်မာလင်း၊ မမြင့်မြင့်ခိုင်၊ မချိုမာဝင်း၊ မစန္ဒာဝင်း၊ မပန်းအိဖြူနှင့် မချိုချိုမွှေး တို့မှာ သေဆုံးခဲ့ကြောင်း သိရသည်။

သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများအတွက် မဲဆောက်မြို့ရှိ အလုပ်သမားသံအရာရှိ ဦးအောင်ခင်မြင့်က လိုက်ပါဆောင်ရွက်ပေးနေပြီး အလုပ်သမားသံအရာရှိများသည် အဆိုပါအလုပ်သမားများ သေဆုံးခဲ့မှုအတွက် နာရေးကိစ္စရပ်များနှင့် ခံစားခွင့် ကိစ္စရပ်များအတွက် ဆောင်ရွက်ညှိနှိုင်းပေးနေကြောင်း သိရသည်။ မိသားစုဝင်များအနေဖြင့် ထိုင်းနိုင်ငံရှိ အလုပ်သမားသံအရာရှိများဖြစ်သော ဦးအောင်ခင်မြင့် ဖုန်း ၀၆၅၂၂၀၆၅၉၃၁၊ ဦးစန်းမောင်ဦး ၀၉-၄၄၈၈၄၅၄၈၄၊ ဦးဦးခင်မောင် ၀၉-၉၀၅၉၂၃၅၂၊ ဦးမျိုးထက်သူ ၀၆၅၂၂၀၆၉၅၁၊ ဦးနိုင်မင်းသူ ၀၆၅၂၂၀၆၉၅၂တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ အလုပ်သမားသံအရာရှိရုံးမှ သိရှိ ရသည်။

**ခင်ရတနာ**

# တူမီးသေနတ်နှင့် ဆက်စပ်ပစ္စည်းများသိမ်းဆည်းရမိ

**နေပြည်တော် မတ် ၃၀**

မြို့ချောင်း (၂)မိုင်စခန်းမှ တပ်ဖွဲ့ဝင်များ၊ ကျောက်တံခါးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆင်မုဆိုး သတင်းအရ ကျောက်တံခါးမြို့နယ်၊ ဘိုင်းဒါးကြိုးဝိုင်းအတွင်း မတ် ၂၈ ရက် မွန်းလွဲ ၂ နာရီက စစ်ဆေးခဲ့ရာ တူမီးသေနတ်တစ်လက်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိကြောင်း သိရသည်။

ပူးပေါင်းအဖွဲ့စစ်ဆေးစဉ် အဆိုပါကြိုးဝိုင်း လဟာကွင်းတဲစု မြောက်ဘက် ပေ ၁၀၀ ခန့်အကွာ ဝါးရုံပင်အောက် တဲအတွင်းမှ တူမီးသေနတ်တစ်လက်၊ ယမ်းထောင်းတံတစ်ချောင်း၊ ယမ်းမှုန့် တစ်ဝက်ခန့်ရှိ C-Plus တစ်ဘူး၊ သံဘောစေ့ ၁၄၁ လုံး၊ ယမ်းခွေနှစ်ခွေနှင့် ပါဝါဓာတ်ခဲအသေးရှစ်လုံးတို့အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**ကိုရဲ**

# ကာမစိတ်ကြွဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများသိမ်းဆည်းရမိ

**နေပြည်တော် မတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ တာမွေ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၉ ရက် ည ၈ နာရီက တင်ဝင်း(ခ)အက်စကဲလ်(၃၇ နှစ်)၏ တာမွေကြီး(ခ) ရပ်ကွက်ရှိ ဆိုင်ခန်းတွင် ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ မှတ်ပုံတင်ထားခြင်းမရှိသော ကာမစိတ်ကြွဆေးဝါးများ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှာ ပူးပေါင်းအဖွဲ့များ အဆိုပါဆိုင်ခန်းအတွင်း စစ်ဆေးစဉ် မတ် ၂၉ ရက်က ဆိုင်ခန်းအတွင်း တရားမဝင်ကာမ စိတ်ကြွဟိုမုန်းဆေး Drx 100 စာတန်းပါ တစ်ကတ်လျှင် ဆေးလုံးလေးလုံးစီပါ ဆေးကတ် ၁၇ ကတ်၊ တစ်လုံးစီညှပ်ထားသည့် ဆေးလုံး ၈၀၊ Mastigra-100 စာတန်းပါတစ်ကတ်လျှင် ဆေးလုံးလေးလုံးစီပါ ဆေးကတ်လေးကတ်၊ Xtra Force-100 စာတန်းပါတစ်ကတ်လျှင် ဆေးလုံးလေးလုံးစီပါဆေးကတ်နှစ်ကတ်၊ Max Man စာတန်းပါဆေးဘူးတစ်ဘူးနှင့် ဘူးအတွင်း၌ ဆေးတောင့်နှင့် ဆေးလုံးတွဲလျက်ခြောက်တွဲပါ ဆေးကတ်တစ်ကတ်၊ သုံးတွဲပါဆေးကတ်တစ်ကတ်၊ Ins Tinct စာတန်းပါ ဆေးလုံးခြောက်လုံးပါ တစ်ကတ်နှင့် သုံးလုံးပါ တစ်ကတ်၊ နဂါးပုံတံဆိပ်ပါ ဆေးတောင့်နှင့် ဆေးလုံးနှစ်လုံးတွဲထားသည့် ဆေးတွဲနှစ်စုံ၊ Usa Black Gold စာတန်းပါဘူးအတွင်း ဆေးလုံးခုနစ်လုံး၊ Crown 3000 စာတန်းပါ ဆေးလုံးခြောက်လုံး၊ Green Vingra စာတန်းပါ သံဘူးအသေးဖြင့် ထည့်ထားသော ဆေးလုံး ၁၉ လုံး၊ V8 စာတန်းပါ ဖန်ပုလင်းအတွင်းမှ ဆေးတောင့်နှစ်တောင့်နှင့် ကာမစိတ်ကြွအောင်ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ကိရိယာပစ္စည်းမျိုးစုံတို့ တွေ့ရှိသိမ်းဆည်းရမိခဲ့သောကြောင့် တင်ဝင်း(ခ)အက်စကဲလ်အား တာမွေမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ပိတောက်ခားရွေ သယ်ဆောင်သည့်ယာဉ်လေးစီး ဖမ်းမိ

**နေပြည်တော် မတ် ၃၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၂၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၆၇ စီး၊ သွင်းကုန် ၉၅၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂ စီး၊ သွင်းကုန် ၁၅၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၂၉ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈ ဒသမ ၇၇၁ သန်းခန့်၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၀၆၅ သန်းခန့်၊ စုစုပေါင်းတားဆီးမှု ၁၁ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉ ဒသမ ၈၃၆ သန်းခန့်အား ဖမ်းဆီးရမိခဲ့သည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၂၉ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် မိုင်တိုင်အမှတ် ၁၉၃ မိုင်၊ ပန်ဖတ်ရွာအတွင်း ပြန်လှည့်သွားသော Toyota Wish မော်တော်ယာဉ် နှစ်စီးနှင့် Toyota Succeed မော်တော်ယာဉ် နှစ်စီးတို့အား လိုက်လံစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေ ၆၉ တုံး ၁ ဒသမ ၅၉၀၄ တန်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် လေးစီး စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၁၈ ဒသမ ၇၇၀ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေနှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်များ။

# မိုးညှင်း၌ မိုင်းပေါက်ကွဲ၍ ရွာသားတစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရရှိ

**မိုးညှင်း မတ် ၃၀**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ထန်းတပင်ကျေးရွာသားလေးဦးတို့သည် မိုးညှင်းမြို့ အရှေ့ဘက်(၇)မိုင်ခန့်အကွာရှိ ကျောက်ဖြူတောင်၌ ဟင်းသီးဟင်းရွက် သွားရောက်ရှာဖွေခူးယူစဉ် အမည်မသိ လက်နက်ကိုင်အဖွဲ့တစ်ခု ထောင်ထားသော မိုင်းအားနင်းမိရာမှ ပေါက်ကွဲမှုဖြစ်ပြီး တစ်ဦးသေဆုံး၍ တစ်ဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ရပ်သို့ မိုးညှင်းမြို့မရဲစခန်းမှ ရဲအုပ်သန်းဝေ ဦးစီး ပူးပေါင်းအဖွဲ့များ သွားရောက်ကြည့်ရှုစစ်ဆေးရာ မတ် ၃၀ ရက် နံနက် ၉ နာရီခန့်က ထန်းတပင်ကျေးရွာသားများဖြစ်သော ဇော်မင်း(၃၉ နှစ်)၊ ဌေးအောင်(၃၆ နှစ်)၊ လှမင်း(၂၃ နှစ်)၊ စိုးဝင်း(၃၆ နှစ်)တို့သည် ကျောက်ဖြူတောင်သို့ သွားရောက်၍ ဟင်းပျင်းသီးများခူးကြစဉ် ခြေနင်းမိုင်းအားနင်းမိပြီး ပေါက်ကွဲခဲ့ကြောင်း သိရသည်။ ယင်းဖြစ်စဉ်ကြောင့် စိုးဝင်းတွင် ဒဏ်ရာများရရှိကာသေဆုံးခဲ့ပြီး လှမင်းတွင် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဌေးအောင်က ဖုန်းဖြင့်သက်ဆိုင်ရာသို့ ဆက်သွယ်အကြောင်းကြားခဲ့သဖြင့် သေဆုံးသူ၏အလောင်းနှင့် ဒဏ်ရာရရှိသူတို့အား မိုးညှင်းမြို့မေတ္တာလေညှင်း လူမှုကူညီရေးအသင်းမှ မော်တော်ယာဉ်ဖြင့် သယ်ဆောင်၍ မိုးညှင်းခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ မိုးညှင်းမြို့မရဲစခန်းက ဆက်လက်စစ်ဆေးစုံစမ်းလျက်ရှိကြောင်း သိရသည်။

**၀၆၇**

**စက်ရုံလွှင့်ထုတ်၊ လေညစ်ပုပ် တောတွင်းသစ်ပင်၊ အကုန်စုပ် တို့တွေရှူသွင်း၊ လေသန့်ရှင်း မခြွင်းရမှာ၊ တောကသာ။**

# မြောက်ကိုရီးယားခေါင်းဆောင်နှင့်အတူ ဆွေးနွေးမှုမှ များစွာ မျှော်လင့်ထားကြောင်း ထရန့်ဖော်ပြ




**ဝါရှင်တန် မတ် ၃၀**

အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် မြောက်ကိုရီးယား၏ တုံ့ပြန်မှုနှင့်ပတ်သက်၍ သတိထားရန် တိုက်တွန်းလျက်ရှိသကဲ့ သို့ မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းနှင့် ကျင်းပမည့် ထိပ်သီးအစည်းအဝေးမှ များစွာမျှော်လင့်ထားကြောင်း အလေးအနက်ဖော်ပြခဲ့သည်။

ထရန့်သည် ကြာသပတေးနေ့က အနောက်အလယ်ပိုင်း ပြည်နယ် အိုဟိုင်းယိုး၌ အမေရိကန်ပြည်ထောင်စုသည် မြောက်ကိုရီးယားအရေးတွင် ကောင်းသော အရွေ့ဖြင့် ရှေ့ဆက်နေကြောင်းနှင့် တင်းမာမှုအခြေအနေများသည် အတိုင်းအတာတစ်ခုအထိ လျော့ပါးလာနေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

မကြာသေးမီက ပြုလုပ်ခဲ့သည့် တရုတ်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးနှင့် အခြားသော ဖွံ့ဖြိုးတိုးတက်မှုများကို အပြုသဘောဆောင်သည့် လှုပ်ရှားမှုများအဖြစ် ထရန့်က ရှုမြင်သုံးသပ်နိုင်ဖွယ်ရှိကြောင်း အင်န်အိတ်ချ်ကေ သတင်းထောက်တစ်ဦးက ပြောကြားခဲ့သည်။

ကင်နှင့်ထိပ်သီးအစည်းအဝေးကျင်းပရန်စီစဉ်ထားမှုနှင့်ပတ်သက်၍ ထရန့်က အကယ်၍ အခြေအနေများကောင်းလျှင် ယင်းအခြေအနေကိုလက်ခံကြိုဆိုရမည်ဖြစ်ကြောင်း ဖြည့်စွက်ပြောကြားခဲ့သည်။ ထရန့်သည် မြောက်ကိုရီးယားနှင့် လွတ်လပ်စွာကုန်သွယ်ရေးသဘောတူစာချုပ် ပြန်လည်ညှိနှိုင်းဆွေးနွေးမှုအဆုံးသတ်ရန် နှောင့်နှေးကြန့်ကြာနိုင်ဖွယ်ရှိမှုကိုလည်း စောင်းပါးရိပ်ခြည်ပြောဆိုခဲ့သည်။ မြောက်ကိုရီးယားနှင့် သဘောတူညီမှုမပြုလုပ်ရမချင်း ယင်းစာချုပ်ကို ဆက်လက်ထိန်းထားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယင်းအခြေအနေသည် အလွန်ခိုင်မာသည့် ဖဲချပ်တစ်ခု ဖြစ်ပြီး လူတိုင်းကို မျှတစွာဆက်ဆံကြရေး သေချာအောင် လုပ်ဆောင်လိုကြောင်း ထရန့်က ပြောကြားခဲ့သည်။

ထရန့်အနေဖြင့် မြောက်ကိုရီးယားခေါင်းဆောင်နှင့် ဆွေးနွေးပွဲများ ကျင်းပမှုမတိုင်မီ တောင်ကိုရီးယားထံမှ အထောက်အကူပိုမိုရရှိစေရေးဆွဲဆောင်ရန်အတွက် ကုန်သွယ်ရေးစာချုပ်ကို စေ့စပ်ညှိနှိုင်းရေး ကိရိယာတစ်ခုအနေဖြင့် အသုံးချသွားနိုင်ဖွယ်ရှိကြောင်း ခန့်မှန်းချက်များ ပေါ်ထွက်လျက် ရှိသည်။

**အင်န်အိတ်ချ်ကေ**

# ဂျပန်နှင့် အိန္ဒိယတို့ စီးပွားရေးပူးပေါင်းဆောင်ရွက်မည်




**တိုကျို မတ် ၃၀**

ဂျပန်နှင့် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးနှစ်ဦးတို့သည် အင်ဒိုပစိဖိတ် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုက အိန္ဒိယပြည်ပရေးရာဝန်ကြီး ဆတ်ဆမာဆွာရတ်ချ်အား အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံခန့်တန်ဖိုးရှိသည့် ဂျပန်ယန်းငွေကိုချေးငွေအဖြစ် ပေးအပ်သွားမည့် အစိုးရအဖွဲ့၏ အစီအစဉ်ကို အိန္ဒိယပြည်ပရေးရာဝန်ကြီး ဆတ်ဆမာဆွာရတ်ချ်အား တိုကျို၌ ပြောကြားခဲ့သည်။

ယင်းငွေကြေးကို မွမ်ဘိုင်း၌ မြေအောက် ရထားစနစ်တည်ဆောက်ရေးအပါအဝင် စီမံကိန်းလုပ်ငန်းအချို့တွင် သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

အာဏာပိုင်များသည် ဆိပ်ကမ်းများနှင့်မြန်နှုန်းမြင့် ရထားကွန်ရက်အပါအဝင် အခြားအခြေခံအဆောက်အအုံများကို အဆင့်မြှင့်တင်ရာတွင် ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။

ဘဏ္ဍာနှစ် ကုန်ဆုံးချိန်အတွင်း အိန္ဒိယနိုင်ငံသို့ချေးငွေပမာဏ စုစုပေါင်း ၃ ဒသမ ၆ ဘီလီယံဒေါ်လာပေးအပ်သွားရန် နောက်ဆုံးဆုံးဖြတ်ချက်ချမှတ်လိုက်ကြောင်း သိရသည်။ ယင်းပမာဏသည် နှစ်နိုင်ငံလုံးအတွက် အမြင့်ဆုံးပမာဏအဖြစ် စံချိန်တင်ခဲ့သည်။

ဂျပန်နှင့် အိန္ဒိယတို့သည် မူဘောင်သစ်တစ်ခုကို တည်ထောင်သွားကြရန်လည်း သဘောတူညီခဲ့သည်။ နှစ်နိုင်ငံအစိုးရအဖွဲ့နှင့် ပုဂ္ဂလိကကဏ္ဍမှ တာဝန်ရှိသူများသည် စီစဉ်မှုများအောက်တွင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် အခြားသော အကြောင်းအရာများကို ဆွေးနွေးသွားနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ရုရှားနိုင်ငံက အမေရိကန်နိုင်ငံ၏ သံတမန်ဝန်ထမ်းပေါင်း ၆၀ကို ပြန်လည်ထွက်ခွာစေမည်ဖြစ်ကြောင်းနှင့် စိန့်ပီတာစဘတ်ရှိ အမေရိကန်ကောင်စစ်ဝန်ချုပ်ရုံးကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း ပြောကြား

**မော်စကို မတ် ၃၀**

ရုရှားနိုင်ငံက အမေရိကန်နိုင်ငံ၏ သံတမန် ဝန်ထမ်းပေါင်း ၆၀ ကိုပြန်လည်ထွက်ခွာစေမည်ဖြစ်ကြောင်းနှင့် စိန့်ပီတာစဘတ်ရှိ အမေရိကန်ကောင်စစ်ဝန်ချုပ်ရုံးကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးက မတ် ၂၉ ရက်တွင် ရုရှားနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဂျွန်ဟန့်မင်းန်အား ခေါ်ယူတွေ့ဆုံပြီးနောက် ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်ကြောင်း သိရ သည်။

ရုရှားနိုင်ငံအနေဖြင့် နိုင်ငံခြားရေး တန်းတူညီမျှမှုဝါဒအရ အမေရိကန်နိုင်ငံ၏ သံတမန်ပေါင်း ၆၀ကို ပြန်လည်ထွက်ခွာစေမည့် အမည်စာရင်းထဲသို့ ထည့်သွင်းခဲ့သလို ဧပြီ ၅ ရက် မတိုင်မီ ရုရှားနိုင်ငံမှ ထွက်ခွာပေးရမည်ဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံအနေဖြင့် ရုရှားနိုင်ငံဆန့်ကျင်ရေး လုပ်ငန်းများအား ထောက်ပံ့အားပေးမှုများကို အမြဲလုပ်ဆောင်ခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေး ထိခိုက်စေသော အပြုအမူများကို ဆက်လက်မဆောင်ရွက်ရန် လေးနက်စွာ စဉ်းစားသင့်ကြောင်း၊ အမေရိကန်နိုင်ငံအနေဖြင့် ရုရှားနိုင်ငံ၏ အမေရိကန်ဆိုင်ရာ ရုရှားသံတမန်များအား ရန်မူသည့် ဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်ပါက ရုရှားနိုင်ငံအနေဖြင့် တုံ့ပြန်မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရုရှား ထောက်လှမ်းရေးသမားဟောင်းနှင့် ၎င်း၏သမီးတို့ ဗြိတိန်နိုင်ငံတွင် အဆိပ်သင့်သေဆုံးခဲ့ခြင်းမှ စတင်ခဲ့သည့် နိုင်ငံခြားရေး ပြဿနာကြောင့် မတ် ၁၄ ရက်တွင် ဗြိတိန်နိုင်ငံဝန်ကြီးချုပ်က ရုရှားနိုင်ငံ သံတမန်ပေါင်း ၂၃ ဦးကို ပြန်လည်ထွက်ခွာစေခဲ့သည်။

မတ် ၁၇ ရက်ကလည်း ရုရှားနိုင်ငံက ဗြိတိန်နိုင်ငံမှ သံတမန်ပေါင်း ၂၃ ဦးကို ထွက်ခွာစေခြင်းဖြင့် တုံ့ပြန်မှုဆောင်ရွက်ခဲ့သည်။

မတ် ၂၆ ရက်တွင်လည်း အီးယူအဖွဲ့ဝင် နိုင်ငံပေါင်း ၁၆ နိုင်ငံနှင့် အမေရိကန်၊ ကနေဒါနှင့် ယူကရိန်း စသည့် နိုင်ငံများက ၎င်းတို့ နိုင်ငံအသီးသီး ရှိ ရုရှားနိုင်ငံမှ သံတမန်ပေါင်း ၁၀၀ ကျော် ကို ပြန်လည်ထွက်ခွာစေခဲ့ကြောင်း သိရ သည်။

**ဆင်ဟွာ**



## ထိုင်းနိုင်ငံ၌ မြန်မာရွှေ့ပြောင်းလုပ်သားများ လိုက်ပါလာသော ဘတ်စ်ကားမီးလောင်

**ဗန်ကောက် မတ် ၃၀** - ထိုင်းနိုင်ငံ အနောက်မြောက်ဘက် တက်ခ်ခရိုင်တွင် မတ် ၃၀ ရက်အစောပိုင်းက ဘတ်စ်ကားတစ်စီးမီးလောင်ကျွမ်းခဲ့ရာ ကားပေါ်တွင် လိုက်ပါစီးနင်းလာသည့် မြန်မာရွှေ့ပြောင်းလုပ်သား ၂၀ ထက်မနည်းသေဆုံးခဲ့ပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း ထိုင်းအစိုးရ တာဝန်ရှိသူများက ပြောခဲ့သည်။ မီးလောင်မှုသည် ကား၏ ကုန်တင်ခန်းမှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ကားပေါ်တွင် လိုက်ပါလာသည့် မြန်မာရွှေ့ပြောင်း လုပ်သား ၄၇ ဦးပါရှိကြောင်း သိရသည်။

လိုက်ပါလာသူများအနက် ရွှေ့ပြောင်းလုပ်သား ၂၇ဦး၊ ယာဉ်မောင်းနှင့် ၎င်း၏ ဇနီးဖြစ်သူတို့လွတ်မြောက်ခဲ့ကြောင်း သိရသည်။ ဘတ်စ်ကား လောင်ကျွမ်းမှု အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ပြီး မြန်မာရွှေ့ပြောင်းလုပ်သားများ တာဝန်ထမ်းဆောင်ရာ ဗန်ကောက်မြို့ မြောက်ဘက် နာဗာနာကွန်စက်မှုဇုန်သို့ ပို့ဆောင်ပေးရန် မောင်းနှင်နေစဉ် ထိုသို့မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# နိုင်ငံတကာ သတင်းတိုထွာ

## ဆီးရီးယားဒုက္ခသည်များအတွက် အမေရိကန်ဒေါ်လာသန်း ၁၅၀ ရရှိရန် ကုလသမဂ္ဂကြိုးပမ်း

**ဂျိနီဗာ မတ် ၃၀**

ကုလသမဂ္ဂသည် ဆီးရီးယားရှိ ဒုက္ခသည်များအတွက် ဆေးဝါးစောင့်ရှောက်မှုနှင့် ကျန်းမာရေးဆိုင်ရာ အခြေအနေများ တိုးတက်မှုရရှိစေရေးအတွက် အရေးပေါ်ရန်ပုံငွေအနေဖြင့် အမေရိကန်ဒေါ်လာသန်းပေါင်း ၁၅၀ ကိုရရှိအောင်ကြိုးပမ်းနေကြောင်း သိရသည်။

ဆီးရီးယားသမ္မတဘတ်ရှာအယ်လ်အာဆတ်ကိုသစ္စာခံသည့်တပ်ဖွဲ့များသည် ပြီးခဲ့သည့်လကတည်းက ဒမတ်စကတ်မြို့တော် အစွန်အဖျားရှိ သူပုန်များ ထိန်းချုပ်ထားရာ အရှေ့ဂူတာကို တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သည်။

ဆီးရီးယားမြောက်ပိုင်း အာဖရင်၌ တူရကီအင်အားစုများသည် ကာ့ဒ်စစ်သွေးကြွများကို ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ကြသည်။

လူသားချင်းစာနာထောက်ထားမှုကိစ္စရပ်များဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကုလသမဂ္ဂရုံးက စုစုပေါင်းပြည်သူ ၂၅၀၀၀၀ တို့သည် အိုးအိမ်မဲ့ဖြစ်နေကြောင်း ဗုဒ္ဓဟူးနေ့က ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## မြောက်ကိုရီးယားနှင့် တောင်ကိုရီးယား နှစ်နိုင်ငံခေါင်းဆောင်များ အစည်းအဝေး ဧပြီလ ၂၇ ရက် နေ့ကျင်းပမည်

**ပြုံယမ်း မတ် ၃၀**

မြောက်နှင့်တောင်ကိုရီးယားနှစ်နိုင်ငံတို့သည် နှစ်နိုင်ငံခေါင်းဆောင်များအစည်းအဝေးကို ဧပြီ ၂၇ တွင် ကျင်းပမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြောက်ကိုရီးယား ဘက်ခြမ်းရှိ အပစ်အခတ်ရပ်စဲရေး ကျေးရွာပန်မန်ဂျွန်ရှိ အဆောက်အအုံ၌ ကြာသပတေးနေ့က နှစ်နိုင်ငံဝန်ကြီးများအဆင့် အစည်းအဝေးကျင်းပခဲ့ချိန်တွင် နှစ်နိုင်ငံထိပ်သီးအစည်းအဝေးကိုဧပြီ ၂၇ ရက်တွင် ကျင်းပရန် သဘောတူညီမှုရရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

တွေ့ဆုံမှုအပြီး ပူးတွဲသတင်းဖော်ပြချက်အရ အာဏာပိုင်များသည် တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းနှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့ တောင်ကိုရီးယားဘက်ခြမ်းရှိ ပန်မန်ဂျွန်၌ တွေ့ဆုံကြမည်ဖြစ်ကြောင်း သိရသည်။

အာဏာပိုင်များသည် ပရိုတိုကောနှင့်ထိပ်သီးအစည်းအဝေးပွဲ၏ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍လည်း ဆွေးနွေးသွားကြရန် လာမည့်ဗုဒ္ဓဟူးနေ့တွင် ပန်မန်ဂျွန်၌ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆွေးနွေးပွဲများ ကျင်းပရန်သဘောတူညီခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ပေါ့ဆမှု၊ စည်းကမ်းမလိုက်နာမှုတွေက ပေးအပ်လိုက်သည့် မီးလောင်ပြင်မှုသင်ခန်းစာ

*ကလျာမိုးမြင့်*



ဆိုက်ဘေးရီးယားရှိ ကီမီရိုဗိုမှာ ရာနဲ့ချီတဲ့ပြည်သူလူထုဟာ ဒေါသတကြီး ဆန္ဒပြနေကြပါတယ်။ ဆန္ဒပြနေရတဲ့ အကြောင်းရင်းကတော့ ရုရှားဈေးဝယ်ကုန်တိုက်မီးလောင်မှုမှာလူ ၆၄ ဦးသေဆုံးသွားခဲ့ရတဲ့အတွက် ယူကျုံးမရဖြစ်ရမှုတွေနဲ့အတူ အာဏာပိုင်တွေကို ဒေါသထွက်နေကြလို့ပဲ ဖြစ်ပါတယ်။ ဒီ့ထက်ရင်နင့်ဖွယ်ကောင်းတဲ့အချက်က အဲဒီမီးလောင်မှုမှာ သေဆုံးသွားတဲ့သူ ၄၀ ကျော်လောက်က အပြစ်မဲ့ ကလေးငယ်လေးတွေ ဖြစ်နေတာပါပဲ။ ကလေးငယ်တွေ အများအပြား သေဆုံးရမှုက ပြည်သူလူထုကို နာကျင်ခံပြင်းဒေါသထွက်စေခဲ့ပါတယ်။

ရုရှားသမ္မတ ဗလာဒီမာပူတင်ဟာ ကီမီရိုဗိုကို ခပ်စောစောလာရောက်ခဲ့ပြီး တနင်္ဂနွေနေ့မှာဖြစ်ပွားခဲ့တဲ့မီးလောင်မှုမှာ လူသေဆုံးမှုတွေ ကြီးကြီးမားမား ဖြစ်လောက်တဲ့အထိ ပေါ့ဆခဲ့အတွက် အပြစ်တင်စကားပြောခဲ့ပါတယ်။ ဒါတောင် ဇာတ်လမ်းကလူ ၆၄ ဦးသေဆုံးမှုနဲ့ ပြီးသွားတာမဟုတ်သေးပါဘူး။ သက်ဆိုင်ရာ ဆွေမျိုးတွေရဲ့ပြောပြချက်အရ ပျောက်ဆုံးနေတဲ့သူဟာ ၈၅ ဦးအထိ ရှိနေပါသေးတယ်။ ဒီထဲက ပျောက်ဆုံးသူအများစုဟာဆိုရင်လည်း ကလေးငယ်တွေ ဖြစ်တယ်လို့ အင်တာဖက်စ်သတင်းအေဂျင်စီက ဖော်ပြထားပါတယ်။

**မီးသတိပေး ခေါင်းလောင်းသံတွေပိတ်ထားပြီး ထွက်ပေါက်တွေပိတ်နေခဲ့**

ပြီးခဲ့တဲ့ အင်္ဂါနေ့က လူပေါင်း ၃၀၀ လောက်ဟာ ဒေသအစိုးရအဖွဲ့ရုံးဌာနတွေ အပြင်ဘက်မှာ လူထုစုဝေးမှုတွေ ပြုလုပ်ခဲ့ကြပြီး မီးဘေးလုံခြုံရေးပိုင်းမှာ ချွတ်ယွင်းအားနည်းခဲ့တဲ့အတွက် အာဏာပိုင်တွေကို အလုပ်ထုတ်ပစ်ဖို့ တောင်းဆိုခဲ့ကြပါတယ်။ စုံစမ်းစစ်ဆေးသူတွေရဲ့ ပြောပြချက်အရ မီးအချက်ပေးခေါင်းလောင်းမြည်သံတွေကို ပိတ်ထားပြီး မီးလောင်ချိန်မှာ ထွက်ပေါက်တွေကလည်း ပိတ်နေခဲ့တယ်လို့ သိရပါတယ်။

မီးလောင်မှုဖြစ်ပွားရခြင်းအကြောင်းအရင်းကိုတော့ ခုထိမသိရသေးပါဘူး။ ဒါပေမယ့် ရုရှားစုံစမ်းစစ်ဆေးရေးကော်မတီက Winter Cherry ဈေးဝယ်ကုန်တိုက်မှာ တော်တော်လေးဆိုးဆိုးရွားရွားကို စည်းကမ်းမလိုက်နာမှုတွေရှိခဲ့တယ်လို့ ပြောကြားခဲ့ပါတယ်။ ဗုဒ္ဓဟူးနေ့ဟာ ရုရှားနိုင်ငံတစ်ဝန်းမှာ ဝမ်းနည်းပူဆွေးမှုတွေဖြစ်ခဲ့ရတဲ့ နေ့တစ်နေ့ပါပဲလို့ မစ္စတာပူတင်က ပြောကြားခဲ့ပါတယ်။

ကီမီဗိုရိုလူအုပ်ထဲမှာရှိနေတဲ့ အမျိုးသမီးတစ်ဦးက ကလေးငယ်တွေဟာသူတို့မိဘတွေကိုအကူအညီပေးဖို့လှမ်းခေါ်နေကြတယ်။ မီးသတ်ကယ်ဆယ်ရေးအဖွဲ့တွေကိုစေလွှတ်ပေးဖို့ တောင်းဆိုနေကြတယ်လို့ ပြောဆိုခဲ့တဲ့အခါမှာ လူအုပ်ကလက်ခုပ်သြဘာပေးခဲ့ပါတယ်။ ဆန္ဒပြမှုခုနစ်နာရီနီးပါး ကြာမြင့်ခဲ့ပြီးနောက် အာဏာပိုင်တွေဟာ ဆန္ဒပြသူတွေကို လူစုခွဲဖို့တိုက်တွန်းချိန်မှာ အံ့အားသင့်ခဲ့ရတယ်လို့ ရုရှားအာအိုင်အေသတင်းအေဂျင်စီက ဖော်ပြထားပါတယ်။

နောက်တော့ ဒေသဆိုင်ရာ ဒုတိယအုပ်ချုပ်ရေးအကြီးအကဲ ဆာဂျီ စီဗီုလက်ဟာ ဒူးထောက်လိုက်ပြီး ခွင့်လွှတ်ပေးကြဖို့ ဝန်ချတောင်းပန်လိုက်တဲ့အခါမှာတော့ လူအုပ်က ချီးကျူးသြဘာပေးခဲ့ကြပါတယ်။ အမှန်စင်စစ်သေဆုံးသူဘယ်နှဦးရှိလဲ။ တကယ်အပြစ်ရှိသူက ဘယ်သူလဲ၊ ကန်းသွားတဲ့ မျက်လုံးတစ်လုံးအတွက် သင့်ရဲ့ကုန်ကျစရိတ် ဘယ်လောက်လဲစတဲ့ စာတန်းပါဆောင်ပုဒ်တွေကို ဆန္ဒပြသူတွေက ကိုင်ဆောင်ထားကြတာဖြစ်ပါတယ်။

**သမ္မတပူတင်ဝမ်းနည်းပူဆွေးခဲ့**

သမ္မတပူတင်အနေနဲ့ လူအုပ်ကို စကားပြောဆိုခဲ့ခြင်းမရှိပေမယ့် ၎င်းရဲ့မျက်နှာမှာလည်း မခံမရပ်နိုင်ဖြစ်ရမှု၊ နာကြည်းမှုနဲ့ဒေါသထွက်မှုတွေကို တွေ့မြင်နေရပါတယ်။ ဒီနေရာမှာဘာတွေဖြစ်ပျက်သွားခဲ့တာလဲ။ ဒါဟာ စစ်ပွဲတစ်ပွဲလည်းမဟုတ်သလို မိုင်းတွင်းမှာ မီသိန်းဓာတ်ငွေ့ပေါက်ကွဲတာလည်း မဟုတ်ဘူး။ ဒါပေမယ့် လူတွေအများကြီး အသက်ဆုံးရှုံးသွားပြီလို့ သမ္မတကြီးက ပန်းခွေချရင်းပြောခဲ့ပါတယ်။ ပြည်သူတွေနဲ့ ကလေးငယ်တွေ ပြန်ပြီးသက်သာရာရလာပြီ။ ကျွန်ုပ်တို့ဟာ သေဆုံးရမှုတွေနဲ့ ပတ်သက်ပြီးပြောနေကြတာဖြစ်ပြီး လူအများအပြားကို ဆုံးရှုံးလိုက်ရတယ်။ ဒါဘာကြောင့်လဲ။ ရာဇဝတ်မှုမြောက်လောက်အောင်ပေါ့ဆခဲ့မှု၊ နမော်နမဲ့နိုင်မှုတွေကြောင့်ပဲလို့ သမ္မတက ပြောဆိုခဲ့ပါတယ်။ သမ္မတပူတင်ဟာ ကီမီရိုဗိုဆေးရုံမှာ မီးလောင်မှုကနေ အသက်ရှင်လွတ်မြောက်လာသူအချို့နဲ့ တွေ့ဆုံအားပေးခဲ့ပါတယ်။

**မီးလောင်မှုနဲ့ ပတ်သက်၍ သိရသမျှ**

တနင်္ဂနွေနေ့မှာ ဖြစ်ပွားခဲ့တဲ့ မီးလောင်မှုဟာ အဆိုးရွားဆုံးမီးလောင်မှုတွေထဲကတစ်ခုလို့ ပြောလို့ရပါတယ်။ ဒေသစံတော်ချိန် နံနက် ၅နာရီအချိန်မှာ အဆောက်အအုံရဲ့အပေါ်ထပ်ကနေစတင်လောင်ကျွမ်းခဲ့တာပါ။ အဲဒီအချိန်ဟာ ကျောင်းပိတ်ရက်ရှည်တွေ စတင်တဲ့အချိန်ဖြစ်နေတာကြောင့် ဈေးဝယ်စင်တာအဆောက်အအုံရဲ့ဈေးဆိုင်တွေ၊ ရုပ်ရှင်ရုံနဲ့ ဘိုးလင်းကစားရုံတွေမှာ လူတွေပြည့်နှက်နေခဲ့ပါတယ်။

စုံစမ်းစစ်ဆေးရေးကော်မတီအဖွဲ့ရဲ့ ပြောကြားချက်အရ အဆောက်အအုံမှာရှိနေကြတဲ့မီးဘေးလုံခြုံရေး နည်းပညာဆိုင်ရာတာဝန်ရှိသူတစ်ဦးဟာ မီးလောင်မှုသတိပေးတဲ့ အချက်ပေးခေါင်းလောင်းသံထွက်ပေါ်လာခဲ့ပြီးနောက်မှာ အချက်ပြသတိပေးစနစ်ကို ပိတ်ပစ်လိုက်တယ်လို့ ဆိုပါတယ်။ ဒီတော့ ရာဇဝတ်မှုဆိုင်ရာစစ်ဆေးမှုကို စပြီးဆောင်ရွက်နေတယ်လို့ ကော်မတီကပြောခဲ့ပါတယ်။ မီးလောင်မှုဖြစ်ပွားပြီးတဲ့နောက် စောစောကတာဝန်ရှိသူအာဏာပိုင်တစ်ဦးအပါအဝင် လူငါးဦးကို အများပြည်သူနှိုးဆော်တဲ့ စနစ်ကိုပိတ်ပင်ဖို့ကြိုးစားတယ်ဆိုတဲ့ သံသယရှိမှုနဲ့ ဖမ်းဆီးခဲ့ပါတယ်။

မီးဘေးအန္တရာယ်ကနေ ထွက်ပြေးလွတ်မြောက်နိုင်မယ့် ထွက်ပေါက်တွေပိတ်ထားခဲ့ခြင်းက အဆောက်အအုံကို ထောင်ချောက်တစ်ခုလိုမျိုး ဖြစ်သွားစေခဲ့တဲ့အတွက် မီးလောင်တဲ့နေရာက လူတွေကို ထွက်ခွာသွားအောင် မစီစဉ်ပေးနိုင်ခဲ့ဘူးလို့ ကီမီရိုဗို နိုင်ငံရေးသမားအန်တွန်ဂိုရယ်လ်ကင်က ဖေ့စ်ဘွတ်စာမျက်နှာပေါ်မှာရေးသားပြောဆိုခဲ့ပါတယ်။ မီးစလောင်ပြီဆိုတဲ့အချိန်မှာ မီးတောက်တွေကိုငြိမ်းသတ်ရမယ့် မီးသတ်ဆေးဘူးတွေကလည်း အစပိုင်းမှာအလုပ်မလုပ်ဘူးလို့လည်း ၎င်းက ရေးသားထားပါတယ်။

အသက်ရှစ်နှစ်ရှိပြီဖြစ်တဲ့ မိန်းကလေးငယ်လေး ဒါရီနာဟာ ကြောက်မက်ဖွယ်မီးလောင်ကျွမ်းမှုစတင်ဖြစ်ပွားချိန်မှာ Winter Cherry အဆောက်အအုံအတွင်းက ကလေးငယ်များရဲ့ မွေးနေ့ပါတီပွဲတစ်ခုမှာ ပျော်ရွှင်နေပါတယ်။ ဒါရီနာရဲ့မိခင်က ၎င်းကို ဒီနေရာမကြာခဏခေါ်လာနေကျပါ။ တနင်္ဂနွေနေ့တွေမှာဆိုရင် ဒါရီနာရဲ့ မိခင်က ဒါရီနာကို လေးထပ်မြောက်ပါတီမှာ ထားခဲ့ပြီး ဒုတိယထပ်မှာ ဈေးဝယ်နေလေ့ရှိပါတယ်။ အများပြည်သူ ရုံးပိတ်ရက်စတင်ချိန်ဖြစ်ပြီး ကလေးငယ်အများစုဟာ အပေါ်ထပ်မှာဆော့ကစားနေကြချိန်ဖြစ်ပါတယ်။

ဒုတိယထပ်မှာ မီးလောင်လို့ လူတွေစပြီး အော်နေကြပြီ။ ကျွန်မအဲဒီကို အပြေးပြန်သွားဖို့ ကြိုးစားခဲ့တယ်။ ဒါပေမယ့် လူတွေပြည့်နှက်နေပြီး လမ်းပိတ်ဆို့နေခဲ့တယ်လို့ မိခင်အီရီနာက ပြောပြပါတယ်။ ဒေသဆိုင်ရာဒုတိယအုပ်ချုပ်ရေးအကြီးအကဲ ဗလာဒီမာချာနော့ဗ်က ဒါဟာမေးကိုမေးရမယ့်မေးခွန်းပဲ။ ဘာကြောင့်များ တံခါးတွေကို ပိတ်ထားခဲ့ရတာလဲလို့ ဆိုပါတယ်။ ကလေးငယ်တွေရှိတဲ့နေရာကနေ မီးစလောင်ခဲ့တာ ဖြစ်ကောင်းဖြစ်မယ်လို့ မစ္စတာချာနော့ဗ်က ပြောပါတယ်။

သို့သော်လည်း Rossiya 24 TV အမျိုးသားအသံလွှင့်ဌာနက လျှပ်စစ်ပိုင်းဆိုင်ရာ အမှားအယွင်းတစ်ခုကြောင့် အများဆုံးဖြစ်နိုင်တယ်။ ဒီကိစ္စက ရုရှားမှာသေစေလောက်တဲ့ မီးလောင်မှုတွေ အဖြစ်ပွားရဆုံး အကြောင်းအရင်းတစ်ခုဖြစ်တယ်လို့ ဆိုထားပါတယ်။ မီးလောင်မှုကြောင့် သေဆုံးသွားသူတွေထဲမှာ ကလေးငယ် ၄၁ ဦး ဓားစာခံဖြစ်ခဲ့ရတာဟာ ကြေကွဲဝမ်းနည်းစရာပါ။ အင်တာဖက်စ်သတင်းအေဂျင်စီက သေဆုံးသွားတဲ့ကလေးငယ်တွေရဲ့အမည်စာရင်းကို ဖော်ပြခဲ့ပါတယ်။ သေဆုံးသွားသူတွေရှိတဲ့အပြင် ထိခိုက်ဒဏ်ရာရရှိသူ ၁၁ ဦးကိုလည်း မီးခိုးငွေ့တွေ မွန်းကျပ်ခံစားခဲ့ရတဲ့အတွက် ဆေးရုံတွေမှာကုသနေရပါတယ်။ လူတွေရဲ့ ပေါ့ဆမှုတွေကြောင့် မလိုလားအပ်တဲ့ ထိခိုက်နစ်နာဆုံးရှုံးရမှုတွေကို ရုရှားဈေးဝယ်ကုန်တိုက်မီးလောင်မှုကသင်ခန်းစာကြီးတစ်ခု ပေးအပ်ခဲ့ပါတယ်။ ။

**ကိုးကား- အေအက်ဖ်ပီ၊ဘီဘီစီ**

> **"မီးဘေးလုံခြုံရေး နည်းပညာဆိုင်ရာ တာဝန်ရှိသူတစ်ဦးဟာ မီးလောင်မှုသတိပေးတဲ့ အချက်ပေးခေါင်းလောင်းသံထွက်ပေါ်လာခဲ့ပြီးနောက်မှာ အချက်ပြသတိပေးစနစ်ကို ပိတ်ပစ်လိုက်တယ်လို့ ဆိုပါတယ်"**

# အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှု ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေကြမ်း**

(၂၀ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၉ ခုနှစ်၊ လ ရက်

( ၂၀၁၈ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**နိဒါန်း**

ဤဥပဒေသည်အခွန်ဥပဒေများ၏စီမံအုပ်ချုပ်မှုဆိုင်ရာများကိုပြန်လည်သုံးသပ်ပြင်ဆင်စုစည်းရန်နှင့် အခွန်များကိုထိရောက်စွာကောက်ခံနိုင်စေရန်ရည်ရွယ်သည်။

**အမည်၊အာဏာတည်ခြင်းနှင့် သက်ဆိုင်ခြင်း**

၁။ (က) ဤဥပဒေကို **အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှစ၍ အာဏာတည်စေရမည်။

၂။ ဤဥပဒေသည်-

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် အာဏာတည်ရမည်။ ထို့ပြင် ဝင်ငွေခွန်ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ပြင်ပနေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားများအပေါ်တွင်လည်း အာဏာတည်ရမည်၊

(ခ) အခြားနည်းဖြင့် သတ်မှတ်ထားခြင်းမရှိလျှင် အောက်ပါဥပဒေတစ်ရပ်ရပ်အရ ကောက်ခံသည့်အခွန်အမျိုးအစားများနှင့်သက်ဆိုင်စေရမည် -

(၁) ဇယား ၁ တွင် စာရင်းပြုစုဖော်ပြထားသည့် ဥပဒေများအရ စည်းကြပ်သည့်အခွန်နှင့်

(၂) ညွှန်ကြားရေးမှူးချုပ်အား တာဝန်အပ်နှင်းထားသည့် အခြားအခွန်ဥပဒေတစ်ရပ်ရပ်ပါ အခွန်အမျိုးအစားတစ်ခုခု။

**အဓိပ္ပာယ်ဖော်ပြချက်များ**

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုဆိုသည်။

(ခ) **ပြည်ထောင်စုဝန်ကြီး** ဆိုသည်မှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဂ) **ဦးစီးဌာန**ဆိုသည်မှာ ပြည်တွင်းအခွန်များဦးစီးဌာနကိုဆိုသည်။

(ဃ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုဆိုသည်။

(င) **တာဝန်ခံဝန်ထမ်း** ဆိုသည်မှာ အခွန်ဆိုင်ရာလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ဦးစီးဌာနက သတ်မှတ်တာဝန်ပေးအပ်ထားသည့်ဝန်ထမ်းကို ဆိုသည်။

(စ) **အခွန်ဝန်ထမ်း** ဆိုသည်မှာ ပြည်တွင်းအခွန်များဦးစီးဌာနတွင်တာဝန်ထမ်းဆောင်လျက်ရှိသောဝန်ထမ်းတစ်ဦးဦးကိုဆိုသည်။

(ဆ) **အခွန်ထမ်း** ဆိုသည်မှာ ဤဥပဒေနှင့်သက်ဆိုင်သည့် အခွန်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ အခွန်ပေးဆောင်ရန်တာဝန်ရှိသူကိုဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေကိုကျင့်သုံးခြင်းအားဖြင့် အခွန်ပေးဆောင်ရန်တာဝန်ရှိသူနှင့် အခွန်ကိုပင်ရင်းမှနုတ်ယူ၍ ဦးစီးဌာနသို့ ပေးသွင်းရန်တာဝန်ရှိသူတို့လည်း ပါဝင်သည်။

(ဇ) **စာတမ်းအမှတ်အသား** ဆိုရာတွင် အောက်ပါတို့ပါဝင်သည်-

(၁) အီလက်ထရွန်နစ်နည်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေရေးမှတ်ထားသောစာအုပ်၊ စာရင်း၊ မှတ်တမ်း၊ မှတ်ပုံတင်စာရင်း၊ ဘဏ်ငွေစာရင်းရှင်းတမ်း၊

(၂) အီလက်ထရွန်နစ်နည်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ အချက်အလက်သိုလှောင်သည့်ကိရိယာတွင် သိုလှောင်ထားသည့် ကိန်းဂဏန်း သို့မဟုတ် သတင်းအချက်အလက်။

(ဈ) **အခွန်ကြေညာလွှာ** ဆိုသည်မှာ ဦးစီးဌာနသို့ပုဂ္ဂိုလ်တစ်ဦးမှတင်သွင်းရမည့် သို့မဟုတ် အခွန်ထမ်းကိုယ်စားဦးစီးဌာနမှ ပြုစုပေးသည့် ယင်းပုဂ္ဂိုလ် သို့မဟုတ် အခြားပုဂ္ဂိုလ်များ ပေးဆောင်ရမည့် အခွန်တာဝန်ဆိုင်ရာသတင်းအချက်အလက်ကို ဖော်ပြထားသောကြေညာလွှာကိုဆိုသည်။ အခွန်ကြေညာလွှာဟုဆိုရာတွင် သတင်းအချက်အလက်ကြေညာလွှာလည်း ပါဝင်သည်။

(ည) **ဥပဒေ** ဆိုသည်မှာဤဥပဒေအာဏာမတည်မီကဖြစ်စေ၊ အာဏာတည်ပြီးနောက်ဖြစ်စေ ဥပဒေပြုအာဏာပိုင်တစ်ရပ်ရပ်က ပြဋ္ဌာန်းထားသည့် ဥပဒေ၊ အက်ဥပဒေ၊ တစ်ချက်လွှတ်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ အမိန့်အပြင်ဥပဒေကဲ့သို့ အာဏာတည်သောဓလေ့ထုံးတမ်းများလည်း ပါဝင်သည်။

(ဋ) **အခွန်ဥပဒေ** ဆိုသည်မှာအခွန်စည်းကြပ်ခြင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းနှင့်အမိန့်ကြော်ငြာစာများကို ဆိုသည်။

(ဌ) **အခွန်** ဆိုသည်မှာ အခွန်ဥပဒေတစ်ရပ်ရပ်အရ ကောက်ခံသည့် အစိုးရသို့ မဖြစ်မနေပေးသွင်းရမည့်အခွန်ဖြစ်ပြီး ယင်းစကားရပ်တွင်အခွန်နှင့် စပ်လျဉ်းသည့်အတိုးနှင့် ဒဏ်ကြေးတို့လည်း ပါဝင်သည်။

(ဍ) **စည်းကြပ်ခြင်း** ဆိုသည်မှာအခွန်ကာလတစ်ခုအတွက် အခွန်ထမ်းမှအခွန်ပေးဆောင်ရန်တာဝန်ရှိသည့်ပမာဏကို ဦးစီးဌာန၏ မှတ်တမ်းများတွင် ရေးသွင်းခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ပြင်ဆင်စည်းကြပ်ခြင်းနှင့် ပုဒ်မ ၂၇၊ပုဒ်မခွဲ (င) အရ စည်းကြပ်ခြင်းတို့လည်း ပါဝင်သည်။

**အခန်း (၂)**

**အရပ်ရပ်ဆိုင်ရာပြဋ္ဌာန်းချက်များ**

**ညွှန်ကြားရေးမှူးချုပ်နှင့် ဦးစီးဌာန**

၄။ (က) ညွှန်ကြားရေးမှူးချုပ်သည် ပြည်ထောင်စုဝန်ကြီး၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင်အောက်ပါတို့ကို ထမ်းရွက်ရန်တာဝန်ရှိသည် -

(၁) ဥပဒေနှင့်အညီ အခွန်များကောက်ခံခြင်းနှင့် တာဝန်ခံခြင်း၊

(၂) ဤဥပဒေ၏ ပြဋ္ဌာန်းချက်များနှင့်အညီ စီမံအုပ်ချုပ်ခြင်းနှင့် ကျင့်သုံးဆောင်ရွက်ခြင်း။

(ခ) ဤဥပဒေအရပြုလုပ်သည့် စည်းကြပ်မှုတစ်ခုခုကို ပယ်ဖျက်ရန် သို့မဟုတ် ပြုပြင်ပြောင်းလဲရန် မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခြင်းမပြုရ။ ထို့အပြင် ဤဥပဒေအရသဘောရိုးဖြင့် ဆောင်ရွက်သည့် သို့မဟုတ် ဆောင်ရွက်ရန်ကြံရွယ်သည့်ကိစ္စတစ်ခုခုအတွက် ညွှန်ကြားရေးမှူးချုပ်သည်လည်းကောင်း၊ ဦးစီးဌာန၏ ဝန်ထမ်းတစ်ဦးဦးသည်လည်းကောင်း၊ ပုဒ်မ ၆ အရ တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျွမ်းကျင်သူတစ်ဦးဦးသည်လည်းကောင်း၊ ဤဥပဒေအရတာဝန်ဝတ္တရားများကို ထမ်းဆောင်ရန် ညွှန်ကြားရေးမှူးချုပ်မှ တာဝန်ပေးအပ်ထားသူတစ်ဦးဦးသည်လည်းကောင်း တရားစွဲဆိုခံရခြင်းမရှိစေရ။

(ဂ) ညွှန်ကြားရေးမှူးချုပ်သည် ဤဥပဒေ၏ ရည်ရွယ်ချက်များနှင့် ကိုက်ညီသည်ဟု ထင်မြင်ယူဆသည့်ပုံစံများကို အမိန့်ကြော်ငြာစာ၊ ညွှန်ကြားလွှာတစ်စုံတစ်ရာအားဖြင့်သော်လည်းကောင်း၊ အစိုးရပြန်တမ်းအားဖြင့်သော်လည်းကောင်း ထုတ်ပြန်နိုင်သည်။

**အခွင့်အာဏာလွှဲအပ်ခြင်း**

၅။ (က) ညွှန်ကြားရေးမှူးချုပ်သည် -

(၁) ဤဥပဒေပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ခံယူလုပ်ပိုင်ခွင့်ရှိရမည်၊

(၂) ဤပုဒ်မအရ တာဝန်ခွဲဝေအပ်နှင်းနိုင်သည့် လုပ်ပိုင်ခွင့်မှအပ မိမိအားအပ်နှင်းထားသည့် တာဝန် သို့မဟုတ် လုပ်ပိုင်ခွင့်တစ်ရပ်ကို ဦးစီးဌာန၏ ဝန်ထမ်းတစ်ဦးသို့ လွှဲအပ်နိုင်သည်၊

(၃) ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထံသို့လည်းကောင်း၊ တည်ဆဲရာထူးတာဝန်တစ်ခုခုသို့လည်းကောင်း အခွင့်အာဏာလွှဲအပ်နိုင်သည်၊

(၄) ဤပုဒ်မအရလွှဲအပ်ထားသော အခွင့်အာဏာကို မည်သည့်အချိန်တွင် မဆိုပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။

(ခ) ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရန်လိုအပ်သည့်သတင်းအချက်အလက်၊ ကြေညာချက်နှင့် စာတမ်းအမှတ်အသားတစ်စုံတစ်ရာကို ညွှန်ကြားရေးမှူးချုပ်က အဆိုပြုသည့် အခြားပုဂ္ဂိုလ်တစ်ဦးထံသို့ ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သည့်အခြေအနေနှင့်အညီ ပေးအပ်ရန်ညွှန်ကြားရေးမှူးချုပ်က ခွင့်ပြုနိုင်သည်။

(ဂ) ဤပုဒ်မအရ အခွင့်အာဏာလွှဲအပ်ခြင်းကြောင့် ညွှန်ကြားရေးမှူးချုပ်၏ အခွင့်အာဏာ၊ တာဝန်နှင့်လုပ်ငန်းတာဝန်များအား ကိုယ်တိုင်ကျင့်သုံးဆောင်ရွက်ရာတွင် အဟန့်အတားမဖြစ်စေရ။

**ကျွမ်းကျင်သူများ၏အကူအညီရယူခြင်း**

၆။ (က) ဦးစီးဌာန၏လုပ်ငန်းတာဝန်များကို ကောင်းမွန်စွာထမ်းဆောင်နိုင်စေရေးအလို့ငှာ ညွှန်ကြားရေးမှူးချုပ်က သင့်လျော်သည်ဟုယူဆသည့်သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကျွမ်းကျင်သူများ၏ အကူအညီကိုရယူနိုင်သည်။

(ခ) လုပ်ငန်းတာဝန်တစ်ရပ်ရပ်အတွက် သတ်မှတ်တာဝန်ပေးအပ်ခံရသည့် ဝန်ထမ်းသည်ကျွမ်းကျင်သူမှပေးအပ်သည့်အကူအညီအပေါ် ကြီးကြပ်ဆောင်ရွက်ရမည်။

(ဂ) မည်သူမဆိုကျွမ်းကျင်သူနှင့် တိုက်ရိုက်ဆက်ဆံဆောင်ရွက်ခြင်း မပြုလိုပါက ငြင်းပယ်ခွင့်ရှိသည်။ သို့ရာတွင်အခွန်ဝန်ထမ်းအားအကူအညီပေးလျက်ရှိသော ကျွမ်းကျင်သူအား ဟန့်တားခြင်းမပြုရ။

(ဃ) ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ကျွမ်းကျင်သူတစ်ဦး၏အကူအညီကိုရယူခြင်းတွင် ဦးစီးဌာန၏အကျိုးစီးပွားနှင့်သွေဖည် (conflict of interest) နေခြင်းကို ညွှန်ကြားရေးမှူးချုပ်ထံ တိုင်ကြားခွင့်ရှိသည်။

(င) ညွှန်ကြားရေးမှူးချုပ်အနေဖြင့် ပုဒ်မခွဲ (ဃ) အရ တိုင်ကြားခြင်းအပေါ် စိစစ်၍ ဆုံးဖြတ်ချက်ချမှတ်ရမည်ဖြစ်ပြီး အကူအညီဆက်လက်ရယူခြင်းနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

(စ) ကျွမ်းကျင်သူတစ်ဦးကိုတာဝန်ပေးအပ်ခြင်းသည်စာဖြင့်ရေးသားဖော်ပြထားခြင်းမရှိလျှင် သော်လည်းကောင်း၊ ဤပုဒ်မအရဆောင်ရွက်ကြောင်း အတိအလင်းဖော်ပြထားခြင်းမရှိလျှင်သော်လည်းကောင်း သက်ရောက်မှုမရှိစေရ။

(ဆ) ဤပုဒ်မနှင့်အကျုံးဝင်သည့် ကျွမ်းကျင်သူတစ်ဦးသည် ယင်းအားတာဝန်ပေးအပ်ခြင်းကြောင့်လည်းကောင်း၊ ယင်း၏အကူအညီရယူခြင်းကြောင့်လည်းကောင်း အခွန်ဥပဒေတစ်ရပ်နှင့် ဆက်စပ်၍ လက်ဝယ်သို့ ရောက်ရှိလာသည့် သတင်းအချက်အလက်နှင့် စာတမ်းအမှတ်အသားအားလုံးကို လျှို့ဝှက်ထိန်းသိမ်းရမည်။

(ဇ) ပုဒ်မ ၇ နှင့် ပုဒ်မ ၈၀ တို့သည် ဤပုဒ်မအရခန့်အပ်ထားသော ကျွမ်းကျင်သူအပေါ်သက်ရောက်မှုရှိစေရမည်။

**လျှို့ဝှက်ကိစ္စအဖြစ်မှတ်ယူခြင်း**

၇။ (က) ပုဒ်မခွဲ (ဂ)၊ (ဃ)နှင့် ပုဒ်မခွဲ (င) တို့တွင် ဖော်ပြထားသည့် ခြွင်းချက်များမှတစ်ပါး ဤဥပဒေအရ တာဝန်ထမ်းဆောင်နေသည့် သို့မဟုတ် ဤဥပဒေအရ စီမံအုပ်ချုပ်ရန်ခန့်ထားသည့် ပုဂ္ဂိုလ်တိုင်းသည် လုပ်ငန်းတာဝန်အရ ယင်းပုဂ္ဂိုလ်၏ လက်ခံရရှိသည့် အခွန်ထမ်းတစ်ဦးဦးနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်နှင့် စာတမ်းအမှတ်အသားအားလုံးကို လျှို့ဝှက်ထိန်းသိမ်းရမည်ဖြစ်ပြီး ယင်းသတင်းအချက်အလက်များကို အောက်ပါပုဂ္ဂိုလ်များထံသို့သာ ထုတ်ဖော်ခြင်းပြုနိုင်သည် -

(၁) ယင်းတို့၏တာဝန်များကိုထမ်းရွက်ရန် ရည်ရွယ်ချက်အလို့ငှာ ဦးစီးဌာန၏ ဝန်ထမ်းများ၊ ဦးစီးဌာန၏ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူများ၊ အကောက်ခွန်ဦးစီးဌာနနှင့် ယစ်မျိုးခွန်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ ဝန်ထမ်းများ၊

(၂) ဦးစီးဌာနအား ကြီးကြပ်ရန်ရည်ရွယ်ချက်အလို့ငှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊

(၃) အခွန်ကိစ္စရပ်များကို သုံးသပ်အကဲဖြတ်ရန် တာဝန်ပေးအပ်ခြင်းခံရသည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ထမ်းများ၊

(၄) ဦးစီးဌာနအပေါ် ပုံမှန်စစ်ဆေးရန် တာဝန်ရှိသည့်စာရင်းစစ်ချုပ်ရုံး၊

(၅) နိုင်ငံတကာသဘောတူညီချက် တစ်ရပ်ရပ်နှင့်အညီ နိုင်ငံတော်နှင့် လက်မှတ်ရေးထိုးသဘောတူညီထားသော ပြည်ပနိုင်ငံတစ်နိုင်ငံ၏ အခွန်အာဏာပိုင်များ၊

(၆) ရာဇဝတ်မှုတစ်ခုကို ရုံးတင်တရားစွဲဆိုရန်အလို့ငှာ ဥပဒေနှင့်အညီလိုက်နာစေရန်အရေးယူဆောင်ရွက်သည့် အစိုးရဌာနများ၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊

(၇) အခွန်ထမ်းပေးဆောင်ရမည့် အခွန်ကိုသတ်မှတ်ရန်သော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုတစ်ခုအတွက်တာဝန်ရှိကြောင်းဖော်ပြရန်သော်လည်းကောင်း ကြားနာစစ်ဆေးသည့် သက်ဆိုင်ရာတရားရုံး။

(ခ) ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ပုဒ်မခွဲ(က)အရ သတင်းအချက်အလက်ကို ထုတ်ဖော်ရန် ခွင့်ပြုခြင်းခံရပါက ယင်းပုဂ္ဂိုလ်အနေဖြင့် လိုအပ်သည့် အနည်းဆုံးအတိုင်းအတာအထိသာ ထုတ်ဖော်နိုင်ပြီး ကျန်သတင်းအချက်အလက်များကို လျှို့ဝှက်အဆင့်ဖြင့် ထိန်းသိမ်းထားရမည်။

(ဂ) ပုဂ္ဂိုလ်တစ်ဦးအနေဖြင့်ပုဒ်မခွဲ (က) အရ သတင်းအချက်အလက်ကို လက်ခံရရှိပါက ယင်းသို့လက်ခံရရှိသည့်သတင်းအချက်အလက်၏လိုအပ်သည့် အနည်းဆုံးအတိုင်းအတာအထိသာထုတ်ဖော်နိုင်ပြီး ကျန်သတင်းအချက်အလက်များကို လျှို့ဝှက်အဆင့်ဖြင့် ထိန်းသိမ်းထားရမည်။

(ဃ) ညွှန်ကြားရေးမှူးချုပ်သည် အခွန်ထမ်း သို့မဟုတ် ယင်း၏ကိုယ်စားလှယ်ဖြစ်ကြောင်း ပြောဆိုလာသည့် ပုဂ္ဂိုလ်တစ်ဦးဦးအား ယင်းပြောဆိုချက်မှန်ကန်ကြောင်း ခိုင်လုံသည့်အာမခံချက်ရရှိပြီးမှသာ ယင်းအခွန်ထမ်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ယင်းပုဂ္ဂိုလ်ထံသို့ ထုတ်ဖော်နိုင်သည်။

(င) အခွန်ထမ်းနှင့်စပ်လျဉ်းသည့်သတင်းအချက်အလက်ကို ယင်းအခွန်ထမ်း၏ စာဖြင့်ရေးသားထားသည့် သဘောတူညီချက်ဖြင့်သာအခြားသူတစ်ဦးဦးထံသို့ ထုတ်ဖော်နိုင်သည်။

(စ) သက်သေခံအက်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ မည်သည့်တရားရုံးကမျှ အခွန်ထမ်းနှင့်သက်ဆိုင်သည့် အကြောင်းအရာအချက်အလက်များကိုတင်ပြစေရန်သော်လည်းကောင်း၊ သက်သေအဖြစ်စစ်ဆေးခံရန်သော်လည်းကောင်း ဦးစီးဌာနမှဝန်ထမ်း သို့မဟုတ် ကျွမ်းကျင်သူတို့အား ဆင့်ဆိုပိုင်ခွင့်မရှိစေရ။ သို့ရာတွင် ပြည်ထောင်စုအစိုးရက တရားလို သို့မဟုတ် တရားပြိုင်အဖြစ် ပါဝင်သည့်အမှုအတွက် ပြည်ထောင်စုအစိုးရက ဤကိစ္စအတွက် တာဝန်လွှဲအပ်သောအဖွဲ့က သဘောတူညီလျှင် ဆင့်ဆိုပိုင်ခွင့်ရှိသည်။

**အခွန်ထမ်းမှတ်ပုံတင်အမှတ်**

၈။ (က) ညွှန်ကြားရေးမှူးချုပ်သည်အခွန်ထမ်းတစ်ဦးချင်းစီအတွက် အခွန်ထမ်းမှတ်ပုံတင်အမှတ်တစ်ခုစီ သတ်မှတ်ပေးနိုင်သည်။

(ခ) အကြောင်းကြားစာကိုတရားဝင်ထုတ်ပြန်ပြီးသည့်အခါတွင်အခွန်ထမ်းတစ်ဦးအတွက် သို့မဟုတ် သတ်မှတ်ထားသည့်အခွန်ထမ်းအုပ်စုအတွက် သီးသန့်အခွန်ထမ်းမှတ်ပုံတင်အမှတ်ကို သတ်မှတ်ပေးရမည်ဖြစ်ပြီး ယင်းကိုဤဥပဒေနှင့်သက်ဆိုင်သည့် အခွန်အားလုံးအတွက် အသုံးပြုစေရမည်။

(ဂ) ညွှန်ကြားရေးမှူးချုပ်သည်လက်ခံရရှိသူ၏လက်ဝယ်တွင် အခွန်ကျသင့်သော ငွေပေးချေမှုတစ်ရပ်ရပ်ပြုလုပ်သည့် အခွန်ထမ်းမဟုတ်သော ပုဂ္ဂိုလ်တစ်ဦးအတွက် သီးခြားအခွန်ထမ်းမှတ်ပုံတင်အမှတ်တစ်ခုသတ်မှတ်ပေးနိုင်သည်။

(ဃ) သက်ဆိုင်ရာနည်းဥပဒေများ၊စည်းမျဉ်းများနှင့် ညွှန်ကြားချက်များ၏ လိုအပ်ချက်အတိုင်းအတာအရ ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

*(ဆက်လက်ဖော်ပြပါမည်)*

# အပူလောင်နာ ဘယ်လိုကုသရမလဲ

Yun Sandi Nan Mon ၊ တည်းဖြတ်သူ - ဒေါက်တာ သူရိန်လှိုင်ဝင်း



အပူလောင်ခြင်းဟာ အဖြစ်များတဲ့ ကိစ္စတစ်ခု ဆိုပေမယ့် ခံစားရမသက်သာတဲ့ ဝေဒနာလည်း ဖြစ်ပါတယ်။ တော်တန်ရုံ အသေးစားအပူလောင်တာဆိုရင် ဆေးခန်းသွားစရာမလိုဘဲ အိမ်မှာတင် ကုသလို့ရပေမယ့် ပြင်းထန်ပြီဆိုရင် အနာကို ပိုးမဝင်အောင်၊ အနာမရင်းအောင်၊ ဆိုးဆိုးရွားရွား အမာရွတ်မကျန်အောင် သေချာဂရုစိုက်ကုသဖို့ လိုအပ်ပါတယ်။

အပူလောင်စေတဲ့အကြောင်းရင်းက အမျိုးမျိုးရှိပါတယ်-

- ရေနွေးပူ၊ ဆီပူလောင်ခြင်း၊
- ဓာတုပစ္စည်းကြောင့် လောင်ခြင်း၊
- လျှပ်စစ်ကြောင့် လောင်ခြင်း၊
- မီးအပူလောင်ခြင်း (မီးအပူဟပ်ခြင်း၊ ဖယောင်းတိုင် မီးစသည်)၊
- နေလောင်ခြင်း၊

**အပူလောင်ခြင်း ပြင်းထန်မှုအဆင့် သတ်မှတ်ခြင်း**

အပူလောင်တာကို အဆင့်(၁)၊ အဆင့်(၂)၊ အဆင့်(၃) ဆိုပြီး အဆင့်သုံးခု ခွဲထားပါတယ်။ အဆင့်(၁)ကတော့ အားအလျော့ဆုံးဖြစ်ပြီး အဆင့်(၃)ကတော့ အားအပြင်းဆုံး ဖြစ်ပါတယ်။ အဆင့်တစ်ခုချင်းဆီက ကွဲပြားတဲ့လက္ခဏာနဲ့ ထိခိုက်မှုကို ဖော်ပြပါတယ်။

အဆင့်(၁) အပူလောင်မှု- အရည်ကြည်ဖုမထွက်ဘဲ နီရဲသော အရေပြား၊ နာကျင်မှု အနည်းငယ်၊ ရောင်ရမ်းမှု အနည်းငယ်ရှိမယ်။

အဆင့်(၂) အပူလောင်မှု- ထိခိုက်မိတဲ့ နေရာမှာ အရည်ကြည်ဖုနဲ့ ထူအမ်းအမ်းဖြစ်နေမယ်။

အဆင့်(၃)အပူလောင်မှု - ထူအမ်းအမ်းဖြစ်နေတဲ့ နေရာပမာဏများမယ်၊ အရေပြား ကွာကျပြီး အဖြူရောင်အတွင်းသား ပေါ်နေမယ်။ အဆင့်(၃) အပူလောင်မှုတွေကို အပြင်းထန်ဆုံးအဆင့်အဖြစ် သတ်မှတ်ပြီး အမြန်ဆုံးဆရာဝန်နဲ့ ကုသမှုခံယူသင့်ပါတယ်။

တကယ်တော့ အပူလောင်ဒဏ်ရာပြင်း မပြင်းကို အကြောင်းရင်းပေါ်မူတည်ပြီး ဆုံးဖြတ်လို့ မရနိုင်ပါဘူး။ ဥပမာ- ရေနွေးပူလောင်တာက အဆင့်(၁) အသေးစားလည်းဖြစ်နိုင်သလို အဆင့်(၂) သို့မဟုတ် (၃) အထိပါ ဒဏ်ရာအပြင်းအထန်ဖြစ်နိုင်တတ်လို့ပါ။

ဓာတုပစ္စည်းနဲ့ လျှပ်စစ်ကြောင့် အပူလောင်ခြင်းတွေဆိုရင် အရေပြားမှာ အနည်းအကျဉ်းပဲ ထိခိုက်တာတွေ့ရရင်တောင် ခန္ဓာကိုယ်အတွင်းပိုင်းကို ထိခိုက်စေနိုင်တာကြောင့် ချက်ချင်း ဆေးကုသမှု ခံယူသင့်ပါတယ်။

**အသေးစား အပူလောင်နာကုသဖို့**

အနာသက်သာအောင် အပူလောင်တဲ့နေရာကိုဖြစ်ဖြစ်ချင်းမှာ ရေအေး (ရေခဲရေ မဟုတ်) နဲ့ ၁၀ မိနစ် ၁၅ မိနစ်လောက် ရေလောင်းပေးပါ။ ရေထဲနှစ်ထားပါ။ ဒါမှမဟုတ် နာကျင်မှု မလျော့မချင်း ရေအေးဆွတ်ထားတဲ့ တဘက်တစ်ထည် တင်ပေးထားပါ။ အလွန်ပူရာက အလွန်အေးတဲ့ အခြေအနေ ချက်ချင်းထိတွေ့လိုက်ရတဲ့အခါ အနာကျက်ခြင်း ဖြစ်စဉ်ကို နှေးစေနိုင်တာကြောင့် ရေခဲရေမသုံးတာဖြစ်ပါတယ်။

အပူလောင်တဲ့နေရာမှာ လက်စွပ် သို့မဟုတ် တခြားတင်းကျပ်စွာ ဝတ်ဆင်ထားတဲ့ အရာတွေကို ချွတ်ပါ။ အနာက ရောင်မလာခင် ညင်သာစွာ မြန်မြန်ဖယ်ရှားရမှာ ဖြစ်ပါတယ်။

ရည်ကြည်ဖုလေးတွေကို မဖောက်ပါနဲ့၊ မပေါက်ပါစေနဲ့၊ အပူလောင်ရည်ကြည်ဖုတွေ ပေါက်ပြဲသွားခဲ့ရင် အဲဒီနေရာတစ်ဝိုက်ကို ဆပ်ပြာအပျော့စားနဲ့ ရေနဲ့ ညင်သာစွာ သန့်ရှင်းပေးပြီး ပိုးသတ်ဆေးတစ်ခုခုလိမ်းပေးပါ။

အသားမခြောက်သွေ့စေဖို့ အစိုဓာတ်ထိန်းခရင်မ် သို့မဟုတ် ဂျယ်လ်တစ်ခုခု လိမ်းပေးနိုင်ပါတယ်။

လိုအပ်ရင် Ibuprofen လို ဆရာဝန်ညွှန်ကြားချက်မလိုတဲ့ အကိုက်အခဲပျောက်ဆေး သောက်ရပါမယ်။ အရည်ကြည်ဖု အကြီးကြီးတွေဖြစ်လာရင် ဆရာဝန်ပြပြီး ဖောက်ပစ်သင့်ရင် အပ်နဲ့ စုပ်ထုတ်ပေးပါလိမ့်မယ်။ အနာမှာ ပိုးဝင်တဲ့ လက္ခဏာတွေ့ရရင်၊ အနာရင်းလာရင်၊ နီရဲရောင်ရမ်းလာရင် ဒါမှမဟုတ် အပူလောင်တဲ့နေရာက များတယ် ဆိုရင် ဆေးကုသမှုခံယူပါ။

**ပြင်းထန်တဲ့ အပူလောင်ခြင်း**

အပူလောင်ခြင်း ပြင်းထန်ရင် အမြန်ဆုံး ဆေးရုံပို့ပါ။ ဆေးရုံမပို့ရသေးခင် အချိန်အတွင်း အောက်ပါအချက်တွေ သိထားသင့်ပါတယ်။

အပူလောင်ထားသူကို ထပ်မထိခိုက်အောင် သတိထားပါ။ အပူလောင်စဉ် သူ့ရဲ့အရေပြားနဲ့ ထိကပ်နေတဲ့ အဝတ်အစားတွေကို သွားမဖယ်ရှားလိုက်ပါနဲ့ဦး။

သွေးလည်ပတ်မှု ကောင်းမကောင်း သတိထားကြည့်ပါ။ အသက်ရှူသံ၊ ချောင်းဆိုးတာ၊ လှုပ်ရှားမှုစတာတွေကို သေချာကြည့်ပါ။

လည်ပင်းနဲ့ အပူလောင်ထားတဲ့နေရာ တစ်ဝိုက်တို့မှာ ဝတ်ဆင်ထားတဲ့ အသုံးအဆောင်၊ အဝတ်အထည်၊ ခါးပတ်တို့ကို ဖယ်ရှားပါ။ အပူလောင်နာတွေက ရောင်ရမ်းမှု မြန်ဆန်ပါတယ်။

အပူလောင်တာ ဒဏ်ရာကြီးရင် ရေအေးထဲ မနှစ်ပါနဲ့။ ခန္ဓာကိုယ်အပူချိန် ရုတ်တရက်ကျဆင်းခြင်း သို့မဟုတ် သွေးဖိအားကျဆင်းခြင်းနဲ့ သွေးဆုတ်ခြင်း (ရုတ်တရက်) ဖြစ်လာနိုင်လို့ ဖြစ်ပါတယ်။

အပူလောင်တဲ့နေရာကို မြှင့်ထားပါ။ ဥပမာ လက်မောင်းမှာလောင်ရင် လက်ကို နှလုံးနဲ့ တစ်တန်းတည်းထက် ပိုမြင့်တဲ့ အဆင့်အထိ မြှောက်တင်ထားပေးပါ။

အပူလောင်တဲ့နေရာကို ဖုံးအုပ်ကာကွယ်ထားပါ။ ပတ်တီး သို့မဟုတ် ပိတ်လျှော်မနေလောက်တဲ့ အသားဖြစ်တဲ့ အဝတ်စတစ်ခုကို သုံးနိုင်ပါတယ်။ ကျန်တာကိုတော့ ဆေးရုံ၊ ဆေးခန်းရောက်တဲ့အခါ ကျန်းမာရေးစောင့်ရှောက်သူတွေက ကုသပေးပါလိမ့်မယ်။ ။

## စိုက်ပျိုးရေးကဏ္ဍတိုးတက်စေရန် သက်ဆိုင်ရာပညာရှင်များနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၃၀**

စိုက်ပျိုးရေးကဏ္ဍ တိုးတက်ရေးအတွက် ခေတ်မီစိုက်ပျိုးနည်းများကို သုံးပြီး စိုက်ပျိုးရန်သာမက သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် လေ့လာနေရန်မှာလည်း အရေးကြီးသည်။ စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေးအတွက်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ စိုက်ပျိုးထုတ်လုပ်သူများနှင့် ညှိနှိုင်းဆောင်ရွက်မှုများပြုလုပ်၍ စိုက်ပျိုးရေးပညာရှင်များ၏ သုတေသနဆောင်ရွက်မှုများကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စွန့်ဦးလူငယ်ပညာရှင်များအဖွဲ့ (YSI-Young Science Initiative) ၏ သုတေသနလုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးပွဲကို မတ်လနောက်ဆုံးပတ်က ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ပြုလုပ်ရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ရုံးချုပ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ စိုက်ပျိုးရေးပညာရှင် စွန့်ဦးလူငယ်ပညာရှင်များ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး၊ ပြည်နယ်များမှ YSI အဖွဲ့ဝင်များက မိမိတို့ သုတေသနပြုဆောင်ရွက်ခဲ့သည့် သက်ဆိုင်ရာခေါင်းစဉ်အလိုက် စာတမ်းများ ဖတ်ကြားဆွေးနွေးခြင်းများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။



စွန့်ဦးလူငယ် ပညာရှင်များအဖွဲ့ (YSI-Young Science Initiative) ကို ၂၀၁၇ ခုနှစ်ကို ဇူလိုင်လတွင် စိုက်ပျိုးရေး ပညာရှင် ၅၉ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ကာ YSI အဖွဲ့အနေဖြင့် အဖွဲ့ခွဲများခွဲ၍ သုတေသနလုပ်ငန်း ဆောင်ရွက်ရမည့် ဒေသများ သတ်မှတ်ဆောင်ရွက်ရေး၊ စိုက်ပျိုးရေးပညာရှင်များ ပူးပေါင်းပါဝင်သော စွန့်ဦးလူငယ်ပညာရှင်များအဖွဲ့က မြေဆီလွှာနှင့် သီးနှံပိုးမွှားဆိုင်ရာ စိုက်ပျိုးရေးပြဿနာရပ်များကို ဖော်ထုတ်၍ သုတေသနပြု ဖြေရှင်းဆောင်ရွက်ကြရန်၊ နိုင်ငံတကာတွင် ဆောင်ရွက်နေသည့် စိုက်ပျိုးရေးနည်းပညာများကို လေ့လာဆန်းစစ်၍ သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

## နမ့်ခမ်းမြို့၌ မီးငြိမ်းသတ်လေ့ကျင့်

**နမ့်ခမ်း မတ် ၃၀** - မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မတ် ၂၇ ရက်က နမ့်ခမ်းမြို့အမှတ် ၂ ရပ်ကွက်နောင်စန့်ကုန်းရှိ ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးဝင်းအတွင်း၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမင်းသန့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးနှင့် ရုံးဝန်ထမ်းများ မီးငြိမ်းသတ်မှု လက်တွေ့လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**ညာဏ်မင်း (နမ့်ခမ်း)**

## အခြေခံတိုင်းရင်းဆေး ပညာပေး သင်တန်းဖွင့်လှစ်

**နေပြည်တော် မတ် ၃၀** - ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံတိုင်းရင်းဆေးပညာပေးသင်တန်း ဖွင့်လှစ်ခြင်းကို မတ် ၂၉ ရက်က မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(နေပြည်တော်)တွင် ကျင်းပခဲ့သည်။ အခမ်းအနားတွင် သဘာပတိ တိုင်းရင်းဆေးပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကျော်သိန်းဌေးက အမှာစကား ပြောကြားပြီး အခြေခံတိုင်းရင်းဆေးပညာပေးသင်တန်းတွင် နည်းပြဆရာ ဆရာမများ ပို့ချမည့်ဘာသာရပ်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။ အဆိုပါ သင်တန်းကို နှစ်ရက်တာ ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိပညာပေးဟောပြော

**ဂန့်ဂေါ မတ် ၃၀**

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကြီးမှူး၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဂန့်ဂေါမြို့နယ် မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းဒေသ ယင်းမာရွာဘုန်းတော်ကြီးကျောင်း၌ မတ် ၂၈ ရက်က ပြုလုပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်စိုးက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးမျိုးသိန်းထိုက်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာများကို လည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမြင့်က သက်ငယ်မုဒိမ်းမှုလျော့နည်းပပျောက်ရေး၊ အသိပညာအတွက် စာအုပ်စာပေများ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးကြပြီး တက်ရောက်လာကြသူများအား အတွဲ ၂ အမှတ် ၅ သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။

ထို့နောက် တက်ရောက်လာကြသူများသည် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စီစဉ်ပြသသည့် နိုင်ငံတော်နှင့် မြို့နယ်ဒေသ ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းဓာတ်ပုံများကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **၁၀၁**

## ဆင်ဖြူကျွန်းဆေးရုံကို သန့်ရှင်းရေးဆောင်ရွက်ပေး

**စလင်း မတ် ၃၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့ ဆင်ဖြူကျွန်းတိုက်နယ်ဆေးရုံ၌ မတ် ၂၆ ရက်မှစတင်၍ ဆင်ဖြူကျွန်းနယ်မြေစခန်းမှူး ရဲအုပ်မြင့်ဆန်း၊ ဒုတိယရဲအုပ် ကျော်မျိုးဇော်၊ စလင်းမြို့မရဲစခန်းမှ ဒုတိယရဲအုပ် သက်ပိုင်စိုးနှင့်အဖွဲ့ ဆေးရုံအတွင်းရှိ ချုံနွယ်များအား သန့်ရှင်းရေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## ငါန်းဇွန်မြို့၌ အပြည်ပြည်ဆိုင်ရာ စစ်တုရင်သင်တန်း ဖွင့်လှစ်

**ငါန်းဇွန် မတ် ၃၀**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ၌ မတ် ၂၈ရက်က လူငယ်များ ဉာဏ်ရည် မြင့်မားရေးအတွက် အပြည်ပြည်ဆိုင်ရာ စစ်တုရင်သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်နီလာစိုးက အမှာစကားပြောကြားသည်။ သင်တန်းကာလမှာ ဧပြီ ၁ ရက်အထိ ငါးရက်ကြာမြင့်မည်ဖြစ်ပြီး နေ့စဉ် ညနေ ၄ နာရီမှ ၅ နာရီခွဲ အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# အနုပညာနှင့် မိသားစုအတွက် အချိန်ကို ခွဲဝေပေးရင်း ပျော်ရွှင်နေသည့် သက်မွန်မြင့်



**အိမ်ထောင်ကျသွားသော်လည်း မိသားစုတာဝန်တွေတစ်ဖက်နှင့် မိမိချစ်သည့် အနုပညာအလုပ်တွေကို ပရိသတ်တွေအတွက် ဖန်တီးဖြစ်နေသူ သရုပ်ဆောင် အကယ်ဒမီ သက်မွန်မြင့်တစ်ယောက် လတ်တလော အနုပညာအလုပ်တွေ ဆက်တိုက်ဆိုသလို လုပ်ကိုင်နေဖြစ်ကြောင်း သိရသည်။**

**မေး ။ ။ လတ်တလော အနုပညာလှုပ်ရှားမှုအကြောင်းကိုလည်း ပြောပြပါဦး။**

ဖြေ ။ ။ အခုလောလောဆယ် ရှမ်းပြည်နယ်ဘက်မှာ ဇာတ်ကားလေးတစ်ကား ရိုက်ဖို့ရှိနေတယ်။ မုဆိုးမဇာတ်ကောင်နေရာက သရုပ်ဆောင်ရမှာမို့ မုဆိုးမဇာတ်ကောင်အတွက် လေ့လာနေပါတယ်။ သက်မွန်က သဘာဝကျကျ ဇာတ်လမ်းလေးတွေရိုက်ရတာကို ပိုသဘောကျတယ်။ နောက်ပြီး သက်မွန်က အိုက်တင်မှားတတ်တယ်။ ဒါကြောင့် သဘာဝကျကျဇာတ်ရုပ်လေးတွေမှာ သရုပ်ဆောင်ရတာကိုယ်နဲ့ လိုက်ဖက်တယ်လို့ ထင်တယ်။ သက်မွန်ရဲ့ဇာတ်ကားတွေ ရိုက်ကူးမှုကတော့ တစ်လတစ်ကားလောက် ဆက်နေတာတော့ရှိတယ်။အခုကတော့ ပုပ္ပားမှာလည်း ဇာတ်ကားတစ်ကား ရိုက်ဖြစ် တယ်။ အောင်ပန်းမှာ ကိုဘုဏ်းသိုက်က ဒါရိုက်တာအနေ နဲ့ စားကျက်ရုပ်ရှင်ဇာတ်ကားကြီးကို ကိုနိုင်းနိုင်းရယ်၊ ဘုဏ်းသိုက်လည်း ပါဝင်သရုပ်ဆောင်မယ်။ သကြ်ာန်ပြီး ရင် ကိုစတီးလ် (ဒွေးမေတ္တာ)၊ ကိုနိုင်းနိုင်း၊ ထွန်းကိုကိုတို့နဲ့ ဇာတ်ကားတစ်ကား ရိုက်ဖို့လည်း ရှိပါတယ်။

**မေး ။ ။ ကိုဘုဏ်းသိုက်တို့နဲ့ ရိုက်ကူးဖြစ်တဲ့အကြောင်းကိုလည်း ပြောပြပေးပါဦး။**

ဖြေ ။ ။ စားကျက်ဇာတ်ကားမှာ ဇာတ်လမ်းကိုလည်းကြိုက်သလို ဇာတ်လမ်းထဲက သက်မွန်ရဲ့ကာရိုက်တာကိုလည်းကြိုက်လို့ ရိုက်ဖြစ်တာပါ။ ကိုနိုင်းနိုင်းကလည်း သက်မွန်က ပြန်ရိုက်ချင်တယ်။ ကိုနိုင်းနိုင်းက သက်မွန်ရဲ့ဘဝအစဖြစ်တဲ့ ရုပ်ရှင်လောကမှာ စတင်လက်တွဲခဲ့တဲ့ အစ်ကိုပါ။ သူနဲ့လည်း လက်တွဲချင်တယ်။ ကိုဘုဏ်းသိုက်နဲ့လည်း Short Story ရိုက်ကူးထားတဲ့သူ့ရဲ့အယူအဆတွေကိုလည်း ကြိုက်တယ်။ သူတို့လည်း အသစ်အဆန်းလေးတွေ ဖြစ်မယ်ထင်လို့ သက်မွန်ရိုက်ကူးဖြစ်ခဲ့ပါတယ်။

**မေး ။ ။ စားကျက်ဆိုတဲ့ ဇာတ်ကားထဲမှာရော သက်မွန်မြင့်ရဲ့ကာရိုက်တာအကြောင်း ပြောပြပေးပါဦး။**

ဖြေ ။ ။ သက်မွန်က ဒီဇာတ်ကားမှာတော့ သိုးတွေကို ထိန်းကျောင်းတဲ့ သားတစ်ယောက်ရဲ့အမေမုဆိုးမနေရာက သရုပ်ဆောင်ရမှာပါ။ အခုလောလောဆယ်တော့ ကာရိုက်တာပိုင်း လိုအပ်တာလေးတွေ ဖြည့်ဆည်းနေတယ်။ ရှမ်းပြည်နယ်ဘက်ကို သွားရောက်ရိုက်ကူးမှာဆိုတော့ ရှမ်းပြည်နယ်ဘက်က မုဆိုးမတစ်ယောက်ရဲ့ဘဝကို တစ်ယောက်တည်း ရင်ဆိုင်ရတဲ့ ဇာတ်ကောင်စရိုက် ပီပြင်အောင် အဝတ်အစားပိုင်းစီစဉ်နေတယ်။ ဒီဇာတ်ကားထဲက ကောင်မလေးရဲ့စိတ်နေစိတ်ထားတွေကို ကိုဘုဏ်းသိုက်က အသေးစိတ်ပြောပြတာကို စိတ်ထဲမှာလည်း ထည့်ထားပါတယ်။

**ကိုလင်း**

# အနုပညာကြေးများအတွင်းမှ အမြတ်အစွန်းများဖြင့် ဘုရားတည်သည့် ခေတ်မင်း

တေးရေးခေတ်မင်းစီစဉ်ပြီး အဆိုတော် ရိန်မိုး သီဆိုထားသော ရင်ဘတ်ထဲက(၁) တေးစီးရီး ရောင်းရငွေများအား လှူဒါန်းခြင်းအစီအစဉ်ကို မတ် ၂၈ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ရှိ Orchid Hotelတွင် ကျင်းပခဲ့သည်။

အဆိုပါ တေးစီးရီးရောင်းရငွေကျပ် သိန်း ၅၀ ကို ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် တောင်လုံးပြန် ရပ်ကွက်ရှိ “လေးကျွန်းမာန်အောင်ပြည်လုံးချမ်းသာ”စေတီတော်အတွက် လှူဒါန်းခြင်းဖြစ်သည်။

“ကျွန်တော့်အနေနဲ့ တေးသံရှင် ရိန်မိုးရဲ့ တေးသီချင်းကို ကိုယ်တိုင်ရေးသားဖော်ကျူးပေးထားတာပါ။ “ရင်ဘတ်ထဲက (၁)”တေးသီချင်းခွေရောင်းရငွေအရင်းနဲ့ အမြတ်အားလုံးကို ရန်ကုန်မြို့ မင်္ဂလာ



တောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက်မှာရှိတဲ့ လေးကျွန်းမာန်အောင် ပြည်လုံးချမ်းသာစေတီတော်အတွက် မတည်လှူဒါန်း ငွေကျပ် သိန်း ၅၀ လှူဒါန်းတဲ့ပွဲဆိုလည်း မမှားပါဘူး၊ သီချင်းတွေအားလုံးက ကျွန်တော့်ရဲ့ကိုယ်တိုင်ရေး ၊ ကိုယ်ပိုင်သံစဉ် ရင်ဘတ်ထဲက ၁ သီချင်းခွေထုတ်တာ သုံးလပဲရှိပါသေးတယ်၊ သုံးလအတွင်း ရောင်းချရတဲ့ငွေ ၊ အရင်းနဲ့ အမြတ်အားလုံးကို ပရိသတ်ကောင်းမှုလို့လည်း စာတန်းထိုးထားပြီး လှူဒါန်းတာပါ၊ ကျွန်တော်တို့ရဲ့မတ် ၃၁ ရက်မှာ ထီးတင်ပွဲကျင်းပမှာလည်း ဖြစ်ပါတယ်၊ နောက်ထပ် ရင်ဘတ်ထဲက ၂ ဒုတိယတေးအယ်လ်ဘမ်ကိုလည်း အသံတွေသွင်းနေပါပြီ၊ အဆိုတော်တွေကတော့ ၁၂ ယောက် ပါပါမယ်၊ အဆိုတော်တွေ ဘယ်သူပါမယ်ဆိုတာကိုတော့ အခွေထွက်မှပဲ ကြော်ငြာပေးပါမယ် ”ဟု တေးရေးတေးဆို ခေတ်မင်းက ပြောသည်။

အဆိုပါ ရင်ဘတ်ထဲက ၂ သီချင်းခွေတွင် တေးသံရှင် ၁၂ ဦး နှင့်တေးသီချင်း ၁၂ ပုဒ်ပါဝင်မည်ဖြစ်ကာ ယင်းခေါင်းစဉ်ဖြင့် သီချင်းခွေကို နံပါတ်အစဉ်လိုက် ထပ်မံထုတ်လုပ်ကာ သီချင်းခွေများထွက်ရှိသွားမည် ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

# အမျိုးသားဇာတ်ရုံမှာ ပြုလုပ်မည့် နီနီခင်ဇော်၏ တစ်ကိုယ်တော် ဖျော်ဖြေပွဲ

၂၀၀၈ခုနှစ် Melody World ပြိုင်ပွဲမှ တစ်ဆင့် အနုပညာလောကသို့ ဝင်ရောက်ခဲ့သူ တေးသံရှင် နီနီခင်ဇော်က ၂၀၁၈ ခုနှစ်မှာ အနုပညာသက်တမ်း ဆယ်နှစ်ပြည့်မြောက်ခြင်း အမှတ်တရအဖြစ် Retro Revolution Show ဟု အမည်ပေးထားသည့် ဖျော်ဖြေပွဲကို ဧပြီ ၇ ရက်နှင့် ၈ ရက်တို့တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် ကျင်းပရန်ရှိကြောင်း သိရသည်။



“လာမည့်ပြေပွဲအတွက် ရင်တွေခုန်နေပါတယ်၊ အားလုံးကိုလည်း အသစ်အသစ်တွေ ဖန်တီးထားပါတယ်၊ ဒီပွဲက ကျွန်မရဲ့ ဂီတသက်တမ်း ၁၀ နှစ်ပြည့်နဲ့ တိုက်ဆိုင်တဲ့ပွဲလေးမို့ တော်တော်လည်း ပြင်ဆင်ဖြစ်ပါတယ်၊ ထွက်ပြီးသား တစ်ကိုယ်တော်အခွေ သုံးခွေထဲက သီချင်းတွေ ပြန်ဆိုပါမယ်၊ အခုလို ဖျော်ဖြေပွဲလုပ်နိုင်ဖို့ ခြောက်လတိုင်တိုင် အချိန်ယူ ပြင်ဆင်ခဲ့ပါတယ်၊ လွန်ခဲ့တဲ့ နှစ် ၂၀ လောက်ကို ပြန်ပြောင်းသတိရစေအောင်လို့ 90’s Music Arrangements ပုံစံနဲ့ တင်ဆက်မှာပါ၊ စတိတ်စင်ဒီဇိုင်း၊ အဝတ်အစား၊ မိတ်ကပ်နဲ့ သီဆိုမှုအားလုံး ၉၀ ပြည့်နှစ်ဝန်းကျင်ကို ရောက်သွားစေမယ်”ဟု နီနီခင်ဇော်က ပြောသည်။

**ကိုလင်း**

# ရဲနောင်၏ဝတ္ထုကို ဒါရိုက်တာအာကာ ပုံဖော်ရိုက်ကူး



**စာအုပ်ကြီးအတိုင်း မရိုက်ထားဘူး၊ လွတ်လွတ် လပ်လပ် Creative ဖြစ်မယ့် ဇာတ်ပါ**

မေ ၄ ရက်တွင် ရုံတင်ပြသမည့် ဒုဋ္ဌဝတီကိုလွန်၍ ဇာတ်ကားအား နမူနာပြသစဉ်မှာပင် ကြည့်ရှုသူတစ်သန်းကျော် ရရှိထားပြီး သာမန်ဇာတ်လမ်းများနှင့် မတူသောကြောင့် စိတ်ဝင်စားမှု မြင့်တက်လျက်ရှိသည်။

“ရိုက်ချက်တွေက လူငယ်ရိုက်ချက်ပဲ ပြောရမှာပေ့ါ၊ Rules တွေ ဘောင်တွေမရှိဘူး၊ စာအုပ်ကြီးအတိုင်း မရိုက်ထားဘူး၊ လွတ်လွတ်လပ်လပ် Creative ဖြစ်မယ့်ဇာတ်ပါ၊ ဒါကြောင့် ထွက်လာတဲ့ result က ကျွန်တော် အလွန်ကြိုက်တယ်ဗျာ၊ ပရိသတ်တွေလည်း အကြိုက်တွေ့မှာပါ”ဟု ဒါရိုက်တာ အာကာက ပြောသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားကြီးသည် ယခင်က Hip Hop အဆိုရှင်အဖြစ် လူသိများခဲ့သူ အဆိုတော် ရဲနောင် ရေးသားထားသော မြန်မာ့လျှို့ဝှက်ဆန်းကြယ်များ (The Mystery of BURMA) စာအုပ်၏ ပထမဆုံးအပိုင်းဖြစ်ပြီး ရတနာသိုက်ရှာဖွေသော ဇာတ်လမ်းပုံစံကို တင်ပြထားပြီး နိုင်းနိုင်း ၊ အမွန်း ၊ ဇော်ဇော်အောင်၊ နော်အောင် ၊ Joe Moreira ၊ ဆန်းထွဋ်တို့ ပါဝင်ထားကြောင်း သိရသည်။

**ကိုလင်း**

# တောတွင်းသတ္တဝါများ ထိန်းသိမ်းကာကွယ်ရေးနှင့် တရားမဝင်ရောင်းဝယ်မှုတားဆီးရေးဆိုင်ရာများ အသိပညာပေး



## မဟာဓာတုစေတီတော်မြတ်ကြီးအတွင်း ကိန်းဝပ်မည့် ဓာတ်တော်နှင့် ကြေးဆင်းတုတော်များ အပူဇော်ခံ

**မန္တလေး မတ် ၃၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် အနီးစခန်းရှိ တောင်စလင်း ဓာတ်တော်ကျောင်းတိုက်တွင် တည်ထားကိုးကွယ်သော မဟာဓာတု စေတီတော်မြတ်ကြီးအတွင်း ကိန်းဝပ်စံပယ်တော်မူမည့် မြတ်စွာဘုရား၏ ဓာတ်တော်နှင့် ထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ကြေးဆင်းတုတော်ကြီးများကို မတ် ၂၈ ရက်မှစ၍ မန္တလေးမြို့အတွင်း လှည့်လည်အပူဇော်ခံ ကြွရောက်တော်မူသည်။

လှည့်လည်အပူဇော်ခံရာ၌ မန္တလေးမြို့ တောင်စလင်းတိုက်သစ် ဘာဝနာဌာနမဟာနာယက တောင်တန်းသာသနာပြု ဗြဟ္မစိုရ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတိက္ခအား ဦးထိပ်ထား၍ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းနှင့် လူမှုကူညီရေးအသင်းအဖွဲ့များက ပံ့ပိုးကူညီဆောင်ရွက်ကြပြီး မတ် ၂၈ ရက်တွင် အောင်မြေသာစံမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်များအတွင်းသို့ လည်းကောင်း၊ မတ် ၂၉ ရက်တွင် မဟာအောင်မြေမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ် အနောက်ခြမ်းရပ်ကွက်များသို့ လည်းကောင်း၊ မတ် ၃၀ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ် အရှေ့ခြမ်းရပ်ကွက်များသို့ လည်းကောင်း အလှည့်ကျလှည့်လည်အပူဇော်ခံကြွရောက်မည်ဖြစ်ပြီး ပြင်ဦးလွင်မြို့သို့ ဧပြီ ၁ ရက်တွင် ဆက်လက်ပင့်ဆောင်၍ အပူဇော်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

**နေပြည်တော် မတ် ၃၀**

သစ်တောဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)တို့ ပူးပေါင်း၍ တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းကာကွယ်ခြင်းနှင့် တရားမဝင်ရောင်းဝယ်မှု တားဆီးရေးဆိုင်ရာ ပညာပေးဟောပြောပွဲကို မတ် ၂၉ ရက် နံနက် ၉ နာရီက ပျဉ်းမနားမြို့ မင်္ဂလာကန်တော်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းက အမှာစကားပြောကြားပြီး သဘာဝပတ်ဝန်းကျင်နှင့် သားငှက်ထိန်းသိမ်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးက တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးနှင့် တရားမဝင် ရောင်းဝယ်မှု တားဆီးရေးဆိုင်ရာ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအတွင်း လက်ရှိဆောင်ရွက်နေသော တောရိုင်းတိရစ္ဆာန် တရားမဝင်ရောင်းဝယ်မှု တားဆီးရေး လုပ်ငန်းများအား သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)မှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားခဲ့သည်။

ယနေ့အခမ်းအနား ပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဈေးများ၊ စားသောက်ဆိုင်များတွင် တောရိုင်းတိရစ္ဆာန်နှင့် ယင်းတို့၏ အစိတ်အပိုင်းများအား အသားအဖြစ်လည်းကောင်း၊ ဟင်းလျာအဖြစ်လည်းကောင်း၊ လူအသုံးအဆောင်များအဖြစ် လည်းကောင်း ရောင်းဝယ်နေမှုများတွေ့ရှိရပြီး ထောက်ပြဝေဖန်မှုများ ရှိနေသည်။ ယင်းကိစ္စရပ်သည် ဥပဒေအရ ပြစ်မှု၊ ပြစ်ဒဏ်မြောက်နေသဖြင့် အများပြည်သူ ထိခိုက်နစ်နာမှုမရှိစေရေးအတွက် သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ဈေးများ၊ စားသောက်ဆိုင်များ၊ အမှတ်တရ အရောင်းဆိုင်များတွင် ရောင်းချနေမှုများကို စည်းကမ်းသတ်မှတ်ပေးနိုင်ရေးနှင့် အရောင်းဆိုင်လုပ်ငန်းလိုင်စင် လျှောက်ထားရာတွင် စိစစ်ပေးနိုင်ရေးတို့ကို ပူးပေါင်းကူညီ ဆောင်ရွက်ပေးနိုင်ရန် ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

သားငှက် ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်) အနေဖြင့် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းကာကွယ်ခြင်းနှင့် တရားမဝင် ရောင်းဝယ်မှုတားဆီးရေးဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ ပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်းအပြင် လူစည်ကားရာနေရာများဖြစ်သော မြို့မဈေးနှင့် မြို့မကားဂိတ်များ၊ သပြေကုန်းဈေး၊ အာဟာရသုခဈေး၊ ရေပူစမ်းနှင့် လေ့ခွင်းတောင်ရေဆိပ်တို့တွင် အသိပညာပေးဆိုင်းဘုတ်များ စိုက်ထူ၍ အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**

**ဓာတ်ပုံ-သီဟစည်သူ**

## မြန်မာ့ငြိမ်းချမ်းရေးဆိုင်ရာ ရည်ညွှန်းစာတမ်းများ စာအုပ်များလှူဒါန်း

**တောင်တွင်းကြီး မတ် ၃၀**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲစေရေး စာဖတ်ရှိန်မြှင့်တင်ရေးအတွက် မြန်မာ့ငြိမ်းချမ်းရေးဆိုင်ရာ ရည်ညွှန်းစာတမ်းများ စာအုပ်များကို ကျေးရွာစာကြည့်တိုက်များသို့ ပေးအပ်လှူဒါန်းပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ မတ် ၂၉ ရက် မွန်းလွဲ ၁ နာရီခွဲက ကျင်းပရာ အလှူရှင် ဦးဇော်မင်းနိုင်က စာအုပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး မြို့နယ်ဦးစီးမှူး ဒေါ်ချိုမီအောင်က မြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များ Book Club အဖွဲ့ဝင်များအား ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အလှူရှင် ဦးဇော်မင်းနိုင်က မြန်မာ့ငြိမ်းချမ်းရေးဆိုင်ရာ ရည်ညွှန်းစာတမ်းများ စာအုပ်စုစုပေါင်း အုပ်ရေ ၃၈၀ အား မြို့နယ်ဦးစီးမှူး ဒေါ်ချိုမီအောင်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **နိုင်ဝင်း**



## သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး အသိပညာပေးဟောပြော

**နေပြည်တော် မတ် ၃၀**

နေပြည်တော် တပ်ကုန်းမြို့ ဆရာစံရပ်ကွက်တွင် မတ် ၂၉ ရက်က မှုခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး အသိပညာပေးဟောပြောပွဲ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်သာဦးနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူး ဇော်မျိုးဝင်းတို့မှ ရပ်ကွက်နေပြည်သူများအား မှုခင်းကျဆင်းရေးလုပ်ငန်းများ အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **တင်ထွန်းတာ(တပ်ကုန်း)**



## သုံးစွဲရန်မသင့်သော တိုင်းရင်းဆေးဝါးများကို အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျစစ်ဆေးလျက်ရှိပါသည်။

၂။ တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် ဈေးကွက်အတွင်းရှိ တိုင်းရင်းဆေးဝါးများကို စိစစ်ခဲ့ရာ ဖော်ပြပါတိုင်းရင်းဆေးဝါး(၂)မျိုးသည် တိုင်းရင်းဆေး ပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ အများပြည်သူများသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော တိုင်းရင်းဆေးဝါးများကိုသာ စိစစ်ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၄။ တိုင်းရင်းဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် လက်လီလက်ကားဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများ

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန |
|---|---|---|---|---|
| ၁ | ရွှေမင်းသိန်း | မုဆိုးကျော် အခိုးပွင့် ဆေးကြီး | ဆေးမှုန့်/ ဆေးဘူး | အမှတ်(၇၀)၊ ပထမထပ် (F)ရုံ၊ ဈေးချိုမန္တလေးမြို့။ |
| ၂ | အမှတ်တံဆိပ် ဖော်ပြထား ခြင်းမရှိပါ | သူငယ်နာ ကျဗဟုံး သက်စောင့်ဆေး | ဆေးလုံး/ ပုလင်း | သမားတော် ရွှေလက်ဝါးဆေးတိုက် မန္တလေးမြို့။ |

ပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ် (Ethic)အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ(၃၁)၊ (၃၂)တို့အရ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ဟွာလ်ငိုချင်းမျိုးနွယ်စု၏ ကွတ်ပွိုးပွဲတော်နှင့် ဟွာလ်ငိုချင်းစာပေနှင့် ယဉ်ကျေးမှုအသင်းနှစ် (၅၀)ပြည့် ရွှေရတုပွဲတော်ကျင်းပ

**ကလေး မတ် ၃၀**

ဟွာလ်ငိုချင်းမျိုးနွယ်စုများ၏ ကွတ်ပွိုးရိုးရာပွဲတော်နှင့် ဟွာလ်ငိုချင်းစာပေနှင့် ယဉ်ကျေးမှုအသင်း နှစ် (၅၀)ပြည့် ရွှေရတုပွဲတော်ကို မတ် ၂၈ ရက် ည ၈ နာရီက ကလေးမြို့စမ်းမြို့ရပ်ကွက် စတောင်မ်အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနား၌ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးညီညီ၊ ဟွာလ်ငိုစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးခေါ်သွလာနှင့် ချင်းစာပေနှင့် ယဉ်ကျေးမှုနာယက ဦးထန်ဘီလ်လွယ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီးနောက် သိက္ခာတော်ရဆရာတော် ဇန်လားလ်ဒင်းအာက အဖွင့်ဆုတောင်းပေးကာ ဟွာလ်ငိုချင်းစာပေနှင့် ယဉ်ကျေးမှု အသင်း နှစ်(၅၀)ပြည့်အထိမ်းအမှတ်အဖြစ် တာဝန်ရှိသူတို့က ဂျူဗလီကမ္ပည်းကျောက်စာအား ဖတ်ကြားခြင်းနှင့် ဂျူဗလီမောင်းအချက် ၅၀ တီးခတ်ကြသည်။

ပွဲတော်ကျင်းပရေးကော်မတီအဖွဲ့မှ တာဝန်ရှိသူများက ဟွာလ်ငိုမျိုးနွယ်စု၏ ကွတ်ပွိုးရိုးရာပွဲတော်နှင့် ဟွာလ်ငိုချင်းစာပေနှင့် ယဉ်ကျေးမှုအသင်း နှစ်(၅၀)ပြည့် ရွှေရတုပွဲတော်ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီးနောက် ပွဲတော်အား ဟွာလ်ငိုတိုင်းရင်းသားရိုးရာ ဝါးညှပ်အကများ၊ ခေတ်ပေါ်တေးသရုပ်ဖော်အကများနှင့် ခေတ်ပေါ်တေးဂီတအဖွဲ့မှ ရိုးရာတေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်သည်။ **(ယာပုံ)**ထို့အတူ ပွဲတော်အထိမ်းအမှတ်အဖြစ် ဘော်လီဘောပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ပြုလုပ်ကြောင်း ပွဲတော်ဖြစ်မြောက်ရေးကော်မတီမှ သိရသည်။

"ကွတ်နဲ့ ပွိုးဆိုတဲ့စကားကတော့ အားလုံးပါဝင်ဆင်နွှဲနိုင်သော ပွဲတော်နဲ့ ကြီးကျယ်ခမ်းနားသောဆိုပြီး အဓိပ္ပာယ် ရပါတယ်၊ ဖလမ်းမြို့နယ် ဆဲလ်ပွိုးကျေးရွာကနေစပြီး အေဒီ ၁၅၅၀ ခန့်ကတည်းက စတင်ကျင်းပခဲ့တယ်၊ ရှေးအခါက လူး၊ ဆပ်နဲ့ ပြောင်းမျိုးစေ့တွေကြဲချပြီး အပင်ပေါက်လာတဲ့အခါ ဝမ်းစာအတွက် နှစ်စ၊ နှစ်ဦးရောက်ပြီဆိုပြီးတော့ နှစ်သစ်ကူးအတွက် စကြဝဠာဘုရားထံ ဆုတောင်းရင်း ပျော်ပွဲရွှင်ပွဲပြုလုပ်ခြင်းဖြစ်ပါတယ်" ဟု ဟွာလ်ငိုစာပေနှင့် ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးလားလ်ဗျက်ထန်းက ပြောသည်။

ချင်းလူမျိုးများ၏ စာပေသင်ကြားမှု မှတ်တမ်းအရ ဟွာလ်ငိုချင်းစာပေသည် အစောဆုံးသင်ကြားသော စာပေဖြစ်ပြီး ၁၉၁၄ ခုနှစ်က ဖလမ်းမြို့နယ် ဆအဲက်ကျေးရွာ ခရစ်ယာန်စာသင်ကျောင်းမှ စတင်သင်ကြားခြင်းဖြစ်ကြောင်း၊ မျိုးနွယ်စု၏ ဓလေ့ထုံးတမ်းများ ထိန်းသိမ်းသည့်အနေဖြင့် တစ်နှစ်လျှင် နှစ်ကြိမ် မဂ္ဂဇင်းထုတ်ဝေလျက်ရှိကြောင်း၊ ဟွာလ်ငိုယဉ်ကျေးမှုကော်မတီကို ၁၉၆၈ ခုနှစ် ဖလမ်းမြို့၌ စတင်ဖွဲ့စည်းခြင်းဖြစ်ပြီး ယခုအခါ အနှစ်(၅၀)ပြည့်မြောက်ပြီဖြစ်ကြောင်း ဟွာလ်ငိုစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးခေါ်သွလာထံမှ သိရသည်။ **ချင်းတွင်းသား**



# တကယ်ဖြစ်ချင် တကယ်လုပ်၊ အဟုတ်ဖြစ်နေပြီ

**ဘုန်းတင်လှိုင်**

မြန်မာနိုင်ငံ၏ လူဦးရေ သန်း၅၀ ကျော်အနက် ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင် နေထိုင်ကြပြီး အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာလုပ်ငန်းဖြစ်ပါသည်။ လယ်ယာကဏ္ဍမှ တစ်မျိုးသားလုံး၏ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းခန့်ကို ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူပြုစေရန် မျှော်မှန်း၍ ပန်းတိုင် ၉ ရပ်ကို သတ်မှတ်ထားပြီး ရည်မှန်းချက် ၁၁ ခုကိုလည်း ချမှတ်ထားပါသည်။ အဆိုပါ ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်လည်း မူဝါဒ ၁၀ ချက်ကို အလေးအနက်ထား၍ စီမံဆောင်ရွက်လျက်ရှိသည်။

ယခင်က သဘာဝ မိုးရေကိုသာ မှီခိုအားထားပြီး စိုက်ပျိုးကြရသည့်တောင်သူလယ်သမားများအတွက် လယ်မြေများကို စိုက်ပျိုးရေသေချာသည့် ဆည်ရေသောက်စနစ်များ တည်ဆောက်ပေးနိုင်ခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်ပေးခြင်းဖြင့် မူလက တစ်သီးပင်လျှင် မသေချာသည့်အခြေအနေမှ သီးထပ်သီးညှပ်များ ပိုမိုတိုးတက် စိုက်ပျိုးလာနိုင်သည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများနှင့် တောင်သူလယ်သမားများ၏ ဝင်ငွေ ပိုမိုတိုးတက်ဖြစ်ထွန်းလာနိုင်မည် ဖြစ်ပါသည်။ ထို့ပြင် ဆည်၊ တာတမံကြီးများနှင့် မြစ်ရေတင်စီမံကိန်းကြီးများကို ပိုမိုထိရောက်အကျိုးရှိစွာ ရေရှည်အသုံးပြုနိုင်ရေးအတွက် တည်ဆောက်ထိန်းသိမ်းမွမ်းမံခြင်း လုပ်ငန်းများ၊ ရေကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေး ပညာပေးလုပ်ငန်းများနှင့် သရုပ်ပြပွဲများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်။

**ဖြူးချောင်းဆည်ရေသောက်စနစ်**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၂ ရက်က ဖြူးမြို့နယ် ဖြူးဆည်ရေသောက်ဧရိယာအတွင်းရှိ ညောင်ပင်သာဒေသသို့ လုပ်ငန်းများ လာရောက်ကြည့်ရှုစစ်ဆေးစဉ် ဒေသခံတောင်သူလယ်သမားများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးခရီးစဉ်တွင် သုံးခွလေးကျေးရွာ (ကညင်ဒိုင်းကျေးရွာအုပ်စု)၊ ဆေးရိုးကုန်းကျေးရွာ (ကညင်ဒိုင်းကျေးရွာအုပ်စု)၊ သပြေခင်ကျေးရွာ (ကျီးရိုးကျေးရွာအုပ်စု)၊ ကင်မွန်းခြုံကျေးရွာ (လှသင်းမောင်ကျေးရွာအုပ်စု) တို့မှ တောင်သူလယ်သမားများက ဖြူးချောင်းဆည်ရေသောက်စနစ် မပြီးမီ ဆည်ရေသောက်အတွင်းရှိ ဇဟားချောင်းအတွင်းသို့ ဆည်ရေများ ချပေးစေလိုကြောင်း၊ ဇဟားချောင်းကို အဆင့်ဆင့်ပိတ်ပြီးချောင်းပိတ်၊ မြောင်းပိတ်စနစ်ဖြင့် နွေစပါးစိုက်ပျိုးလိုကြောင်း တင်ပြခဲ့ကြပါသည်။ ပြည်ထောင်စုဝန်ကြီးကလည်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများအား ကျွမ်းကျင်မှုနှင့် စက်ယန္တရားများ အကူအညီပေးရန် မှာကြားခဲ့သည်။

ဖြူးချောင်းဆည်ရေသောက်စနစ်တွင် တူးမြောင်းမကြီး နှစ်ခု ၁၉ မိုင်၊ မြောင်းခွဲ တစ်ခု မိုင် ၂၀၊ လက်တံမြောင်းများ ၂၄ ခု ၇၅ မိုင် ၊ လက်တံမြောင်းခွဲများ ၂၀၆ ခု ၃၅၈ မိုင်နှင့် တူးမြောင်းအဆောက်အအုံပေါင်း ၃၅၉၅ ခု ပါဝင်ပါသည်။ ဆည်ရေပေးဝေနိုင်မည့် ဧရိယာ ဧက၉၀၀၀၀ကိုရေပေးဝေနိုင်ရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း စတင် အကောင်အထည်ဖော်ခဲ့ရာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ၁၆ ဒသမ ၁ ရာခိုင်နှုန်းသာ ပြီးစီးပါသေးသည်။ ဆည်ရေသောက်စနစ် ရာနှုန်းပြည့် မပြီးစီးသေးသော်လည်း တမံတည်ဆောက်ခြင်း၊ ရေပိုလွှဲတည်ဆောက်ခြင်းနှင့် ရေလွှဲဆည်တည်ဆောက်ခြင်းတို့ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သဖြင့် ကန်တွင်းရေသိုလှောင်ထားရာ ကန်ရေပြည့်နီးပါး ဧက ပေ ၅၅၀၀၀၀ ကျော် သိုလှောင်ထားပြီး ဖြစ်သည်။

**ချောင်းပိတ် ၊ မြောင်းပိတ် ရေတင်သည့်စနစ်**


ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် ပြည်ထောင်စုဝန်ကြီး၏ မှာကြားချက်အတိုင်း တောင်သူလယ်သမားတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် နွေစပါးစိုက်မည့် ဧရိယာများသို့ ရေရောက်ရှိအောင် ချောင်းပိတ်၊မြောင်းပိတ်စနစ်ဖြင့် ဇဟားချောင်းတွင် ပိတ်ချက်ရှစ်နေရာနှင့် ငနုသန်းချောင်းတွင် ပိတ်ချက်တစ်နေရာတို့ကို စက်ယန္တရားများဖြင့် ဆောင်ရွက်ပေးခဲ့ပါသည်။ ဇဟားချောင်းပိတ်ချက်အမှတ် ၁ ကို ပေါက်ဇလုပ်ကျေးရွာအုပ်စု ၊ ပိတ်ချက်အမှတ် ၂ ကို ကျီးရိုးကျေးရွာအုပ်စု၊ ပိတ်ချက်အမှတ် (၃) (၅)၊ (၆)၊ (၇)တို့ကို လှသင်းမောင်ကျေးရွာအုပ်စု၊ ပိတ်ချက်အမှတ် (၄) (၈) တို့ကို ကညင်ဒိုင်းကျေးရွာအုပ်စုနှင့် ငနုသန်းချောင်းပိတ်ကို လက်တက်ကြီးကျေးရွာအုပ်စုတို့တွင် အသီးသီးလုပ်ဆောင်ပေးခဲ့သည်။

**အောင်မြင်စွာ စိုက်ပျိုးနိုင်**

ထို့နောက် လိုအပ်သော ဆည်ရေပမာဏကို ထိန်းညှိလွှတ်ပေးခဲ့ရာ ဆည်ရေသောက်ဧရိယာ ၃၆၀၀ ဧကခန့် နွေစပါး စိုက်ပျိုးနိုင်ခဲ့ပါသည်။ ပေါက်ဇလုပ်ကျေးရွာ၊ စက်ကုန်းကျေးရွာ၊ သပြေခင်ကျေးရွာ၊ ကင်မွန်းခြုံကျေးရွာ၊ ကျီးရိုးကျေးရွာ၊ သုံးခွလေးကျေးရွာ၊ လိပ်ဥကွင်းကျေးရွာ၊ ဆင်ပင်ကောက်ကျေးရွာ၊ ထန်းပင်ကုန်းကျေးရွာ၊ ကိုင်းတဲစုကျေးရွာ၊ ဆေးရိုးကုန်းကျေးရွာနှင့် လက်တက်ကြီးကျေးရွာ စုစုပေါင်း ကျေးရွာ ၁၂ ရွာကို အကျိုးပြုနေကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် တူးမြောင်းစနစ်ပြီးစီးပြီး ဒေသတို့တွင် နွေစပါးဧရိယာ ၆၁၆ ဧကနှင့် ကညွတ်ကွင်းစနစ်ကျလယ်ယာမြေတွင် နွေစပါးဧရိယာ ဧက ၃၀၀ တို့ကိုလည်း ဆည်ရေပေးဝေ စိုက်ပျိုးထားကြောင်းလည်း သိရှိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် ဖြူးမြို့နယ် ကညွတ်ကွင်းဒေသရှိ စနစ်ကျလယ်ယာမြေ ၃၀၇ ဧက စိုက်ခင်းသို့ လာရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။ ပြည်ထောင်စုဝန်ကြီးခရီးစဉ်တွင် ဒေသခံတောင်သူလယ်သမားများနှင့် တွေ့ဆုံစဉ် တောင်သူလယ်သမားများက ယခု စနစ်ကျလယ်ယာမြေသည် ဖြူးချောင်းဆည်ရေသောက်စနစ်တွင် ပါဝင်ပြီး ဆည်ရေသောက်စနစ်ပြီးလျှင် စက်ရေတင်စရာမလိုဘဲ ဆည်ရေဖြင့် စိုက်ပျိုးနိုင်မှာဖြစ်ကြောင်း၊ ယခင်က အထက်ပိုင်းတောင်သူတွေက ကန့်ကွက်ခဲ့ကြ၍ တူးမြောင်းများ မဆောင်ရွက်နိုင်ခဲ့သော်လည်း ယခု ကန့်ကွက်မည့်သူ မရှိတော့သဖြင့် ဆည်ရေသောက်စနစ်များကို ပြီးစီးအောင် ဆောင်ရွက်ပေးစေလိုကြောင်း ၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလက ညောင်ပင်သာရွာကို လာရောက်ခဲ့သည့် ဝန်ကြီးခရီးစဉ်တွင် ဇဟားချောင်းကိုပိတ်ပြီး နွေစပါးစိုက်ပျိုးလိုကြောင်း တင်ပြမှုအပေါ် ဝန်ကြီး၏ မှာကြားချက်၊ ဆည်မြောင်းဌာန၏ အကူအညီများဖြင့် ဆောင်ရွက်ခဲ့ရာ ယခု နွေစပါးများ စိုက်ပျိုးအောင်မြင်နေပြီဖြစ်ကြောင်း ၊ ဝန်ကြီးကိုရော ဆည်မြောင်းဌာနကိုရော ကျေးဇူးအထူးတင်ကြောင်း၊ ယခု ချောင်းပိတ်စနစ်မှာ ချောင်းအနီးအနား ပတ်ဝန်းကျင်တွင်သာ စိုက်ပျိုး၍ရသေးသဖြင့် တစ်ကွင်းလုံး စိုက်ပျိုးနိုင်ဖို့ မြေပေါ်မြောင်းလေးများကို အမြန်ဆုံးဆက်လက်ဆောင်ရွက်ပေးစေလိုကြောင်း စသည်ဖြင့် လိုအပ်ချက်များကို တင်ပြကြသည်။

ဖြူးချောင်းဆည်ရေသောက်စနစ်အတွင်း ဆည်ရေသောက်စနစ် မပြီးစီးမီ ချောင်းပိတ် မြောင်းပိတ်စနစ်ဖြင့် နွေစပါးစိုက်ပျိုးနေကြသည့် သတင်းကို ကြားသိရသဖြင့် ဆောင်းပါးရှင်အနေဖြင့် သွားရောက်လေ့လာခဲ့သည်။ မှန်ပါသည်။ နွေစပါးစိုက် တောင်သူလယ်သမားများနှင့်အတူ နွေစပါးစိုက်ခင်းများကို တစ်မျှော်တစ်ခေါ် တွေ့မြင်ခဲ့ရပါသည်။ ပြုံးပျော်ရွှင်မြူးနေကြသည့် တောင်သူလယ်သမားများကို မြင်တွေ့ရသည့်အခါ ဝမ်းသာကြည်နူးရသည်။ အောင်မြင်ဖြစ်ထွန်းနေသော နွေစပါးစိုက်ခင်းများကို နောက်ခံပြုကာ သူတို့ပြောပြသည်များကို နားထောင်ခွင့်ရခဲ့ပါသည်။



ဖြူးချောင်းဆည်ရေသောက်စနစ်တွင် နွေစပါးစိုက်ပျိုးထားရှိမှု အခြေအနေ(၂၀၁၇-၂၀၁၈)

**ဒေသခံတောင်သူများ၏ စကားသံများ**

သုံးခွလေးကျေးရွာမှ ဦးဟန်စိန်က "ဆည်မြောင်းက ဦးဆောင်ပြီး ဆည်ရေရောက်အောင် ဆောင်ရွက်ပေးတာ မကြုံဖူးကြောင်း၊ ယခင်က မိုးစပါး တစ်သီးသာ စိုက်ပျိုးခဲ့ရကြောင်း၊ ယခုနှစ်တွင် နွေစပါး စတင်စိုက်ပျိုးတာ အောင်မြင်ဖြစ်ထွန်းလို့ ဝမ်းသာနေကြကြောင်း၊ အမြင့်ပိုင်းလယ်ကွက်တွေကို ရေရောက်အောင် ရေစုပ်စက်အသုံးပြုရကြောင်း ၊ ရေပေါ်မြောင်း မြန်မြန်ရောက်လာရင် ဒီထက်ပိုမိုအဆင်ပြေမှာဖြစ်ကြောင်း" ပြောပြသည်။



ချောင်းပိတ်၊ မြောင်းပိတ်ရေတင်စိုက်ပျိုး၍ အောင်မြင်နေသော နွေစပါးခင်းတစ်ခင်း

ကင်မွန်းခြုံကျေးရွာနေ ဦးပွားကလည်း "ဧက ၇၀ ကျော် နွေစပါးစိုက်ပျိုးထားသည်မှာ အောင်မြင်ကြောင်း၊ မွေးကတည်းက မိုးစပါးတစ်သီးသာ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ဆည်ရေသောက်စနစ်ပြီးလျှင် လမ်းပန်းဆက်သွယ်ရေးလည်း ပိုကောင်းလာမှာမို့ မြန်မြန်အကောင်အထည်ဖော် ဆောင်ရွက်ပေးစေလိုကြောင်း၊ ယခု ချောင်းပိတ်စနစ်မှာ ချောင်းအနီးအနားမှာသာ စိုက်ပျိုးနိုင်ပြီး ဝေးတဲ့နေရာတွေ မစိုက်ပျိုးနိုင်ကြောင်း ၊ နွေစပါးစိုက်ချင်တဲ့ တောင်သူတွေ များနေကြောင်း" ပြောကြားသည်။

သပြေခင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစံငွေးကလည်း "ယခု ချောင်းပိတ်စနစ်ဖြင့် ဆည်ရေရရှိအောင် ဆောင်ရွက်ရာတွင် စနစ်ကျသည့် ဆည်ရေပေးဝေသည့်ပုံစံ မဟုတ်သည့်အတွက် ရေပေးခြင်းနှင့် ရေယူခြင်းတွင် အခက်အခဲများစွာ ရှိနေသေးကြောင်း၊ ပထမဦးဆုံးစိုက်သည့် နွေစပါးဖြစ်သော်လည်း ဆည်ရေရရှိ၍ အောင်မြင်မှုအပြည့်အဝရှိကြောင်း၊ မိုးစပါးတစ်သီးသာ စိုက်ပျိုးနေခဲ့ကြရာမှ နွေစပါးပါ စိုက်ပျိုးအောင်မြင်လာလျှင် ရွာမှာရှိတဲ့ လူငယ်များ နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်ကိုင်ရန် မလိုအပ်တော့ကြောင်း၊ ထို့ကြောင့် ဆည်ရေသောက်စနစ်ကို အမြန်ဆုံးပြီးပြင်အောင် ဆောင်ရွက်ပေးစေလိုကြောင်း" ပြောကြားသလို တောင်သူခုနစ်ဦးကလည်း သူတို့အမြင်၊ သူတို့ဆန္ဒတို့ကို ပြောပြကြသည်။ စိတ်မကောင်းဖြစ်ရသည်မှာ ကျေးရွာတိုင်းလိုလိုတွင် လူငယ်လူရွယ် ၉၅ ရာခိုင်နှုန်းခန့်မှာ ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်နေကြသည်ကို ကြားသိခဲ့ရခြင်း ဖြစ်သည်။

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ မှာကြားချက်**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မတ် ၆ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ တွင် ကျင်းပပြုလုပ်သော 'မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေး နှီးနှောဖလှယ်ဆွေးနွေးပွဲ - ၂၀၁၈' အခမ်းအနားကို တက်ရောက်ခဲ့သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဘက်ပေါင်းစုံမှာကြားချက်များအနက် ကျေးလက်နေလူငယ်များအတွက် မှာကြားချက်အတိုချုပ်မှာ "တောင်သူလယ်သမားများအတွက် ယဉ်ကျေးမှုအသစ်တစ်ရပ်ကို အားပေးချင်ကြောင်း၊ တောင်သူလယ်သမားမျိုးရိုးမှ ပေါက်ဖွားလာတဲ့ လူငယ်များဟာ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ လုပ်ကိုင်ကြပြီး တိုးတက်နိုင်တယ်၊ ခေတ်မီနိုင်တယ်ဆိုတဲ့ စိတ်ဓာတ်တွေ ဖြစ်လာစေချင်ကြောင်း၊ နိုင်ငံအတော်များများနဲ့ တိုးတက်နေတဲ့ နိုင်ငံအချို့ကိုကြည့်ရင် ကျေးလက်တောရွာတွေမှာ လူငယ်တွေ မရှိတော့ဘဲ ခြောက်ကပ်နေကြောင်း၊ လူငယ်တွေဟာ ရွာမှစွန့်ခွာသွားကြပြီးတော့ မြို့ပြသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြကြောင်း ၊ လယ်ယာစိုက်ပျိုးရေးအတွက် ပြဿနာတွေ တက်လာကြောင်း၊ ဒါတွေကို သင်ခန်းစာယူပြီး တောင်သူလယ်သမားများ၏ သားသမီးမြေးမြစ်များအနေဖြင့် ကိုယ့်ရဲ့မိဘ၊ ဘိုးဘွားဘီဘင် အစဉ်အဆက်လုပ်လာခဲ့ကြတဲ့ စိုက်ပျိုးရေးလုပ်ငန်းကို ဖွံ့ဖြိုးအောင်၊ စီးပွားရေးအတွက် အစားအစာလိုအပ်ချက်အပေါ်မှာ အခြေခံပြီး စဉ်းစားစေချင်ကြောင်း စသည်တို့ဖြစ်ပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ မှာကြားချက်များကို ကျေးလက်နေလူငယ်များက လိုက်နာဆောင်ရွက်ရန် လိုသလို မိဘများဖြစ်ကြသော တောင်သူလယ်သမားကြီးများကလည်း နားလည်သဘောပေါက် သတိပြုရမှာဖြစ်ပါသည်။ နိုင်ငံတော်ကလည်း အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ကြံဆောင်ပေးရမည်ဖြစ်ပါသည်။ ဖြူးမြို့နယ် သုံးခွလေးကျေးရွာ၊ ကင်မွန်းခြုံကျေးရွာနှင့် သပြေခင်ကျေးရွာတို့မှ တောင်သူများ တင်ပြသည့် ဖြူးချောင်းဆည်ရေသောက်စနစ်မှာ နွေစပါးများ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်လျှင် ကျေးရွာမှလူငယ်များ နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်ကိုင်ရန် မလိုအပ်တော့ကြောင်း ဆိုသည့် အချက်သည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားသည့် အမှာစကားများနှင့် အဓိပ္ပာယ်ချင်း ထပ်တူကျလျက်ရှိကြောင်း တွေ့ရှိရသည်။

**အဟုတ်ဖြစ်နေပြီ**

နိုင်ငံတော်အစိုးရကလည်း ဆည်တမံများ တည်ဆောက်ပြီးစီးပြီး ရာခိုင်နှုန်းပြည့် မပြီးစီးသေးသည့် ဆည်ရေသောက်ဧရိယာများကို ပြီးစီးအောင် ဆောင်ရွက်ပေးရန် အထူးလိုအပ်ပါသည်။ (ဥပမာ - ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရဲနွယ်နှင့် ကွန်းချောင်းဆည်ရေသောက်ဧရိယာ)။ တည်ဆောက်ဆဲဆည်ရေသောက်စနစ် မပြီးစီးသေးသည့် ဒေသတွင်းရှိ တောင်သူလယ်သမားတို့အနေဖြင့်လည်း ဖြူးချောင်းဆည်ရေသောက် ဧရိယာအတွင်းမှ တောင်သူလယ်သမားများကဲ့သို့ သက်ဆိုင်ရာ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပူးပေါင်းကာ အကူအညီရယူ ဆောင်ရွက်ကြရန် ဖြစ်သည်။ 'ဥစ္စာရင်လို ဥစ္စာရင်ခဲ' ဆိုသလို သဘောထားဆောင်ရွက်ကြဖို့ လိုအပ်သည်။

ဖြူးမြို့နယ်မှ တည်ဆောက်ဆဲ ဖြူးချောင်းဆည်ရေသောက်စနစ်အတွင်းရှိ ကျေးရွာအချို့မှ တောင်သူလယ်သမားများသည် ဆည်ရေသောက်စနစ်ပြီးစီးအောင် စောင့်ဆိုင်းမနေကြဘဲ ဇဟားချောင်းကို အဆင့်ဆင့်ပိတ်ပြီး မဖြစ်ဖြစ်သည့်နည်းဖြင့် ဆည်ရေရရှိအောင် လုပ်ဆောင်ကြကာ နွေစပါးကို အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနေကြသည်များကို အခြားသော ဒေသများမှ တောင်သူများအနေဖြင့် အတုယူ လုပ်ဆောင်ကြရန် တိုက်တွန်းအပ်ပါသည်။ သို့ဖြစ်၍ တောင်သူလယ်သမားအများ သိရှိနိုင်ရန်နှင့် နမူနာယူ ဆောင်ရွက်နိုင်ကြရန် 'တကယ်ဖြစ်ချင် တကယ်လုပ်၊ အဟုတ်ဖြစ်နေပြီ' ဆောင်းပါးဖြင့် နှီးဆော်လိုက်ရပါသည်။ ။

"တည်ဆောက်ဆဲဆည်ရေသောက်စနစ် မပြီးစီးသေးသည့် ဒေသတွင်းရှိ တောင်သူလယ်သမားတို့အနေဖြင့်လည်း ဖြူးချောင်းဆည်ရေသောက် ဧရိယာအတွင်းမှ တောင်သူလယ်သမားများကဲ့သို့ သက်ဆိုင်ရာ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်ပူးပေါင်းကာ အကူအညီရယူ ဆောင်ရွက်ကြရန်ဖြစ်ပါသည်။ ဖြူးမြို့နယ်မှ တည်ဆောက်ဆဲ ဖြူးချောင်းဆည်ရေသောက်စနစ် အတွင်းရှိ ကျေးရွာအချို့မှ တောင်သူလယ်သမားများသည် ဆည်ရေသောက်စနစ်ပြီးစီးအောင် စောင့်ဆိုင်းမနေကြဘဲ ဇဟားချောင်းကို အဆင့်ဆင့်ပိတ်ပြီး မဖြစ်ဖြစ်သည့်နည်းဖြင့် ဆည်ရေရရှိအောင် လုပ်ဆောင်ကြကာ နွေစပါးကို အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနေကြသည်များကို အခြားသော ဒေသများမှ တောင်သူများအနေဖြင့် အတုယူ လုပ်ဆောင်ကြရန် တိုက်တွန်းအပ်ပါသည်"

New Product

# Redmi စီးရီးစ်ရဲ့ နောက်ဆုံးထွက် စမတ်ဖုန်းမော်ဒယ်သစ် Note 5 Pro

Redmi Note 5 Pro ဟာ Xiaomi တံဆိပ်ကို လူသိများစေခဲ့တဲ့ အရည်အသွေးကောင်းပြီး တန်ဖိုးနည်းတဲ့ ဖုန်းစီးရီးစ်ဖြစ်တဲ့ Redmi စီးရီးစ်ရဲ့ နောက်ဆုံးထွက်တဲ့ စမတ်ဖုန်းမော်ဒယ်သစ်ဖြစ်ပြီး ဖေဖော်ဝါရီလအတွင်းက နိုင်ငံတကာဈေးကွက်မှာ စတင်မိတ်ဆက်ခဲ့တာဖြစ်ပါတယ်။

Redmi Note 5 Pro ဟာ မျက်နှာပြင်အကျယ်က ခြောက်လက်မမှာ အနည်းငယ်ပဲလျော့လို့ အရွယ်အစားကြီးတဲ့ ဖုန်းအမျိုးအစားထဲမှာ ပါဝင်ပေမယ့် နောက်ပိုင်းထွက်တဲ့ဖုန်းတွေရဲ့ထုံးစံအတိုင်း Screen ရဲ့ အထက်အောက်နဲ့ ဘေးပေါင်တွေကို ပါးလျားအောင်လုပ်ထားလို့ ဖုန်းကိုယ်ထည်တစ်ခုလုံးအနေနဲ့ သိပ်ပြီးကြီးမနေတာ တွေ့ရပါတယ်။ Screen Resolution က 1080x2160 pixels ရှိတဲ့အတွက် ရုပ်ထွက်အရည်အသွေး အထူးကောင်းမွန်ပြီး ထိခိုက်မှုများက ကာကွယ်နိုင်အောင် Corning Gorilla Glass နဲ့ အုပ်ထားကာ နောက်ဘက် ကိုယ်ထည်ကတော့ အလူမီနီယံကိုယ်ထည် ဖြစ်ပါတယ်။




အန်းဒရွိုက်ဗားရှင်းအနေနဲ့ 7.1.2(Nougat)ကို MIUI 9 အင်တာဖေ့စ်နဲ့ တွဲသုံးထားပြီး နောက်ထပ်ထွက်မယ့် အန်းဒရွိုက်(Oreo)အတွက်လည်း အပ်ဒိတ်လုပ်ပြီးသုံးနိုင်ဖို့ ထောက်ပံ့ပေးထားပါတယ်။ Octa-core 1.8 GHz CPU ကို အသုံးပြုထားပြီး အင်တာနယ်မင်မိုရီက 64GB ရှိလို့ မင်မိုရီပါဝင်မှုလည်း များပါတယ်။ RAM မင်မိုရီအနေနဲ့ နိုင်ငံတကာမှာ RAM 4GB နဲ့ 6GB လို့ နှစ်မျိုးထွက်ထားပေမယ့် ပြည်တွင်းမှာတော့ RAM 6GB ကိုပဲ ရောင်းချနေတာ တွေ့ရပါတယ်။ မင်မိုရီကတ်ကို ထပ်စိုက်သုံးရင် 256GB အထိ သုံးနိုင်အောင် ထောက်ပံ့ပေးထားပေမယ့် ဒုတိယဆင်းကတ်ပေါက်နေရာမှာ အသုံးပြုရမှာဖြစ်လို့ မင်မိုရီကတ်သုံးရင် ဆင်းကတ်တစ်ကတ်ပဲ သုံးနိုင်မှာဖြစ်ပါတယ်။ မင်မိုရီကတ်မသုံးရင်တော့ GSM ဆင်းကတ် နှစ်ကတ် သုံးနိုင်မှာဖြစ်ပြီး အင်တာနက်နက်ဝပ်အတွက် 4G ကို ထောက်ပံ့ပေးထားပါတယ်။

ကင်မရာပိုင်းမှာတော့ နောက်ကင်မရာဟာ ၁၂မဂ္ဂါပစ်ဇယ်နဲ့ ၅မဂ္ဂါပစ်ဇယ် ကင်မရာနှစ်လုံးပါဝင်တဲ့ Dual ကင်မရာဖြစ်လို့ စွမ်းဆောင်ရည်အထူးကောင်းမွန်သလို အလင်းရောင်အားမကောင်းတဲ့ နေရာတွေမှာပါ ကြည်လင်တဲ့ပုံတွေ ရရှိအောင် ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် auto focus, HDR စတဲ့ ဆော့ဖ်ဝဲပိုင်းလုပ်ဆောင်ချက်တွေလည်း ပေါင်းထည့်ပေးထားပြီး ဗီဒီယိုရိုက်ကူးမယ်ဆိုရင်လည်း 1080 pixels အရည်အသွေးမြင့် ဗီဒီယိုတွေ ရိုက်နိုင်မှာဖြစ်ပါတယ်။ ရှေ့ဘက် ဆယ်လ်ဖီကင်မရာကိုလည်း ၂၀ မဂ္ဂါပစ်ဇယ်အထိရှိတဲ့ ဆယ်လ်ဖီကင်မရာ သုံးထားတာကြောင့် လက်ရှိထွက်ထားသမျှ ဖုန်းတွေထဲမှာ မဂ္ဂါပစ်ဇယ်အများဆုံး ဆယ်လ်ဖီကင်မရာ ပါဝင်တဲ့အပြင် ဆယ်လ်ဖီကင်မရာအတွက် LED ဖလက်ရှ်မီးလည်း ပါဝင်နေတာကြောင့် ဆယ်လ်ဖီဝါသနာရှင်တွေလည်း အကြိုက်တွေ့စေမှာဖြစ်ပါတယ်။

အခြား ထူးခြားချက်တွေအနေနဲ့ ဖုန်းပြောစဉ်မှာ ဆူညံသံတွေကို ဖယ်ရှားပေးနိုင်မယ့် မိုက်ခရိုဖုန်းစနစ် ပါဝင်ပြီး Fingerprint ဆင်ဆာကတော့ ကျောဘက်မှာ ပါဝင်ပါတယ်။ ဘက်ထရီပိုင်းမှာတော့ 4000 mAh ဘက်ထရီပါဝင်လို့ စွမ်းရည်မြင့်ပြီး အလျင်အမြန် ပြန်အားသွင်းနိုင်မယ့် Quick Charge စနစ်လည်း ပါဝင်ပါတယ်။ နိုင်ငံတကာ ဈေးကွက်မှာ ကြေညာထားတဲ့ ဈေးနှုန်းက ၂၀၀ ယူရိုဖြစ်ပြီး လက်ရှိအချိန်မှာတော့ ပြည်တွင်းဈေးကွက်မှာ ဈေးက ကျပ် ၃၀၀၀၀၀ အထိ မြင့်တက်နေတာက အရင်ကထွက်ခဲ့တဲ့ ဈေးသက်သာတဲ့ Redmi ဖုန်းတွေနဲ့ယှဉ်ရင် အားနည်းချက်တစ်ခုလို ဖြစ်နေပြီး မကြာခင်အချိန်အတွင်း ဈေးထပ်ကျမယ်လို့တော့ Redmi အသုံးပြုသူတွေက မျှော်လင့်နေကြပါတယ်။ ကိုယ်ထည်အရောင်တွေအနေနဲ့တော့ ရွှေရောင်နှစ်မျိုး၊ အနက်ရောင်နဲ့ အပြာရောင်တို့ကို ရရှိနိုင်မှာဖြစ်ပါတယ်။

**သူရဖြိုး**

# အကြားအာရုံချို့တဲ့သော ကလေးငယ်များ စမတ်ဖုန်းများဖြင့်ဓာတ်ပုံရိုက်၍ စာအုပ်ထုတ်ဝေမည်

**ရန်ကုန် မတ် ၃၀**

အီတာလျံ ပရဟိတအသင်း Link for Aid နှင့်အတူ ဓာတ်ပုံဆရာမ Francesca Moscheni၊ မြန်မာနိုင်ငံမှ ရှေ့ဆောင်ကုမ္ပဏီလေးခုတို့ ပူးပေါင်း၍ ရန်ကုန်မြို့ မေရီချစ်ပ်မင်းကျောင်းမှ အကြားအာရုံချို့တဲ့သော ကလေးငယ်များက စမတ်ဖုန်းများဖြင့် ဓာတ်ပုံများရိုက်ကူး၍ စာအုပ်ထုတ်ဝေမည့် ပရောဂျက်တစ်ခုကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဆမ်ဆောင်းရဲ့ပံ့ပိုးမှုကြောင့် နောက်ဆုံးပေါ်နည်းပညာတွေရရှိထားတဲ့အတွက် Mary Chapman ကျောင်းက အသက် ၁၂ နှစ်မှ ၁၅ နှစ်အရွယ် ယောကျ်ားလေး၊ မိန်းကလေးတွေဟာ နောက်ဆုံးပေါ်နည်းပညာတွေကို အသုံးပြုပြီး ဒီပရောဂျက်ကို အကောင်အထည်ဖော်ကြရမှာပဲ ဖြစ်ပါတယ်။ Francesca Moscheni နေ့စဉ် ဓာတ်ပုံသင်တန်းသာမက သူမရဲ့ သင်ကြားမှုအောက်မှာ ကလေးတွေဟာ သူတို့ရဲ့အမြင်အာရုံက ပုံဖော်မှုတွေကို စမတ်ဖုန်းများကိုအသုံးပြုပြီး ရန်ကုန်မြို့တစ်ဝိုက် လှည့်လည်ပြီး ဓာတ်ပုံတွေလိုက်ရိုက်မှာ ဖြစ်ပါတယ်"ဟု Link for Aid တည်ထောင်သူ Pamela Mc Court Francescone က ပြောကြားသည်။

ရန်ကုန်မြို့၏ပုံရိပ်များကို အကြားအာရုံချို့တဲ့သော ကလေးငယ်များ၏ မျက်လုံးများမှတစ်ဆင့် မြင်တွေ့ရသောပုံရိပ်များအတိုင်း စမတ်ဖုန်းများဖြင့် ရိုက်ကူးပြီးနောက် ထိုပုံများပါဝင်သော စာအုပ်ကို ထုတ်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။ စာအုပ်ထုတ်ဝေသည့် ရည်ရွယ်ချက်မှာ ပုံရိပ်များသည် စကားနှင့်ပြောသည်ထက် ခံစားချက်ကို ပို၍ပေါ်လွင်အောင် ဖော်ပြနိုင်သည်ကို ပြလိုခြင်းဖြစ်ကြောင်း၊ စာအုပ်ကို အကောင်အထည်ဖော်ရန်အတွက် အကြားအာရုံချို့တဲ့သော ကလေးရှစ်ယောက်ကို Link for Aid က ရွေးချယ်ကာ ထိုကလေးများ၏ စွမ်းရည်နှင့် ပါရမီကို ဓာတ်ပုံရိုက်ခြင်းမှတစ်ဆင့် ဖော်ပြသွားနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်းလည်း Pamela McCourt Francescone က ဆက်ပြောသည်။

အဆိုပါပရောဂျက်တွင် ကလေးများအသုံးပြုမည့် စမတ်ဖုန်းများကို ဆမ်ဆောင်းမြန်မာမှ ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး ရန်ကုန်ရုံးချုပ်တွင် ကလေးများအတွက် စမတ်ဖုန်းအသုံးပြုနည်းသင်တန်းတစ်ခုကိုလည်း ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ကလေးများ ရန်ကုန်မြို့အတွင်း ဓာတ်ပုံရိုက်မည့်အပတ်အတွင်းတွင်လည်း ဆမ်ဆောင်းဝန်ထမ်းတစ်ဦးက အတူလိုက်၍ နည်းပညာဆိုင်ရာ အထောက်အပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ "ကျွန်တော်တို့ ဆမ်ဆောင်းမှာ လူတိုင်းဟာ တီထွင်မှုအသစ်တွေနဲ့ နည်းပညာတွေကို အညီအမျှ ခံစားရပိုင်ခွင့်ရှိတယ်လို့ယုံကြည်ပါတယ်၊ ကျွန်တော်တို့ရဲ့ကင်မရာနည်းပညာနဲ့ ဓာတ်ပုံရိုက်ခြင်းရဲ့စိတ်ဝင်စားစရာ Skills တွေကို အခုလို ကလေးငယ်တွေ သုံးစွဲခွင့်ရအောင် ဒီစီမံကိန်းမှာ ပါဝင်ကူညီ ပေးရတဲ့



ဆမ်ဆောင်းဝန်ထမ်းများက ကလေးများအား ဖုန်းသုံးနည်းသင်ပြပေးနေစဉ်

အတွက် ဝမ်းသာမိပါတယ်"ဟု ဆမ်ဆောင်းမြန်မာမှ တာဝန်ရှိသူ ကိုစိုးသူရက ပြောသည်။

အကြားအာရုံချို့တဲ့သော ကလေးများ ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများနှင့် စာများပါရှိမည့် ထိုစာအုပ်ကို မြန်မာနိုင်ငံတွင် ယခုနှစ်ကုန်ပိုင်းတွင် ထုတ်လုပ်သွားမည်ဖြစ်ပြီး နိုင်ငံတကာတွင်လည်း ဖြန့်ချိသွားမည်ဖြစ်ကာ စာအုပ်နှင့်အတူ ကလေးငယ်များ ဓာတ်ပုံရိုက်စဉ်ပြုလုပ်ခဲ့သော မှတ်တမ်းဗီဒီယိုကိုလည်း Link for Aid ၏ စီမံကိန်းဖြစ်သော "The Sound of Images" တွင် ဖော်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောင်းသား ၃၅၀ ရှိသော ဒဂုံမြို့နယ်ရှိ Mary Chapman နားမကြားသော ကလေးများကျောင်းမှ အနုပညာအတွက် ပါရမီရှိပြီး ဆုများရခဲ့ဖူးသည့် ကလေးငယ်ရှစ်ယောက်ကို ရွေးချယ်ကာ ရန်ကုန်မြို့တွင်းလှည့်လည်၍ စမတ်ဖုန်းများဖြင့် ဓာတ်ပုံရိုက်ကူး စာအုပ်ထုတ်ဝေမည့် အဆိုပါ Silent Yangon ပရောဂျက်သည် မြန်မာနိုင်ငံမှ ချို့တဲ့နွမ်းပါးသော ကလေးများအတွက် ရန်ပုံငွေကောက်ခံပေးရန် Link for Aid နှင့်အတူ ဆမ်ဆောင်း၊ ဆူးလေရှန်ဂရီလာ၊ Red Dot နှင့် Asian Trails တို့က ပူးပေါင်းကူညီထားသည့် အစီအစဉ်ဖြစ်ကြောင်း သိရသည်။

**ခင်ရတနာ**

# နွေကျောင်းပိတ်ရက်အတွင်း ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ အရောင်းသွက်နေ

**ရန်ကုန် မတ် ၃၀**

တက္ကသိုလ်ဝင်တန်းအပါအဝင် အခြေခံပညာကျောင်းများ ဖြေဆိုပြီး နွေကျောင်းပိတ်ချိန်နှင့် တက္ကသိုလ်မေဂျာအချို့ ဖြေဆိုပြီးချိန်ဖြစ်၍ ကွန်ပျူတာအရောင်းအဝယ်ဈေးကွက်အတွင်း ကွန်ပျူတာများ ဝယ်ယူသူများပြီး အရောင်းသွက်လျက်ရှိနေကြောင်း ရန်ကုန်မြို့ဆိပ်ကမ်းသာလမ်း ကွန်ပျူတာဆိုင်များမှ သိရသည်။

ကွန်ပျူတာဈေးကွက်တွင် အခြေခံပညာကျောင်းများပိတ်သည့် ဖေဖော်ဝါရီလလယ်ခန့်မှစ၍ မေလကုန်အထိသည် အရောင်းအသွက်ဆုံးကာလဖြစ်ပြီး နှစ်စဉ်ထိုရက်များအတွင်း ကွန်ပျူတာအသစ်များရော တစ်ပတ်ရစ် လက်ပ်တော့များပါ အရောင်းသွက်လေ့ရှိကြောင်း၊ ကွန်ပျူတာများကို ကျောင်းပိတ်ထားသည့် ကျောင်းသား ကျောင်းသူများ အိမ်တွင်သုံးရန်သာမက သင်တန်းများ၊ ဂိမ်းဆိုင်များကလည်း ပိုမိုဝယ်ယူကြကြောင်း သိရသည်။

ယခုရက်များအတွင်း ဈေးကွက်တွင် ကွန်ပျူတာများ ရောင်းအားတက်သော်လည်း ဈေးနှုန်းများမှာမူ ဒေါ်လာဈေးအပေါ်တွင်သာ မူတည်၍ အပြောင်းအလဲဖြစ်သဖြင့် ဒေါ်လာဈေးငြိမ်နေသောကြောင့် ဈေးနှုန်းမှာ များစွာပြောင်းလဲမှုမရှိကြောင်း သိရသည်။ "ဒေါ်လာဈေးက ၁၃၂၀ ကနေ ၁၃၂၅၊ ၁၃၂၆ ကျပ် ဝန်းကျင်မှာပဲ ငြိမ်နေတာကြာပြီ၊ ကွန်ပျူတာဈေးကွက်ဆိုတာက ရောင်းအားကောင်း မကောင်းအပေါ် မူတည်ပြီး ဈေးတက်တာမဟုတ်ဘဲ ဒေါ်လာဈေးအပေါ်မှာပဲ မူတည်တာဆိုတော့ အခုရက်ပိုင်းမှာ ရောင်းအားကောင်းပေမယ့် ဈေးတွေကတော့ အပြောင်းအလဲမရှိပါဘူး"ဟု ကွန်ပျူတာဆိုင်ရှင်တစ်ဦးက ပြောသည်။

ကွန်ပျူတာ ဝယ်ယူသူများအနေဖြင့် ဝယ်ယူကြရာတွင် ဆိုင်မှ ဆင်ထားပေးပြီးသော Branded ကွန်ပျူတာများကို ဝယ်ယူကြသလို စိတ်ကြိုက်အစိတ်အပိုင်းများ တပ်ဆင်၍ ဝယ်ယူကြသူများလည်းရှိကြောင်း သိရသည်။ "Branded ကတော့ HP, DELL တို့လို တံဆိပ်တွေကအစ တခြားတံဆိပ်တွေကို အလုံးလိုက်ဆိုင်က ဆင်ထားပေးတာပါ၊ အရည်အသွေးပိုင်းကို ဆိုင်က အာမခံချက်ပေးပေမယ့် ငွေကိုတိုင်းထွာပြီး ဝယ်ရမယ်ဆိုရင် သိပ်မကိုက်ဘူး။ လုပ်ငန်းသုံးအလိုက် ကိုယ်နဲ့သင့်တော်မယ့် အစိတ်အပိုင်းတွေကို ဝယ်ဆင်ရင်တော့ ပိုက်ဆံအများကြီးမသုံးနိုင်တဲ့လူတွေအတွက် ပိုသင့်တော်မယ်၊ စာစီစာရိုက်လောက်သုံးမယ့် ကွန်ပျူတာဆိုရင် branded ကို ဝယ်မယ့်အစား လိုတဲ့ပစ္စည်းတွေလောက်ပဲ ဝယ်ဆင်တာက အကုန်အကျသက်သာတယ်လေ။ ဝယ်တာကတော့ branded ဝယ်တာရော၊ စိတ်ကြိုက်ဝယ်ပြီး ဆင်တာရော အရေအတွက်ချင်း အတူတူလောက်ရှိပါတယ်"ဟု ၎င်းက ဆက်ပြောသည်။




ကွန်ပျူတာဈေးကွက်တွင် နေရာတစ်ခု ရရှိနေပြီဖြစ်သော တစ်ပတ်ရစ် ဂျပန်လက်ပ်တော့ပ် ဈေးကွက်တွင်လည်း ဈေးနှုန်းသက်သာသော လက်ပ်တော့ပ်များ အရောင်းသွက်နေကြောင်း၊ ထိုတစ်ပတ်ရစ်လက်ပ်တော့ပ်များမှာ အလယ်အလတ်တန်းစား စွမ်းဆောင်ရည်ရှိပါက ငွေကျပ် နှစ်သိန်းခွဲမှ သုံးသိန်းခွဲခန့်သာရှိသလို အရည်အသွေးမှာလည်း ကောင်းမွန်သဖြင့် ကွန်ပျူတာကို စတင်သင်ကြားမည့် ကျောင်းသား ကျောင်းသူများအတွက်သာမက ရုံးအလုပ်အနည်းငယ်ကို အိမ်တွင်ယူလုပ်လိုသူများ၊ လုပ်ငန်းလိုအပ်ချက်အရ အသေးစား presentation ပြရန် လိုသူများလည်း ဝယ်ကိုင်ကြကြောင်း သိရသည်။

ဈေးနှုန်းမြင့်ပြီး စွမ်းဆောင်ရည်လည်းမြင့်သည့် မော်ဒယ်မြင့် Branded လက်ပ်တော့ပ်များမှာ ငွေကျပ် ၁၀ သိန်းခန့် အထက်တွင် ဈေးရှိနေကာ ထိုလက်ပ်တော့ပ်များမှာ လုပ်ငန်းရှင်အသိုင်းအဝိုင်းများ၊ လက်ပ်တော့ပ်ကို မရှိမဖြစ်သုံးရန်လိုသော နည်းပညာဆိုင်ရာ လုပ်ငန်းလုပ်သူ ဝန်ထမ်းအများစုက ဝယ်ယူကြပြီး ထိုလက်ပ်တော့ပ်များမှာမူ ကျောင်းပိတ်ရက်ကြောင့် ဈေးကွက်အပြောင်းအလဲမရှိဘဲ ပုံမှန်ရောင်းအားသာ ရှိနေကြောင်း သိရသည်။

**သူရဖြိုး**

# အူရီဒူး ငွေဖြည့်ကတ် ဝယ်မည့်သူများအတွက် သင်္ကြန်လက်ဆောင်များပေး

**ရန်ကုန် မတ် ၃၀**

အတာသင်္ကြန်နှင့် မြန်မာ့နှစ်သစ်ကူး ပရိုမိုးရှင်းအစီအစဉ်တစ်ရပ်အဖြစ် အူရီဒူး ဆင်းကတ်ဝယ်ယူအသုံးပြုခြင်းနှင့် ကျပ် ၅၀၀၀၊ ကျပ် ၁၀၀၀၀ ငွေဖြည့်သူများအတွက် လက်ဆောင်ပေးအပ်သည့် အစီအစဉ်တစ်ခုကို အူရီဒူးမြန်မာက မတ် ၂၆ ရက်မှ ဧပြီ ၁၁ ရက်အထိ ပြုလုပ်နေကြောင်း သိရသည်။

ထိုအစီအစဉ်အရ အူရီဒူး၏ ဆင်းကတ်ဝယ်ယူခြင်းနှင့် ဖုန်းငွေဖြည့်ခြင်းတို့ကို လုပ်ဆောင်သော သုံးစွဲသူများသည် အမှတ်တရလက်ဆောင် ရရှိမည်ဖြစ်ကြောင်း၊ ၅၀၀၀ ကျပ်ဖိုး ဖုန်းငွေဖြည့်ပါက အူရီဒူး၏ သင်္ကြန်ရေပုံးတစ်ပုံးကို လက်ဆောင်ရရှိမည်ဖြစ်ကာ အူရီဒူးဆင်းကတ်တစ်ကတ် ဝယ်ယူပြီး ဖုန်းငွေ ၁၀၀၀၀ ကျပ်ဖြည့်သော သုံးစွဲသူများအနေဖြင့် အူရီဒူး၏ မျက်နှာသုတ်ပဝါကို လက်ဆောင်ရရှိမည်ဖြစ်ကြောင်း သိရသည်။ နိုင်ငံတစ်ဝန်းတွင် ဖွင့်လှစ်ထားသော အူရီဒူးအမှတ်တံဆိပ် အရောင်းဆိုင်များနှင့် ကျေးလက်အရောင်းဆိုင်ပေါင်း ၂၀၀ တွင် ဆင်းကတ်ဝယ်ယူ ငွေဖြည့်ခြင်းဖြင့် အဆိုပါ လက်ဆောင်ရရှိမည့် အစီအစဉ်တွင် ပါဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# ရွှေပြည်သာ (လှိုင်သာယာ)-သခင်မြပန်းခြံ ယာဉ်လိုင်းအမှတ် ၄၀ တွင် ယာဉ်သစ်များဖြင့် စတင်ပြေးဆွဲ

**ရန်ကုန် မတ် ၃၀**

ရွှေပြည်သာ(လှိုင်သာယာ)မှ သခင်မြပန်းခြံသို့ပြေးဆွဲနေသော YBS 40 ယာဉ်လိုင်းတွင် မတ် ၂၈ ရက်မှစ၍ ယာဉ်အသစ်များဖြင့် ပြေးဆွဲနေသည်ကို တွေ့ရသည်။

ယာဉ်များကို ပြောင်းလဲပြေးဆွဲပေးရန် ခရီးသည်များ၏ တောင်းဆိုမှုနှင့် ဆန္ဒပြုမှု များနေသော အဆိုပါယာဉ်လိုင်းတွင် အများပိုင် YUPT ကုမ္ပဏီက အဝါရောင် Ankai ယာဉ်အသစ် အစီးရေ ၃၀ ဖြင့် မတ် ၂၈ ရက်မှစ၍ ရွှေပြည်သာ(လှိုင်သာယာ)မှ ထန်းခြောက်ပင်-ပုလဲလမ်း-အောက်မင်္ဂလာဒုံလမ်း-ဘုရင့်နောင်လမ်း-ကြည့်မြင်တိုင်ကမ်းနားလမ်း-သခင်မြပန်းခြံသို့ ပြေးဆွဲမည်ဟု သက်ဆိုင်ရာကုမ္ပဏီက အသိပေးထားပြီး ယင်းခရီးစဉ်၏ လမ်းကြောင်းအရှည်မှာ ၂၀ ဒသမ ၄၇ မိုင်ရှိကာ မှတ်တိုင်ပေါင်း ၇၈ တိုင်ရှိသည်ဟု အသိပေးချက်တွင် ဖော်ပြထားသည်။

YBS စနစ်မစတင်မီ ယခင်ယာဉ်လိုင်းစနစ်ဟောင်းကာလတွင် ဆူးလေမှ ရွှေပြည်သာ ခရီးစဉ်၌ အမှတ် ၄၄ နှင့် ၁၉၉ ယာဉ်လိုင်းနှစ်လိုင်း ပြေးဆွဲခဲ့ပြီး ယာဉ်ဟောင်းများသာဖြစ်ခဲ့ရာ YBS ယာဉ်လိုင်းစနစ်သစ် စတင်ပြောင်းလဲပြေးဆွဲလာသည့် ၂၀၁၇ ဇန်နဝါရီ ၁၆ ရက်မှစ၍ တစ်နှစ်ကျော်ကာလအတွင်း ယာဉ်အသစ်များဖြင့် စတင်ပြောင်းလဲပြေးဆွဲပေးလာခြင်း အပေါ် ခရီးသည်များကကြိုဆိုကြသည်။ သို့သော် လမ်းကြောင်းရှည်တွင် ယာဉ်အသစ်အစီးရေ ၃၀ ဖြင့် စတင်ပြေးဆွဲခြင်းဖြစ်ရာ ခရီးသည်များ အချိန်ပေးစောင့်ဆိုင်း၍ စီးရနိုင်ကြောင်းလည်း ခရီးသည်အချို့က ဆိုသည်။

သခင်မြပန်းခြံမှ ထန်းခြောက်ပင်အထိ မှတ်တိုင်ပေါင်း ၅၂ တိုင်ခရီးတွင် လမ်းကြောင်းတစ်ကြောင်းတည်း ပြေးဆွဲပေးသော်လည်း ထန်းခြောက်ပင်မှ လှိုင်သာယာအထိမှတ်တိုင်ပေါင်း ၂၇ တိုင် ခရီးတွင် လမ်းကြောင်းခွဲပြေးဆွဲနေခြင်းများရှိ၍ လှိုင်သာယာသွားမည့် ခရီးသည်များအနေဖြင့် ယာဉ်လိုင်းအမှတ် ၄၀ မှ ယာဉ်များကို မေးမြန်းပြီးမှ စီးနင်းနေရသည်ကိုလည်း မြင်တွေ့ရသည်။

အဆိုပါလမ်းကြောင်းအတိုင်း ယခင်က ပြေးဆွဲခဲ့သည့် ၁၉၉ ယာဉ်လိုင်းတွင် သီရိမင်္ဂလာဈေးသစ်မှတ်တိုင်၌ ကုန်ပစ္စည်းတင်ရန် လိုင်းကားများ အချိန်စောင့်ရပ်နားခြင်းများ ရှိခဲ့သော်လည်း YBS ယာဉ်လိုင်းစနစ်သစ် ပြေးဆွဲလာသည့် တစ်နှစ်ကျော်ကာလအတွင်း ထိုသို့ ကုန်တင်ရန်စောင့်ဆိုင်းခြင်းများ မရှိတော့ဘဲဖြစ်လာသည်။ လက်တစ်ဆွဲစာထက်ပိုသော ကုန်ပစ္စည်းများကို တင်လိုသူများအနေဖြင့်လည်း အငှားယာဉ်ငယ်များကို စုပေါင်းငှားရမ်း၍ တင်ဆောင်လာသည်ကိုမြင်တွေ့ရသည်။

YBS ယာဉ်လိုင်းစနစ်သစ် ပြောင်းလဲပြေးဆွဲလာချိန်တွင် ယာဉ်လိုင်းအများစု၌ ယာဉ်အကူများ ယာဉ်ပေါ်မပါတော့ခြင်း၊ ခရီးသည်အစီးများသော မှတ်တိုင်များတွင် အချိန်မှတ် သတင်းပေးသူများ မရှိတော့ခြင်းနှင့် ယာဉ်မောင်းဘေးထိုင်ခုံကို ခေါင်းခန်းအဖြစ်သတ်မှတ်ကာ ယာဉ်စီးခပိုတောင်းခြင်းတို့ မရှိတော့သည်ကိုလည်း တွေ့လာရသည်။

ယာဉ်စီးခပေးရာတွင်မူ ငွေအကြွေမပါသူအချို့မှာ ကားခထည့်သည့်ငွေပုံးဘေးတွင် ပြန်အမ်းငွေစောင့်ယူခြင်းဖြင့် ငွေအကြွေအခက်အခဲကို ဖြေရှင်းနေသည်ကို မြင်တွေ့ရသည်။ အစောပိုင်းက မတ်လအတွင်း ယာဉ်စီးခကို ကတ်စနစ်အသုံးပြုနိုင်မည်ဟု အသိပေးခြင်းများရှိခဲ့သော်လည်း ကတ်စနစ်မှာ လက်ရှိအချိန်အထိ အဆင်မပြေသေးသည်ကိုလည်း တွေ့ရသည်။

ယာဉ်စီးခကို ကျပ် ၂၀၀ ထက်ပိုမယူရန်နှင့် စည်းကမ်းပျက်ယာဉ်လိုင်းများကို အရေးယူမည် စသည့် အသိပေးခြင်းများ ရှိနေသော်လည်း ယာဉ်အသစ်များဖြင့်ပြေးဆွဲကာ ပုံသေ ကျပ် ၃၀၀ ကောက်ခံနေသော ယာဉ်လိုင်းသစ်အချို့လည်း ရှိနေပြီး မြို့လယ်ပိုင်းမှတ်တိုင်အနည်းငယ်သို့ ပို့ရောက်သည်ကို အကြောင်းပြု၍ ကားခ ကျပ် ၃၀၀ ကောက်ခံနေသည့် အဆိုပါယာဉ်လိုင်းများတွင် ခရီးရှည်စီးသူများအတွက် အဆင်ပြေသော်လည်း မှတ်တိုင်အနည်းငယ်သာ စီးရသူများအတွက် ကားခပိုမိုကုန်ကျနေကြောင်း ခရီးသည်အချို့က ပြောသည်။ ခရီးလမ်းကြောင်းရှည်ခြင်း ဝန်ဆောင်မှုကောင်းခြင်းတို့ကို အကြောင်းပြု၍ ယာဉ်စီးခ ပုံသေ ကျပ် ၃၀၀ နှုန်း ယူနေခြင်းကို အခြားယာဉ်လိုင်းများတွင်ပါ အတုယူ ကောက်ခံလာကြပါက ယာဉ်စီးခများ ပိုမိုကုန်ကျလာမည်ကိုလည်း ခရီးသည်များက စိုးရိမ်နေကြသည်။

ခရီးအကွာအဝေးအလိုက် ယာဉ်စီးခခွဲခြားကောက်ခံမည့် ကတ်စနစ်ဖြင့် ယာဉ်စီးခပေးချေခြင်းကို အသုံးပြုခွင့်မရသေးမီ အချိန်အတွင်း ပုံသေကားခ ကျပ် ၃၀၀ ကောက်ခံလာသည့် ယာဉ်လိုင်းအသစ် ယာဉ်အသစ်များ များလာနေသည့်အပေါ် သက်ဆိုင်ရာက စိစစ်ပေးစေလိုကြောင်းလည်း ခရီးသည်အချို့က ပြောဆိုလျက်ရှိသည်။

ထောက်ကြန့်မှစ၍ ဆူးလေအထိ ပြေးဆွဲသည့် YBS 37 ယာဉ် လိုင်းတွင် ထောက်ကြန့်မှ လမ်းမတော် သရက်တောမှတ်တိုင်အထိ ကျပ် ၂၀၀ ဖြစ်ပြီး မြို့တွင်းအထိဆက်စီးပါက ကျပ် ၁၀၀ ထပ်ပေးရသော်လည်း ယခု ၂၀၁၈ နှစ်ဆန်းပိုင်းမှစ၍ ပြေးဆွဲလာသော ယာဉ်လိုင်းသစ်အချို့တွင် ယာဉ်စီးခကို ကားပေါ်တက်သည်နှင့် ကျပ် ၃၀၀ နှုန်း ကောက်ခံလာခြင်းဖြစ်၍ ခရီးတိုစီးမည့် ခရီးသည်များအတွက် အဆင်မပြေမှုများရှိလာနေခြင်းဖြစ်သည်။

ယခု မတ် ၂၈ ရက်မှစ၍ ကားသစ်ကြီးများဖြင့် စတင်ပြေးဆွဲပြီး စုစုပေါင်း ခရီးစဉ်အရှည် မိုင် ၂၀ ဝန်းကျင်ရှိသော YBS 40 ယာဉ်လိုင်းသစ်တွင်မူ ညကြီးပိုင်းအချိန်အထိ ဝန်ဆောင်မှုကောင်းဖြင့် ပြေးဆွဲနေသည်ကို တွေ့ရပြီး ယာဉ်စီးခမှာလည်း ကျပ် ၂၀၀ သာဖြစ်သဖြင့် အဆိုပါ လှိုင်သာယာ-သခင်မြပန်းခြံ လမ်းကြောင်းတွင် စီးနင်းသွားလာနေသူများအနေဖြင့် ဝမ်းသာနေကြသည်ဟု ခရီးသည်အချို့က ဆိုသည်။

**ခင်ဆိုင်**

# ချမ်းအေးသာစံမြို့နယ်တွင် ပါဠိပထမပြန်စာမေးပွဲများ စတင်ဖြေဆို

**မန္တလေး မတ် ၃၀**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်တွင် ၁၃၇၉(၂၀၁၈) ခုနှစ် ပါဠိပထမပြန်စာမေးပွဲများကို မတ် ၂၈ ရက် မွန်းတည့် ၁၂နာရီမှစတင်၍ သက်ဆိုင်ရာအတန်းလိုက် သတ်မှတ်စာစစ်ဌာနအသီးသီး၌ ဖြေဆိုကြသည်။

အဆိုပါစာမေးပွဲများတွင် ဘိက္ခုပါတိမောက်၊ ဒွေမာတိကာဘာသာရပ်ကို အတန်းအလိုက်သတ်မှတ်ထားသည့် အခန်းကဏ္ဍအလိုက် စစ်မေးခဲ့ရာ အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း၌ ပထမကြီးတန်းတွင် စာရင်းရှိသံဃာ ၂၀၈ ပါး၊ သီလရှင်ခြောက်ပါးအနက် ဖြေဆို သံဃာ ၄၃ ပါးနှင့် သီလရှင် တစ်ပါးရှိပြီး ပျက်ကွက် သံဃာ ၁၆၅ ပါး၊ သီလရှင်ငါးပါးဖြစ်သည်။

အလားတူ အမှတ် ၁၄ အခြေခံပညာအထက်တန်းကျောင်း၌ ပထမလတ်တန်း ဖြေဆိုခဲ့ရာ စာရင်းရှိ သံဃာ ၂၇၈ ပါး၊ သီလရှင် ၁၂ ပါးအနက် သံဃာ ၂၂၃ ပါး၊ သီလရှင် ၁၂ ပါး ဖြေဆိုကြပြီး ပျက်ကွက် သံဃာ ၅၅ ပါးဖြစ်သည်။ ထိုကျောင်း၌ပင် အခြေပြုမူလတန်း ဖြေဆိုခဲ့ရာ စာရင်းရှိ သံဃာ ၃၁၃ ပါး၊ သီလရှင် ခြောက်ပါးအနက် ဖြေဆို သံဃာ ၂၅၅ ပါး၊ သီလရှင်လေးပါးရှိပြီး ပျက်ကွက် သံဃာ ၅၈ ပါး၊ သီလရှင်နှစ်ပါးဖြစ်သည်။

ထို့ပြင် အမှတ်(၂၃)အခြေခံပညာအထက်တန်းကျောင်း၌ ပထမငယ်တန်း ဖြေဆိုခဲ့ရာ စာရင်းရှိ သံဃာ ၁၈၇ ပါး၊ သီလရှင်ငါးပါးအနက် ဖြေဆို သံဃာ ၁၇၀၊ သီလရှင်ငါးပါးရှိပြီး ပျက်ကွက်သံဃာ ၁၇ ပါးဖြစ်ကြောင်း ကြီးကြပ်ရေးအဖွဲ့၏ စာရင်းများအရ သိရသည်။

ထိုသို့စာမေးပွဲများဖြေဆိုရာ၌ မြို့နယ်ပါဠိပထမပြန်စာမေးပွဲကြီးကြပ်ရေး ဩဝါဒါစရိယဆရာတော်များ၊ အထူးကြီးကြပ်ဆရာတော်ကြီးများ၊ စာစစ်ဌာနအလိုက် ဥက္ကဋ္ဌဆရာတော်နှင့် ကြီးကြပ်ရေးဆရာတော်များ၊ မြို့နယ်ပညာရေးဌာနမှ ဆရာများက ကြီးကြပ်ဆောင်ရွက်ကြပြီး သာသနာတော် ထိန်းသိမ်းစောင့်ရှောက်ရေး ဆရာတော်များက စာဖြေဌာနပတ်ဝန်းကျင်နှင့် အခြားနေရာများ၌ မလိုလားအပ်သောဖြစ်စဉ်များ မဖြစ်ပွားစေရေးအတွက် လှည့်လည်ထိန်းသိမ်းကြပ်မတ်ကြသလို စေတနာရှင် အလှူရှင်များကလည်း ဖျော်ရည်မျိုးစုံနှင့် ရေသန့်များ လှူဒါန်းဆက်ကပ်ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# သရက်မြို့ အကျဉ်းထောင်နှင့် ရဲအချုပ်ခန်းများကို စစ်ဆေး

**သရက် မတ် ၃၀**

မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိန်ထွန်းနှင့် တာဝန်ရှိသူများသည် သရက်မြို့မရဲတပ်ဖွဲ့စခန်း အချုပ်ခန်းနှင့် သရက်အကျဉ်းထောင်တို့ကို မတ် ၂၈ ရက်က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်သည် သရက်ခရိုင်တရားသူကြီး ဒေါ်ခင်သန့်ဇင်၊ ခရိုင်ဥပဒေအရာရှိ ဦးကြည်ခင်၊ မြို့နယ်တရားသူကြီး ဒေါ်ရီရီလွင်တို့နှင့်အတူ သရက်မြို့မရဲတပ်ဖွဲ့စခန်း အချုပ်ခန်းနှင့် သရက်အကျဉ်းထောင်တို့ကို သွားရောက်ပြီး ပြစ်ဒဏ်ကျခံနေရသူများ အချုပ်တရားခံများအား တွေ့ဆုံကာ နေထိုင်ရေး၊ စားသောက်ရေး အခြေအနေများနှင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေများ၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သောအခွင့်အရေးများ ခံစားရမှုရှိ မရှိ၊ ဥပဒေနှင့်မညီဘဲ ပြုလုပ်ခံရမှုများ ရှိ မရှိ၊ အမှုများစစ်ဆေးရာတွင် မလိုအပ်ဘဲ ကြန့်ကြာနေမှုများရှိ မရှိတို့ကို မေးမြန်းပြီးနောက် အချုပ်ခန်းနှင့် အကျဉ်းထောင်အတွင်း လိုက်လံစစ်ဆေးခဲ့သည်။ ထို့နောက် တရားလွှတ်တော်တရားသူကြီးချုပ်နှင့် အဖွဲ့သည် ကံမမြို့သို့ ဆက်လက်သွားရောက်ပြီး ကံမမြို့မရဲစခန်း အချုပ်ခန်းကို စစ်ဆေးခဲ့ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

# တိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ(မူကြမ်း)ကို ကသာမြို့တွင် ချပြဆွေးနွေး

**ကသာ မတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ (မူကြမ်း)ကို ကသာခရိုင်အတွင်းရှိ ကသာ၊ အင်းတော်၊ ဗန်းမောက်၊ ထီးချိုင့်မြို့နယ်များမှ စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့မိမြို့ဖများအား ချပြဆွေးနွေးပွဲကို ကသာမြို့ရှိ ကြိုက်ခန်းမ၌ မတ် ၂၈ ရက်က ကျင်းပခဲ့သည်။



ဆွေးနွေးပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ ဥပဒေပြုရေးကော်မတီအတွင်းရေးမှူး ဒေါ်အေးမြမွန်နှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးစည်ပင်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မျိုးမျိုးသန်းနှင့် အဖွဲ့ဝင်များ၊ ကသာမြို့ စည်ပင်သာယာမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဇော်နှင့် အဖွဲ့ဝင်များ၊ ကသာ၊ အင်းတော်၊ ဗန်းမောက်နှင့် ထီးချိုင့်မြို့နယ်များရှိ စည်ပင်သာယာကော်မတီဝင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ စည်ပင်သာယာရေးဥပဒေ(မူကြမ်း)နှင့် ပတ်သက်၍ ချပြဆွေးနွေးပွဲကို မတ် ၂၉ ရက်တွင်လည်း ဆက်လက်ပြုလုပ်ပြီး ကသာခရိုင်အတွင်းရှိ ကောလင်း၊ ဝန်းသို၊ပင်လည်ဘူးမြို့နယ်များမှ စည်ပင်ကော်မတီဝင်များ၊ မြို့မိမြို့ဖများနှင့် ဆက်လက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**



# ပွင့်ဖြူမြို့၌ စာပေစကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ပွင့်ဖြူ မတ် ၃၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံပြည်သူလူထုထံ ငြိမ်းချမ်းရေး အသိပညာများ ဖြန့်ဝေပေးနိုင်ရန်နှင့် ငြိမ်းချမ်းရေး အသိအမြင်များ မျှဝေပေးနိုင်ရန် ရည်ရွယ်၍ မြန်မာ့ငြိမ်းချမ်းရေးဆိုင်ရာ ရည်ညွှန်းစာတမ်းများ စာအုပ်လှူဒါန်းပွဲနှင့် စာပေစကားဝိုင်းဆွေးနွေးပွဲကို မတ် ၂၈ ရက်က ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ မြန်မာ့ငြိမ်းချမ်းရေးဆိုင်ရာ ရည်ညွှန်းစာတမ်းများ စာအုပ်လှူဒါန်းခြင်းနှင့် စာပေစကားဝိုင်းဆွေးနွေးပွဲသို့ ပွင့်ဖြူမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်မေသန္တာအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အတွင်းရှိ ကျေးရွာများမှ စာကြည့်တိုက်မှူးများနှင့် စာကြည့်တိုက်ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး ရေနံချောင်းမြို့ မေတ္တာစမ်းရေ ငြိမ်းချမ်းရေးနှင့် လူမှုဖွံ့ဖြိုးရေးအဖွဲ့တာဝန်ခံ ဦးဇော်မင်းနိုင်က မြန်မာ့ငြိမ်းချမ်းရေးဆိုင်ရာ ရည်ညွှန်းစာတမ်းများ စာအုပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်နှင့် နိုင်ငံဖွံ့ဖြိုးရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းများတွင် ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် အခြေခံအချက်အလက်များကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာကြသူများက မိမိမြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေး၏ အရေးပါမှုအခြေခံအချက်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများ၏ အကြံပြုဆွေးနွေးမှုအပေါ် ရေနံချောင်းမြို့ မေတ္တာစမ်းရေငြိမ်းချမ်းရေးနှင့် လူမှုဖွံ့ဖြိုးရေးအဖွဲ့တာဝန်ခံ ဦးဇော်မင်းနိုင်က ဖြည့်စွက်ရှင်းလင်းကာ တက်ရောက်လာသူများအား မြန်မာ့ငြိမ်းချမ်းရေးဆိုင်ရာ ရည်ညွှန်းစာတမ်းများ စာအုပ်ကို ဖြန့်ဝေလှူဒါန်းပေးခဲ့သည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

# ငပုတောမြို့နယ်၌ ကျေးလက်အခြေပြု တိရစ္ဆာန်ကျန်းမာရေးလုပ်သားသင်တန်းဖွင့်

**ငပုတော မတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေးစီမံကိန်း၏ ဒုတိယနှစ်စက်ဝန်းစီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက် မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နိုင်ငံတကာ နယ်စည်းမခြားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ DRI တို့ ပူးပေါင်းကာ ကျေးလက်အခြေပြု တိရစ္ဆာန်ကျန်းမာရေးလုပ်သားသင်တန်း (community animal health worker)ကို ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ မတ် ၂၉ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူမင်းက ယခုသင်တန်းကိုဖွင့်လှစ်ပေးရခြင်းမှာ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရာတွင် ကြုံရနိုင်သော ဆုံးရှုံးမှုများကို တတ်နိုင်သမျှ လျှော့ချပေးရန်နှင့် တိရစ္ဆာန်များတွင် ရောဂါပိုးကူးစက်ပြန့်ပွားမှုလျော့ကျပြီး မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်မြင်လာစေရန်၊ တိရစ္ဆာန်ကူးစက်ရောဂါများကို ထိထိရောက်ရောက် ကာကွယ်စေနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၃၉ ဦးတက်ရောက်ပြီး သင်တန်းဆရာငါးဦးက နှစ်ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့သည်။

**လှမင်းထွဋ်(ပြန်/ဆက်)**

# ကရင်ပြည်နယ်တွင် GAP စိုက်စနစ်ကို စိတ်ဝင်စားလာ

**ဘားအံ မတ် ၃၀**

ကရင်ပြည်နယ်အတွင်း၌ စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ(GAP)စနစ်ဖြင့် စိုက်ပျိုးဆောင်ရွက်ခြင်း မရှိသေးသော်လည်း တောင်သူများအနေဖြင့် စိုက်ပျိုးရန် စိတ်ပါဝင်စားမှု ရှိလာကြပြီဖြစ်ကြောင်း ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်မောင်မောင်က ပြောသည်။

မတ် ၂၉ ရက်က ဘားအံမြို့ရှိ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ရုံးခန်းမတွင် ကျင်းပသည့် အော်ဂဲနစ်စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ(GAP)စနစ်အကြောင်း အသိပညာပေးဆွေးနွေးပွဲတွင် ဒုတိယပြည်နယ်ဦးစီးမှူးက ပြောကြားခြင်းဖြစ်သည်။ “တောင်သူတွေအနေနဲ့ GAP စနစ်ဖြင့် ဆောင်ရွက်နေတာ မရှိသေးဘူး၊ စိတ်ပါဝင်စားမှုတော့ ရှိလာပြီ၊ GAP နည်းစနစ်နဲ့ ဘာလို့ဆောင်ရွက်သင့်လဲဆိုတော့ စားသုံးသူတွေအနေနဲ့ ကျန်းမာရေးနဲ့ညီတဲ့ အစားအစာကို သုံးစွဲနိုင်မယ့်အတွက်ကြောင့် ဖြစ်တယ်၊ ဒီစနစ်နဲ့ဆောင်ရွက်ရင်တော့ ပြည်နယ်အတွင်းမှာရှိတဲ့ စိုက်ပျိုးရေးဦးစီးဌာနတွေကနေ လိုအပ်သောနည်းပညာ အကူအညီတွေ ပေးသွားမှာဖြစ်ပါတယ်”ဟု ၎င်းကပြောသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးက ဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ ဟင်းသီးဟင်းရွက် သစ်သီးဝလံ သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန ဦးစီးအရာရှိ ဒေါက်တာဝဏ္ဏာထွန်းက မိတ်ဆက်စကားပြောကြားခဲ့သည်။

ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရန်၊ ဓာတုကင်းလွတ်စိုက်ပျိုးရေးစနစ် ကူးပြောင်းနိုင်စေရန်၊ သီးနှံစတင်စိုက်ပျိုးရန် မြေရွေးချယ်သည်မှစ၍ စားသုံးသူလက်ဝယ်ရောက်သည်အထိ လူတို့၏ကျန်းမာရေးအတွက် အန္တရာယ်ဖြစ်စေမှုကို ကာကွယ်နိုင်သော စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများကို တောင်သူများသိရှိအောင် ဖြန့်ဝေပေးနိုင်ရန်နှင့် စီမံကိန်းပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန် ရည်ရွယ်ပြီး ဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် ဒေါက်တာဝဏ္ဏာထွန်းက GAP စနစ်ဖြင့် စတင်စိုက်ပျိုးချိန်မှ ရောင်းချသည်အထိ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ဓာတုဆေးများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ပိုးသတ်ဆေးအသုံးပြုမှု၏ ဆိုးကျိုးများနှင့် ပိုးသတ်ဆေးကို စနစ်တကျကိုင်တွယ်ပုံ၊ ဓာတုဆေးအသုံးပြုမှုကြောင့် ဖြစ်ပေါ်နိုင်သော အန္တရာယ်များ၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ စိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်အဆင့်ဆင့် စသည်တို့ကို စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံ တောင်သူလယ်သမားများထံ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မင်းရာဇာ**

# ဆယ်ကျော်သက်လူငယ်များ ပူးပေါင်းဆောင်ရွက်မှု ပိုမိုကောင်းမွန်လာရေး မကွေးမြို့၌ သင်တန်းများဖွင့်လှစ်

**မကွေး မတ် ၃၀**

မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် ဆယ်ကျော်သက် လူငယ်များ၏ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် သင်တန်းများကို ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၏ စီစဉ်မှုဖြင့် မကွေးမြို့ အမှတ် ၁ အခြေခံပညာ အထက်တန်းကျောင်း ပန်းဟေဝန်ခန်းမ၌ မတ် ၂၈ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း မကွေးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ သိရသည်။




အပူပိုင်းဒေသ ကျောင်းကျန်းမာရေးစီမံကိန်းများ(Power of Adolescents) စနစ် အကောင်အထည်ဖော်နိုင်ရေး၊ ဆယ်ကျော်သက်လူငယ်များအား ၂၁ ရာစု ပညာရေးအရည်အသွေးများဖြင့် ပျိုးထောင်ပေးရန်၊ ကျောင်းသား ကျောင်းသူတို့၏ ကာယဉာဏဖွံ့ဖြိုးမှုကို ဖော်ဆောင်ပေးမည့် Student clubs များ ပေါ်ထွက်လာစေရန်၊ student clubs တွင် လုပ်ဆောင်မည့် လုပ်ငန်းစဉ်များ၊ အစီအစဉ်များကို ကိုယ်ပိုင်စိတ်ကူးစိတ်သန်းဖြင့် ရေးဆွဲနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း တိုင်းဒေသကြီးပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဆရာကြီး ဦးအေးသောင်ထံမှ သိရသည်။

အပူပိုင်းဒေသကျောင်းကျန်းမာရေး စီမံကိန်းများ လှုပ်ရှားအကောင်အထည်ဖော်နေမှုနှင့်ပတ်သက်၍ ယူနီဆက်ဖ်မှ တာဝန်ရှိသူ ဒေါ်ခိုင်ခိုင်ရွှေကလည်း “နိုင်ငံတစ်နိုင်ငံရဲ့ တိုးတက်မှုအတွက် ပညာရေးက အခြေခံကျတဲ့အတွက် ပညာသင်ယူရာမှာ အထောက်ပံ့ဖြစ်စေဖို့နဲ့ အကောင်းဆုံးရလဒ်တွေကို ဖန်တီးပေးမယ့် ပုံစံသစ်ကို မျိုးဆက်သစ်တွေအတွက် ကျွန်မတို့ ရှာဖွေခဲ့ကြပါတယ်၊ ကျောင်းကို အခြေပြုပြီး ဆယ်ကျော်သက်လူငယ်တွေ အားလုံးပါဝင်နိုင်ရမယ် ကျောင်းတွင်းလုပ်ငန်းဖြစ်ရမယ်၊ မိမိတို့ရဲ့ ပြဿနာများနဲ့ ကျောင်းရဲ့လိုအပ်ချက်တွေက ဘာလဲဆိုတာ ရှာဖွေနိုင်တတ်လာအောင်၊ စိတ်ကူးစိတ်သန်းများ ပေါ်ထွက်လာအောင်၊ ဘာတွေလုပ်ချင်သလဲ၊ ဘာတွေလိုချင်သလဲ၊ မိမိတို့ရဲ့စိတ်ကူးစိတ်သန်းတွေကို လုပ်ငန်းအစီအစဉ်အဖြစ် ရေးဆွဲတတ်အောင်၊ အကောင်အထည်ဖော်တတ်အောင်နဲ့ စောင့်ကြည့်အကဲဖြတ်တတ်ဖို့၊ ပြန်လည်ပြင်ဆင်တတ်ဖို့ လိုပါမယ်”ဟု ဒေါ်ခိုင်ခိုင်ရွှေက ပြောသည်။

ပြဿနာများကို ဆန်းစစ်တတ်ခြင်း၊ လုပ်ငန်းများကို ဖန်တီးတတ်ခြင်း၊ ခေါင်းဆောင်တတ်ခြင်း၊ စီမံကိန်းများကို စီမံခန့်ခွဲတတ်လာခြင်း၊ မိမိတို့၏ စိတ်ကူးစိတ်သန်းများကို အခြားသူများအား ပြောပြတတ်လာခြင်း၊ အစုအဖွဲ့နှင့် လုပ်တတ်လာခြင်း စသည်တို့သည် ၂၁ ရာစု အရည်အသွေးများဖြစ်ကြောင်း၊ ထို့ကြောင့် ဆယ်ကျော်သက်လူငယ်များ၏ ပူးပေါင်းဆောင်ရွက်မှုကို ၂၁ ရာစု အရည်အသွေးများဖြင့် ပိုမိုတိုးတက် ကောင်းမွန်လာအောင် သင်တန်းများ ပို့ချပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းများကို မကွေးတိုင်းဒေသကြီးတွင် မကွေးဇုန်၊ သရက်ဇုန်နှင့် ပခုက္ကူဇုန်ဟု ဇုန်သုံးခုခွဲ၍ သင်ကြားပို့ချမည်ဖြစ်ပြီး မကွေးဇုန်တွင် ကျောင်းသား ကျောင်းသူ သင်တန်းသား ၇၀ ဖြင့် မတ် ၂၈ ရက်မှ ၃၀ ရက်အထိ ပို့ချကာ ပခုက္ကူဇုန်တွင် သင်တန်းသား ၆၀ ကို ဧပြီ ၂ ရက်မှ ၅ ရက်အထိလည်းကောင်း၊ သရက်ဇုန်တွင် သင်တန်းသား ၅၀ ကို ဧပြီ ၈ ရက်မှ ၁၁ ရက်အထိလည်းကောင်း ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း၊ သင်တန်းများသို့ မကွေးတိုင်းဒေသကြီးအတွင်းရှိ ပခုက္ကူ၊ ဂန့်ဂေါ၊ ဆိပ်ဖြူ၊ မြိုင်၊ သရက်၊ ဆင်ပေါင်ဝဲ၊ အောင်လံ၊ မင်းတုန်း၊ မကွေး၊ ပွင့်ဖြူ၊ ငဖဲ၊ မြို့သစ် မြို့နယ်များမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၈၀ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# မိတ္ထီလာတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ ရေသဘင်ပွဲတော်ကျင်းပ



**မိတ္ထီလာ မတ် ၃၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မိတ္ထီလာတက္ကသိုလ်မှ ဘာသာရပ်ပေါင်းစုံ ကျောင်းသား ကျောင်းသူများ၏ ရေသဘင်ပွဲတော်ကို မတ် ၂၉ ရက်က အဆိုပါတက္ကသိုလ်ကျောင်းဝင်းအတွင်း၌ ရေကစားမဏ္ဍပ်များ တည်ဆောက်၍ ကျင်းပခဲ့ပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စည်ကားသိုက်မြိုက် ပျော်ရွှင်စွာ ရေကစားခဲ့ကြောင်း သိရသည်။

မိတ္ထီလာတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ ရေသဘင်ပွဲကို ပါမောက္ခချုပ် ဒေါက်တာဘဟန်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် ဆရာ ဆရာမများ ကျောင်းသား ကျောင်းသူများက သင်္ကြန်သီချင်းများ ဖြင့် ဖျော်ဖြေ၍ ပျော်ရွှင်စွာ ရေကစားခဲ့သည်။

ထို့နောက် ဘာသာရပ်အလိုက် စတုဒိသာမဏ္ဍပ် ၁၂ ခု ဆောက်လုပ်၍ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက စတုဒိသာကျွေးမွေးညှော်ခံခဲ့ပြီး သင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာကျင်းပပြီး ရေပက်ကစားခဲ့ကြောင်း မိတ္ထီလာတက္ကသိုလ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြား သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# မလှိုင်မြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းဝေးရေး ဟောပြော

**မလှိုင် မတ် ၃၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျောက်တန်းကျေးရွာတွင် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများက မတ် ၂၈ရက် ညနေပိုင်းက ကွင်းဆင်းအသိပညာပေးဟောပြောခဲ့ကြသည်။

ပညာပေးဟောပြောရာတွင် စက်မှုဝန်ကြီးဌာန မန္တလေး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ လျှပ်စစ်စစ်ဆေးရေး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးကိုနှင့် ဝန်ထမ်းများ၊ မလှိုင်မြို့နယ် လျှပ်စစ်မန်နေဂျာရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆွေနှင့် ဝန်ထမ်းများက ကျေးလက်ဒေသများတွင် လျှပ်စစ်မီးရရှိလာပြီးနောက် မီးသုံးစွဲသူ ဒေသခံပြည်သူများအနေဖြင့် လျှပ်စစ်အန္တရာယ် ကင်းဝေးစေရေးအတွက် လျှပ်စစ်နှင့်ပတ်သက်သော ဆောင်ရန်ရှောင်ရန်များ လိုက်နာကျင့်သုံးသင့်သည့် အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန(မန္တလေး)မှ လက်ထောက်ညွှန်ကြားရေးမှူးက လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် လျှပ်စစ်အန္တရာယ်ကို အစဉ်အမြဲသတိပြုရန်၊ တာဝန်ရှိသူမဟုတ်ဘဲ ဓာတ်တိုင်များပေါ်သို့ မတက်ရန်၊ အိမ်တွင်း လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးအတွက် လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် သတိပြုရန်နှင့် ကိုင်တွယ်ပုံ၊ တပ်ဆင်ပုံ၊ ထိန်းသိမ်းပုံများကို ရှင်းလင်းပြောကြားသည်။ ထို့အပြင် လျှပ်စစ်အန္တရာယ်ဖြစ်ပေါ်စေတတ်သော အချက်များ တွေ့ရှိပါက နီးစပ်ရာ လျှပ်စစ်ဌာနသို့ သတင်းပေးရန်နှင့် ဓာတ်လိုက်ခံရသူများရှိပါက ရှေးဦးသူနာပြုနည်းတို့ကိုလည်း ရှင်းလင်းပြောကြားခဲ့သည်။

လျှပ်စစ်အန္တရာယ် အသိပညာပေးဟောပြောပွဲသို့ ကျောက်တန်းစံပြကျေးရွာမှ အုပ်ချုပ်ရေးမှူး ဦးစိုးကျော်၊ ကျေးရွာမီးလင်းရေးကော်မတီမှ ဦးဝင်းဆင့်၊ ဦးမြတ်လင်းဦးနှင့် ကျေးရွာသူ ကျေးရွာသားများ တတ်ရောက်ခဲ့သည်။ ကျောက်တန်းစံပြကျေးရွာတွင် အိမ်ခြေ ၇၀၀ ခန့်ရှိပြီး လျှပ်စစ်မီးသုံးစွဲနေသည့် အိမ်ထောင်စု ၂၀၀ ကျော်ရှိကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# ရမည်းသင်းမြို့၌ ထရန်စဖော်မာသစ်များတိုးချဲ့တည်ဆောက်

**ရမည်းသင်း မတ် ၃၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်အတွင်း ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ အသုံးပြုနိုင်စေရန် ရည်ရွယ်၍ မြို့ပေါ်ရပ်ကွက်ကြီး သုံးရပ်ကွက်တွင် ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ထိုထရန်စဖော်မာများကို Dragon Emperor Service ကုမ္ပဏီလီမိတက်၏ ရင်းနှီးမြှုပ်နှံမှုဖြင့် တိုးချဲ့တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ရွှေကူရပ်ကွက်တွင် ၂၀၀ ကေဗွီအေ တစ်လုံး၊ စီဗွီလိုင်းရပ်ကွက်တွင် ၂၀၀ ကေဗွီအေတစ်လုံး၊ အရေးပိုင်ရပ်ကွက်တွင် ၂၀၀ ကေဗွီအေ တစ်လုံးတို့ကို တည်ဆောက်တပ်ဆင် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါရပ်ကွက်များတွင် လျှပ်စစ်မီးသုံးသူဦးရေ များပြားလာခြင်း၊ ယခင်က မီးအားနည်းခြင်းတို့ကြောင့် အဆင်မပြေမှုများရှိခဲ့ရာမှ လျှပ်စစ်ထရန်စဖော်မာသစ်များ အသစ်တိုးချဲ့တည်ဆောက်ပေးခြင်းကြောင့် လျှပ်စစ်ဓာတ်အားကို အပြည့်အဝ ရရှိသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း၊ ဧပြီလဆန်းပိုင်း ပထမပတ်ထဲတွင် ထရန်စဖော်မာသစ်များကို လျှပ်စစ်ဓာတ်အားလိုင်းများချိတ်ဆက်၍ လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်တော့မည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမျိုးမြင့်ထံမှသိရသည်။

**တင်ဦး(ရမည်းသင်း)**

# ဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ဟားခါး၌ ကျင်းပ

**ဟားခါး မတ် ၃၀**

အာရှဒေသ သဘာဝဘေးကြိုတင်ပြင်ဆင်ရေးဌာန(ADPC)၊ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း(IOM)နှင့် ချင်းပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ချင်းပြည်နယ်အတွင်း ဘေးအန္တရာယ်အမျိုးမျိုးအတွက် ထိခိုက်ဆုံးရှုံးနိုင်ခြေ ဆန်းစစ်အကဲဖြတ်ချက် အလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၈ ရက်က ဟားခါးမြို့ရှိ မြို့နယ်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဝင် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အာရှဒေသ သဘာဝဘေးကြိုတင်ပြင်ဆင်ရေးဌာန (ADPC)နှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) တို့မှ တာဝန်ရှိသူများ၊ အသင်းတော်အသီးသီးမှ ဆရာတော်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က အမှာစကားပြောကြားပြီး အာရှဒေသ သဘာဝဘေး ကြိုတင်ပြင်ဆင်ရေးဌာန(ADPC) မှ တာဝန်ရှိသူတစ်ဦးက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရည်မှန်းချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အာရှဒေသ သဘာဝဘေးကြိုတင်ပြင်ဆင်ရေးဌာနမှ တာဝန်ရှိသူများက သဘာဝဘေးအမျိုးမျိုးကို ခြုံငုံလေ့လာခြင်းဆိုင်ရာ နည်းစနစ်နှင့် လုပ်ငန်းအဆင့်ဆင့်၊ အဓိက သဘာဝဘေးဖြစ်သော မုန်တိုင်း၊ မိုးရေချိန်နှင့် မိုးခေါင်ခြင်းဆိုင်ရာ လေ့လာဆန်းစစ်ချက်များနှင့် မြေပြိုခြင်း၊ ရေကြီးခြင်း၊ မြေငလျင်လှုပ်ခြင်း၊ တောမီးလောင်ခြင်း၊ မိုးခေါင်ခြင်းနှင့် အအေးလှိုင်းကျရောက်မှု လေ့လာဆန်းစစ်ချက် ခေါင်းစဉ်များဖြင့် ဆွေးနွေးတင်ပြကြကာ တက်ရောက်လာသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။



အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ကြိုတင်သတိပေးစနစ်များအပေါ် ဆန်းစစ်လေ့လာခြင်း၊ သဘာဝဘေးအမျိုးမျိုးအပေါ် ကြိုတင်သတိပေးစနစ်များနှင့် ဆိုင်ကလုန်း၊ မြစ်ရေကြီးခြင်း၊ မြေပြိုခြင်း၊ မိုးကြီးခြင်းများအတွက် စံထားဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်၊ မြေပြိုခြင်းဆိုင်ရာ ခံနိုင်စွမ်းရည်များ လေ့လာဆန်းစစ်ချက်များ၊ ချင်းပြည်နယ်အတွင်း မြေပြိုမှုနှင့်ပတ်သက်၍ စံထားဆောင်ရွက်သည့် လုပ်ငန်းများ ခွဲခြားစိတ်ဖြာခြင်း၊ ချင်းပြည်နယ် ဘေးအန္တရာယ်အမျိုးမျိုးအတွက် ထိခိုက်ဆုံးရှုံးနိုင်ခြေ ဆန်းစစ်အကဲဖြတ်ချက်ကို အခြေခံကာ ပြည်နယ် ဘေးအန္တရာယ်လျော့ပါးစေရေး၊ ကြိုတင်ကာကွယ်ရေး၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးနှင့် ပြန်လည်ထူထောင်ရေး အစီအမံများဖော်ထုတ်ခြင်းတို့ကို ဆွေးနွေးကြမည်ဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၃၀ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## မဟာစည်သာသနာ့ရိပ်သာ သင်္ကြန်ကာလ တရားစခန်းဝင်ရောက်မည့် ယောဂီများသိရှိရန်

၁။ ၇-၄-၂၀၁၈ရက်မှ ၁၇-၄-၂၀၁၈ရက်ထိ သင်္ကြန်တရားစခန်းကာလအဖြစ် သတ်မှတ်ပါသည်။

၂။ သင်္ကြန်ကာလ တရားစခန်း ဝင်ရောက်လိုသော ယောဂီများအား ၇-၄-၂၀၁၈ရက်မှ ၁၃-၄-၂၀၁၈ရက် (အကြိုနေ့)အတွင်း နံနက် ၉နာရီမှ ညနေ ၄နာရီ အထိ နေရာချထားရေးအဖွဲ့တွင် စာရင်းသွင်း ဝင်ရောက်နိုင်ပါသည်။ **လူဦးရေကန့် သတ်ထားပါ၍ သတ်မှတ် လူဦးရေပြည့်ပါက လက်ခံနိုင်မည်မဟုတ်ကြောင်း** သိစေအပ်ပါသည်။

၃။ တရားစခန်းဝင်မည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ် (မူရင်းနှင့် မိတ္တူ)၊ သင်္ကြန်ကာလ တရားစခန်း အလှူငွေ ၅၀၀၀ိ/-ဖြင့်စာရင်းပေးသွင်းပါရန် မေတ္တာရပ်ခံပါသည်။(ကျန်းမာရေး မကောင်းသူများနှင့် အသက် ၁၂နှစ်အောက် ယောဂီများလက်မခံပါ။) မှတ်ပုံတင် မရရှိသေးသော ၁၂နှစ်အောက်နှင့် ၁၈နှစ်ကြား ကျောင်းသား/ကျောင်းသူများ၊ ကျောင်းသားကတ်(မိတ္တူ)ယူဆောင်လာကြပါရန်။

၄။ သင်္ကြန်ကာလ တရားစခန်းရက်အတွင်း ရိပ်သာအတွင်းမှ ပြင်ပသို့ ထွက်ခြင်း၊ အိမ်ပြန်ခြင်းနှင့် **တယ်လီဖုန်းသုံးစွဲခွင့် လုံးဝ(လုံးဝ) ခွင့်ပြုမည်မဟုတ်ပါ။**

၅။ ဆက်သွယ်ရမည့်လိပ်စာ၊ ဖုန်းနံပါတ်များကို အပြည့်အစုံပေးရပါမည်။ ရိပ်သာမှ ချမှတ်ထားသော စည်းကမ်းများကို လိုက်နာနိုင်ရပါမည်။

**ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1D/5395 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊သန်လျင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4H/1842 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊သန်လျင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1F/6714 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် ဧပြီလမှ စက်တင်ဘာလအထိ၊ ပထမ (၆)လတွင် ဧရာဝတီ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး(ပုသိမ်)ညွှေ့ရိပ်သာ အထွေထွေမွမ်းမံပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းသည့် ကုမ္ပဏီများအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့် ပရိုဖိုင်တင်ပြရမည်ဖြစ်ပြီး တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ၃၀-၃-၂၀၁၈ရက်တွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး (ပုသိမ်မြို့)၌ စတင်ရောင်းချမည်ဖြစ်ပြီး ၃၀-၄-၂၀၁၈ရက် ညနေ ၁၆း၃၀နာရီနောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် သိရှိလိုသည့်အချက်အလက်များအား ရုံးချိန်အတွင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ဖုန်းအမှတ်-၀၄၂-၂၃၆၈၁သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ **တင်ဒါကော်မတီ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့**

## ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ ကျင်းပမည့်ရက်ကြေညာခြင်း

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ကြီးမှူးကျင်းပသည့် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကို ယခုနှစ် ၂၀၁၈ ခုနှစ် (၃၅)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ မှစ၍ နှစ်စဉ် ဧပြီ(၂၅၊ ၂၆၊ ၂၇)ရက်များတွင် ကျင်းပသွားမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးကိုကိုဌေး ၁၂/ဥကတ(နိုင်)၀၃၅၆၅၀၏ နိုင်ငံကူးလက်မှတ်အမှတ်(A.027489)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၃၀၆၈၃၁၃**










## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်-ကျောက်တန်းမြို့နယ်၊ သီလဝါစက်မှုဇုန်၊ မြေကွက်အမှတ်(၁၈)၊ ဧရိယာ ၁ဒသမ ၈၉၂ဧက၏ အမည်ပေါက် ဒေါ်စန်းစန်း တင့် ၁၂/တတန(နိုင်)၁၁၄၃၄၇ ထံမှ ဦးမောင်မောင်လွင် ၁၂/လသန(နိုင်) ၀၁၄၃၁၀၊ ဒေါ်တင်စန်း ၁၃/တကန (နိုင်)၀၆၇၉၈၀ တို့ကစာချုပ်စာတမ်းဖြင့် ဝယ်ယူခဲ့ပြီး ပိုင်ဆိုင်မှုအတွက် ဦးမောင် မောင်လွင်၊ ဒေါ်တင်စန်းတို့မှ ၎င်းတို့၏ အမည်များဖြင့် မြေငှားလိုင်စင်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနခွဲသို့ တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ-၆၊ မြေကွက်အမှတ်-၁၉၀/က၊ မြေကွက်တည်နေရာအမှတ်-၁၉၀/က၊ လှိုင်သစ္စာလမ်း၊ ၁၃ ရပ်ကွက်၊ လှိုင်သာယာမြို့နယ် (ဦးတင်ရှိန်) အမည်ပေါက်ပါမစ်မြေအား အမည်ပေါက်-ဦးတင်ရှိန်ဟု တင်ပြ၍ ဒေါ်နော်တာမလာဝါး ၁၂/အစန(နိုင်)၁၃၉၂၉၀မှ မြေချပါမစ်မူရင်းနှင့် အရောင်းအဝယ်အဆက်စပ်စာချုပ်စာတမ်းများ ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်တို့ကိုတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀မြေငှားဂရန်လျှောက်ထားရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပန်းဘဲတန်းမြို့နယ်၊ (၄) ရပ်ကွက်၊ ၂၈ လမ်း(အလယ်)၊ အမှတ် ၁၁၇ တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ် ၁၆စီ၂၊ မြေကွက်အမှတ် V Class 73၊ မြေအမျိုးအစား မြေပိုင်မြေ၊ အမည်ပေါက်(၁)အိုင်အီးမွန်ဆူး(ခ)မောင်မြင့်၊ (၂)ဖာတမာအီဘရာဟင်မွန်ဆူး(ခ)တင်တင်ဦး၊ (၃)မာမက်အီဘရာဟင်မွန်ဆူး(ခ)မောင်မိုးဆွေ၊ (၄) မာရီယံအီဘရာဟင်မွန်ဆူး(ခ)ရီရီလွင်၊ (၅) အီစွပ်အီဘရာဟင်မွန်ဆူး(ခ)မောင်မောင်၊ (၆) ကာဆင်အီဘရာဟင်မွန်ဆူး(ခ)မောင်အေးမောင်တို့ ဖြစ်ပါသည်။ ၎င်းတို့(၆)ဦးအနက်မှ အိုင်အီးမွန်ဆူး(ခ)မောင်မြင့် CC 009341 သည် ၄-၇-၁၉၉၅ ရက်တွင်လူပျိုကြီးဘဝဖြင့်လည်းကောင်း၊ ဒေါ်ဖာတမာအီဗာရာဟင်မွန်ဆူး(ခ)တင်တင်ဦး CC 009280 သည် ၁၈-၇-၂၀၁၃ရက်တွင် အပျိုကြီးဘဝဖြင့်လည်းကောင်း၊ ကာဆင်အီဘရာဟင်မွန်ဆူး(ခ)အေးမောင် F/RGN 015726 သည် ၁၉-၆-၂၀၁၂ ရက်တွင် လူပျိုကြီးဘဝဖြင့်လည်းကောင်း၊ မာမက်အီဘရာဟင်မွန်ဆူး(ခ)မောင်မိုးဆွေ ၁၂/ပဇတ(နိုင်)၀၂၅၃၅၅သည် ၁၁-၄-၂၀၀၇ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့သဖြင့် ကျန်မောင်နှမ (၂)ဦးဖြစ်သော အီစွတ်အီဘရာဟင်မွန်ဆူး(ခ)မောင်မောင် F/RGN 015724၊ မာရီယံအီဗရာဟင်မွန်ဆူး(ခ) ရီရီလွင် F/RGN 015725 နှင့် ကွယ်လွန်သူ မာမက်အီဘရာဟင်မွန်ဆူး(ခ) မောင်မိုးဆွေ၏အစုအတွက် ဇနီးဒေါ်ချိုချိုဝင်း ၁၂/ပဇတ(နိုင်)၀၀၃၁၃၀တို့မှ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် ၇၃/၂၀၁၆ ဖြင့် အမွေပုံစီမံခန့်ခွဲပေးစေလိုမှုကို စွဲဆိုခဲ့ရာတွင် ၄-၇-၂၀၁၆ရက် စီရင်ချက်နှင့် ပဏာမဒီကရီ၊ ၁၀-၇-၂၀၁၇ ရက် စီရင်ချက်နှင့် အပြီးသတ် ဒီကရီတို့အရ ဒေါ်ချိုချိုဝင်း၊ အီစွတ်အီဘရာဟင်မွန်ဆူး(ခ) မောင်မောင်၊ မာရီယံအီဘရာဟင်မွန်ဆူး (ခ)ရီရီလွင်တို့မှ အမွေဆက်ခံခွင့်ရှိသူများအဖြစ်ကျန်ရှိကြောင်း ကတိသစ္စာပြုလွှာ ထောက်ခံကတိသစ္စာပြုလွှာ ကွယ်လွန်သူတို့၏ သေစာရင်း လျှောက်ထားသူဒေါ်ချိုချိုဝင်းနှင့် အီစွတ်အီဘရာဟင်မွန်ဆူး(ခ)မောင်မောင်၊ မာရီယံအီဗရာဟင်မွန်ဆူး(ခ)ရီရီလွင်တို့ (၂)ဦးထံမှ GP အမှတ် ၇၁၄၄/၂၀၁၇ ဖြင့်ကိုယ်စားလှယ်လွှဲစာရရှိသူ ဦးအဗ္ဗဒူရာရှစ် ၁၂/ကတတ(နိုင်)၀၂၁၆၆၆မှ အထွေထွေကိုယ်စားလှယ်လွှဲစာအား လွှဲအပ်သူများသက်ရှိထင်ရှားရှိပြီး အဆိုပါကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းခြင်းမရှိသေးသည်မှာ မှန်ကန်ကြောင်း မြောက်ဥက္ကလာပမြို့နယ်တရားရုံး၏ ၂၂-၉-၂၀၁၇ ရက်နေ့ ကျမ်းကျိန်အရာရှိရှေ့မှောက်တွင် ပြုလုပ်သည့်ကတိသစ္စာပြုလွှာနှင့် မြေပေါ်ရှိ (၂)ခန်းတွဲ(၄)ထပ်တိုက်တွင်လျှောက်ထားသူ ကိုယ်တိုင်နေထိုင်ခြင်းမရှိခြင်းနှင့် အပျောက်ခန်းများရှိခြင်းကြောင့် တာဝန်ယူကြောင်း ၂၉-၁-၂၀၁၈ ရက် ကွင်းဆင်းဝန်ခံကတိတို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ်-၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ် (၁၄၇/င)၊ မြေကွက်တည်နေရာအမှတ်-(၁၄၇/င)၊ ဂန္ဓမာလမ်းသွယ် (၁)၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဦးကျော်ထွေး ၁၂/မဂဒ(နိုင်)၀၉၅၃၂၇ ကိုယ်တိုင်မှ ပေါင်းကူညာဏ ဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကို တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ် ပေါင်းကူညာဏ ဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ် ၄၄၆ အစိတ်အပိုင်း၊ မြေကွက်တည်နေရာအမှတ် ၄၄၆၊ စံပယ်လမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဒေါ်တင်ဆိုင် ၁၂/မဂဒ(နိုင်)၀၆၇၁၁၇ ကိုယ်တိုင်မှ ပေါင်းကူညာဏ ဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ်-၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ် (၁၄၇/ဇ)၊ မြေကွက်တည်နေရာအမှတ် - ၁၄၇/ဇ၊ အင်ကြင်းလမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဒေါ်စန်း ၅/ရဥန(နိုင်)၀၀၇၀၄၆ ကိုယ်တိုင်မှ ပေါင်းကူညာဏ ဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကို တင်ပြ၍ နှစ် ၆၀မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ်-၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ် (၃၆၁)၊ မြေကွက်တည်နေရာအမှတ် - ၃၆၁၊ စပယ်လမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဦးသိန်းထွန်း ၁၂/မဂတ(နိုင်)၀၀၄၇၃၂၊ ဒေါ်ဖြူဖြူသွင် (ခ) ဒေါ်ခင်စန်းဖြူ ၁၂/မဂတ(နိုင်)၀၀၅၃၈၂ တို့ ကိုယ်တိုင်မှ ပေါင်းကူညာဏ ဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကို တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ် ပေါင်းကူညာဏ ဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ် ၇၄၅/ခ၊ မြေကွက်တည်နေရာအမှတ် ၇၄၅/ခ၊ ဂန္ဓမာလမ်းသွယ်၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဦးထွန်းထွန်းနိုင် ၉/လဝန(နိုင်)၁၆၅၁၉၁ ကိုယ်တိုင်မှ ပေါင်းကူညာဏဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကို တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ် ပေါင်းကူညာဏ ဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ် ၆၉၇၊ မြေကွက်တည်နေရာအမှတ် ၆၉၇၊ ဂန္ဓမာလမ်းသွယ်(၄)လမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဒေါ်စန်းစန်းနွယ် (MGDN -၀၃၂၂၈၅) ကိုယ်တိုင်မှ ပေါင်းကူညာဏ ဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ် ပေါင်းကူညာဏ ဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ် ၆၆၆/က၊ မြေကွက်တည်နေရာအမှတ် ၆၆၆/က၊ ဂန္ဓမာလမ်းသွယ်၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဦးမျိုးနောင် ၁၂/တမန(နိုင်)၀၄၆၈၃၅ ကိုယ်တိုင်မှ ပေါင်းကူညာဏဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ်-၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ် (၂၁၃)၊ မြေကွက်တည်နေရာအမှတ်-၂၁၃၊ ဂန္ဓမာလမ်းသွယ်(၃)၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဦးမျိုးအောင် ၇/ရတရ(နိုင်) ၀၇၁၇၄၆ ကိုယ်တိုင်မှ ပေါင်းကူညာဏ ဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကို တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ် ပေါင်းကူညာဏ ဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ် ၁၁၀၊ မြေကွက်တည်နေရာအမှတ် ၁၁၀၊ အင်ကြင်း(၁)လမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဦးမျိုးညွန့် ၁၄/မအပ(နိုင်)၀၉၃၂၉၁ထံမှ အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်သူ ဒေါ်ဝင်းငွေ ၇/ပခန(နိုင်)၁၂၃၆၉၂မှ ပေါင်းကူညာဏ ဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ် ပေါင်းကူညာဏ ဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ် ၂၀၅ ၏ အစိတ်အပိုင်း မြေကွက်တည်နေရာအမှတ် ၂၀၅၊ ဂန္ဓမာလမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဦးစန်းလွင်ဦး ၉/မထလ(နိုင်)၂၅၅၂၃၃ ကိုယ်တိုင်မှ ပေါင်းကူညာဏ ဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာ အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကို တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ကိုမောင်မောင်ကျော်(ခ)ကိုဖိုးသာအောင်
### မဟောသီပါတိတ်ဆိုင်
### အသက်(၅၇)နှစ်

မန္တလေးမြို့၊ မဟာမြိုင် အပိုင်း(၁)၊ ၆၄လမ်း၊ ၃၉×၄၀လမ်းကြား၊ ဒ-၁၁/၂၅နေ (ဦးကျော်မောင်-ဒေါ်သောင်းသောင်းမေ) မဟောသီပါတိတ်တို့၏သား၊ ဦးခင်မောင်ကျော်-ဒေါ်အေးရွှေ၊ ဦးဝင်းမြင့်-ဒေါ်နွယ်နွယ်တို့၏ညီ/မောင်၊ မသီတာ၊ မသန်းသန်းအေး(အမက-၂၊ ချမ်းအေးသာစံ)၊ ကိုလှိုင်ထွန်းဦး-မမိုးမိုးကျော်၊ မစိုးစိုးကျော်၊ မအေးအေးသက်တို့၏အစ်ကို၊ တူ၊ တူမ ခုနစ်ယောက်တို့၏ဦးလေး၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂၉-၃-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၈ရက် (စနေနေ့) နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ကိုမောင်မောင်ကျော်(ခ)ကိုဖိုးသာအောင်
### မဟောသီပါတိတ်ဆိုင်
### အသက်(၅၇)နှစ်

မောင်သက်ဝေ(B.Sc Chemistry)၊မအိမွန်ကျော်(B.Sc Maths)၊ မောင်ဝင်းနိုင်စိုး(Yadanarbon FC)-မယုမွန်ကျော်၊ မောင်စိုးစိုးနိုင်(DSA Electronic)၊ မထက်ထက်နိုင်(City FM)၊ ဒုဗိုလ်ပြည့်လင်းဟိန်း (နေပြည်တော်၊ ခုတင်-၁၀၀၀)၊ မမေဦးမိုး(1st Year B.B.M NMDC, YGN)တို့၏ဦးလေး၊ မောင်အောင်သိခ်မောင်၊ မောင်ကောင်းခန့်စည်သူကျော်တို့၏အဘိုးသည် ၂၉-၃-၂၀၁၈ရက်(ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၈ရက်(စနေနေ့) နံနက် ၁၀နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သင်းသင်းလှိုင်(ခ)ဒေါ်စုလှိုင်
### အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ သမ္မတကွန်ဒိုမီနီယမ်၊ အခန်း(1B)နေ (ဦးတင်စိန်)-ဒေါ်လှကြည်တို့၏သမီး၊ (ဦးထွန်းခိုင်-ဒေါ်ထားရင်)တို့၏ချွေးမ၊ ဦးကံကောင်း (မန်နေဂျင်းဒါရိုက်တာ TECHNIQUE General Engineering Co.,Ltd.)၏ချစ်လှစွာသောဇနီး၊ ဦးမျိုးချစ်(ခ)ဦးကိုကိုနိုင်-ဒေါ်ဝင်းဝင်းသန်း၊ ဦးညီညီနိုင်-ဒေါ်သန်းသန်းလှိုင်တို့၏ညီမ၊ ကိုစိုးမြင့်နိုင်၊ မနှင်းမာလာ-ကိုသိန်းထွဋ်ဇော်၊ မဉမ္မာခိုင်၊ မသဉ္ဇာလှိုင်-ကိုအေးသန်းတို့၏အစ်မသည် ၂၉-၃-၂၀၁၈ရက် ညနေ ၃း၁၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်စိန်
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်းဘူတာရပ်ကွက်၊ ပန်းလှိုင်(၁)လမ်း၊ အမှတ် ၇နေ (ဦးလှဖေ)၏ဇနီး၊ ဦးမြင့်စိုး-ဒေါ်မြင့်မြင့်ဆွေ၊ ဦးငွေဝင်း(ညွှန်ကြားရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နေပြည်တော်)-ဒေါ်သိန်းသိန်းနွယ်(လယ်ပြု/ငြိမ်း)၊ ဒေါ်ခင်မမ(ခ)မချိုမာတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၃၀-၃-၂၀၁၈ရက် (သောကြာနေ့) နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၄-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်စိန်
### အသက်(၈၅)နှစ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နေပြည်တော် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးငွေဝင်း၏ဇနီး ဒေါ်သိန်းသိန်းနွယ်တို့၏မိခင် ဒေါ်ခင်စိန်သည် ၃၀-၃-၂၀၁၈ရက် နံနက် ၈း၁၅နာရီတွင် ရန်ကုန်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာခင်စန်းမော်
### ကထိက၊ ဥပဒေပညာဒါန
### မော်လမြိုင်တက္ကသိုလ်
### အသက်(၄၃)နှစ်

ယခင် ရန်ကုန်အဝေးသင်တက္ကသိုလ် ဥပဒေပညာဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သော ဒေါက်တာခင်စန်းမော်သည် ၂၇-၃-၂၀၁၈ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ယူကျုံးမရ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Online PGDL, 5th Batch (2015-2016)**
**ကျောင်းသားကျောင်းသူများ**
**ရန်ကုန်အဝေးသင်တက္ကသိုလ်**

## ဒေါ်ခိုင်ဖြူလင်း
### အသက်(၃၅)နှစ်

ရန်ကုန်မြို့၊လှိုင်သာယာ၊ အလုံမြို့နယ်နေ ဦးအောင်မောင်း(ခ)ဦးက္ကန္ဒာဝုစ-ဒေါ်မူမူအေးတို့၏သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဗိုလ်မှူးကြီးညီညီ(ငြိမ်း)-(ဒေါ်မိမိသန်း)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မဟာဗန္ဓုလလမ်းသွယ်၊ အမှတ် ၃၄နေ ဗိုလ်ကြီးမျိုးမင်းဇင်(သမက ၁/၃၀၀)၏ချစ်လှစွာသောဇနီး၊ မဆုမေဇင်ထက်၏မိခင်၊ ဒေါ်သွဲ့နန္ဒာအေးအောင်၊ ဒေါ်စုဝါလွင်တို့၏ညီမ၊ ဦးဟန်လင်းအောင်၏အစ်မသည် ၃၀-၃-၂၀၁၈ရက်(သောကြာနေ့)နံနက် ၁၀း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၈ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၄-၂၀၁၈ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးပြုံးမောင်ဝင်း
### ပထမတန်းပါရဂူ(ခွဲစိတ်)
### အသက်(၃၄)နှစ်

နာဂကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်းယွန်းမြို့တွင် တာဝန်ထမ်းဆောင်ရင်း ၂၅-၃-၂၀၁၈ရက်တွင် ရုတ်တရက် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်း....ကောင်းရာသုဂတိလားပါစေ။

**တပ်မတော်ဆေးတက္ကသိုလ်**
**ဆေးပညာဘွဲ့ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈)မှ သူငယ်ချင်းများ**

### ခရစ်တော်၌အိပ်ပျော်ခြင်း
## စောစားတာ(ခ)စောစံလင်း
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊တောင်သူကုန်းရပ်ကွက်၊ တောင်သူကုန်းလမ်း၊ အမှတ် ၃၄နေ(ဦးဘထွန်းလှိုင်-နော်မူမူ)တို့၏သား၊ (ဦးသိန်းလွင်-ဒေါ်ပုလဲ)တို့၏သားသမက်၊ နော်ခင်မေလွင်၏ခင်ပွန်း၊ စောသိန်းထွန်းလင်း-နော်နောထူး၊ စောသက်နိုင်လင်း၊ စောထွန်းထွန်းလင်း-မသီသီအောင်၊ နော်သီတာလင်း၊ စောလင်းလင်း-မသဲပွင့်အေး၊စောထက်အောင်လင်း(ခ)စောကီးတူ-နော်သဒ္ဒါပလယ်(ခ)နော်ရှိ့စ်ဘတ်တို့၏ဖခင်၊မြေးကိုးယောက်တို့၏အဘိုးသည် ၃၀-၃-၂၀၁၈ရက် (သောကြာနေ့) နံနက် ၂း၅၂ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂-၄-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၉နာရီတွင် တောင်သူကုန်းကရင်နှစ်ခြင်းခရစ်ယာန်အသင်းတော်၌ဝတ်ပြုဆုတောင်းပြီး ထိန်ပင် ကရင်နှစ်ခြင်းခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ငွေခင်
### အသက်(၉၀)

ရန်ကုန်မြို့၊ သမိုင်း (၂)ရပ်ကွက်၊ မာလာလမ်း၊ အမှတ် ၄၁/၄၂နေ (ဦးနီ)၏ဇနီး၊ ဦးမောင်အေး-ဒေါ်ရီရီဝင်း၊ ဦးခင်မောင်သန်း - ဒေါ်ယဉ်ယဉ်ရွှေ၊ ဦးကြည်အေး၊ဒေါ်စန်းစန်းဦး၊ ဦးဘီဘီ-ဒေါ်မြမြရီ၊ဦးသန်းရွှေ-ဒေါ်ငွေငွေဝင်း၊ (ဦးငွေဝင်း)-ဒေါ်ခင်ဝင်းရီ၊ ဒေါ်ခင်အေးရီ၊ ဒေါ်နီနီအေးတို့၏မိခင်၊ မြေး ၁၆ယောက်တို့၏အဘွားသည် ၂၉-၃-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တဓမ္မောဝါဒ
### ဓမ္မာနုဓမ္မ မဟာဒွါရ သြဝါဒါစရိယ
### သက်တော်(၉၃)နှစ်၊ သိက္ခာတော်(၇၃)ဝါ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မူလဥယျာဉ်တိုက်၊ ဇမ္ဗူထိန်လင်းကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော်ကြီးသည် (၁၃၇၉ခုနှစ် တန်ခူးလဆန်း ၁၃ရက်) ၂၉-၃-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၇း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (တန်ခူးလပြည့်ကျော် ၂ရက်) ၂-၄-၂၀၁၈ရက် (တနင်္လာနေ့)တွင် အန္တိမဈာပနသာခုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပပြီး မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ

## ဦးလှမြင့် (ပန်းတနော်)
### အခွန်ဦးစီးဌာန
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ဧရာဝတီလမ်း၊ အမှတ် ၃၈(ပထမထပ်)နေ (ဦးဘသိန်း-ဒေါ်ချစ်မေ)တို့၏သား၊ ဒေါ်စန်းရီ၏ခင်ပွန်း၊ ဦးသန်းငွေ-ဒေါ်မြင့်မြင့်ရီတို့၏အစ်ကို၊ ဦးအောင်ကျော်-ဒေါ်တင်မိုးအေး၊ ဦးရဲထွေးကြည်-ဒေါ်နီလာ၊ ဦးနိုင်မင်းဦး-ဒေါ်ယဉ်ယဉ်ချိုတို့၏ဖခင်၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၉-၃-၂၀၁၈ရက် ညနေ ၃း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၈ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးလှမြင့် (ပန်းတနော်)
### အခွန်ဦးစီးဌာန
### အသက်(၈၁)နှစ်

မယ်ဒီလန်းဆေးရုံကြီး၏ Managing Director ဖြစ်သူ ဦးအောင်ကျော်၏ဖခင် ဦးလှမြင့်(ပန်းတနော်)သည် ၂၉-၃-၂၀၁၈ရက် ညနေ ၃း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းမိသားစုများ**
**မယ်ဒီလန်းဆေးရုံ၊ ထားဝယ်မြို့**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လှရီ
### အသက်(၇၄)နှစ်

သူငယ်ချင်း Captain ဦးဝင်းလှိုင်(BASSAKA-Air-Combodia)-ဒေါ်မြင့်မြင့်စိုးတို့၏မိခင် ဒေါ်လှရီ အသက်(၇၄)နှစ်သည် ၂၉-၃-၂၀၁၈ရက် နံနက် ၅း၃၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၈)မှ**
**သူငယ်ချင်းမိသားစုများ**

## ဒေါ်ခင်သန်းမြင့် (ဓနုဖြူ)
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေဘိုလမ်း၊ အမှတ် ၃၇၁(ခ)နေ ဦးအုန်းသွင်၏ဇနီး၊ ဦးဝဏ္ဏသွင်-မလှယမင်း၊ ကိုကျော်စွာသွင်-မအေးအေးနိုင်၊ ကိုဇေယျာလင်း-မဇင်မာသွင်၊ ကိုစိုးကိုထက်-မအေးငြိမ်းသွင်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၂၉-၃-၂၀၁၈ရက် (ကြာသပတေးနေ့)နံနက် ၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၈ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါတောင်ဥက္ကလာပနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်စန်းစန်းခိုင်
### အလပြ၊ ဆရာမ(ငြိမ်း)
### အထက(၂)ဒဂုံ (မြို့မကျောင်း)
### အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၉)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် ၉၁/၁၀၅၊ အခန်း F-၇ နေ ဦးကြည်-ဒေါ်မြအေးတို့၏သမီး၊ ဦးခင်မောင်ကြည်-ဒေါ်အေးအေးရီ(တရားလွှတ်တော်ရှေ့နေ)၊ ဦးတင်မောင်ကြည်-ဒေါ်ဇင်ဇင်မော်၊ ဒေါ်မိမိလှိုင်(တရားလွှတ်တော်ရှေ့နေ)၊ ဒေါ်မိမိကြိုင်တို့၏အစ်မ၊ မောင်ဖြိုးကျော်ခိုင် (MPPE-ငြိမ်း)၊ မမြကေခိုင် (PISM)တို့၏ မိခင်သည် ၃၀-၃-၂၀၁၈ရက် နံနက် ၁၁း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၈ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၇နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
## ဦးမြငွေ (ကျောက်ပန်းတောင်းမြို့)
### အသက်(၆၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၂၇)ရပ်ကွက်၊ ရွှေပင်လုံအပိုင်း(၂)၊ ရွှေပင်လုံအိမ်ရာနေ ဦးစိုးလှိုင်-ဒေါ်နီနီတို့၏ညီ ဦးမြငွေ (ကျောက်ပန်းတောင်းမြို့)သည် ၂၄-၃-၂၀၁၈ရက် နံနက် ၇း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဘုရင့်နောင်(၁၈)မှ သူငယ်ချင်းတစ်စု**

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား ကြိုဆိုပွဲအခမ်းအနား ကျင်းပ



နိုင်ငံတော်သမ္မတအား ကြိုဆိုပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် တက်ရောက်ကြသူများအား တွေ့ရစဉ်။ သတင်းစဉ်

**နေပြည်တော် မတ် ၃၀**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား ကြိုဆိုပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချိုတို့သည် သမ္မတအိမ်တော်သို့ရောက်ရှိလာရာ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဇနီးအား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတအား သံတမန်ဆောင်ဧည့်ခန်းမ၌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဦးအုန်းဝင်း၊ ဦးဝင်းခိုင်၊ ဦးခင်မောင်ချို၊ ဒေါက်တာသန်းမြင့်၊ ဒေါက်တာမျိုးသိမ်းကြီး၊ စာမျက်နှာ ၅ ကော်လံ ၁ ✻

## လေအေးနှင့် လေနွေးများ စုဆုံမှုကြောင့် နေရာကွက်ကျားမိုးရွာနိုင်

**နေပြည်တော် မတ် ၃၀**

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှလာသော လေအေးများနှင့် ဘင်္ဂလားပင်လယ်အော်မှလာသော လေနွေးများစုဆုံမှုကြောင့် ဧပြီ ၁ ရက်မှ ၆ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့်ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ (မိုး/ဇလ)

## YBS ယာဉ်လိုင်းသုံးခု ဧပြီလဆန်းပိုင်းတွင် တိုးချဲ့ပြေးဆွဲပေးမည်

**ရန်ကုန် မတ် ၃၀**

ရန်ကုန်မြို့ခရီးသွားပြည်သူများ သွားလာမှု လွယ်ကူအဆင်ပြေစေရေးအတွက် YBS ယာဉ်လိုင်း သုံးခုကို ဧပြီလဆန်းပိုင်းအတွင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ခရီးသည်ပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

ရန်ကုန်ဘတ်စ်ကားအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (YBPC) ၏ အထူးအထွေထွေအစည်းအဝေးနှင့် ဒုတိယအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို မတ် ၃၀ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မြေပဒေသာဥယျာဉ်ဝင်း Dolphin Restaurant ၌ကျင်းပစဉ် ဒေါက်တာမောင်အောင်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး၊ ရန်ကုန်ဘတ်စ်ကားအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာများနှင့် အစုရှယ်ယာရှင်များ တက်ရောက်ကြသည်။

"ကျွန်တော်တို့အနေနဲ့ ပြည်သူလူထု သွားလာမှုအဆင်ပြေစေဖို့အတွက် ဥက္ကံ၊ တိုက်ကြီးဘက်ကို ယာဉ်လိုင်းတစ်လိုင်း၊ လှော်ကား အခြေပြုတဲ့ စာမျက်နှာ ၁၁ ကော်လံ ၆ ❑

### ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန် ရွေးချယ်ခံရသူများစာရင်း ကြေညာ

စာမျက်နှာ - ၁၁

### မြောက်ကိုရီးယားခေါင်းဆောင်နှင့်အတူ ဆွေးနွေးမှုမှ များစွာ မျှော်လင့်ထားကြောင်း ထရန့်ဖော်ပြ

စာမျက်နှာ - ၁၄